ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ တည်ထောင်ထုတ်ဝေသည်။ Established in 1957


**နိဗ္ဗာန်၌သာမွေ့လျော်ကြကုန်**

လူမိုက်တို့သည် အသပြာမိုးရွာသွန်းပေးသဖြင့်လည်း ကာမမှုတို့၌ ရောင့်ရဲတင်းတိမ်မှုတို့သည် မရှိကုန်။ အမြဲလိုအပ်လျက်သာ ရှိကုန်၏။ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ပညာရှိတို့သည်ကား နတ်၌ဖြစ်သော ကာမတို့၌လည်း မွေ့လျော်ခြင်းမရှိကြကုန်။ တဏှာ ကုန်ရာ နိဗ္ဗာန်၌သာလျှင် မွေ့လျော်ကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၇)

၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 9 January 2017 (၈၈၀၁)


မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေမည်
စာမျက်နှာ - ၈

မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားများ အကြမ်းဖက်တိုက်ခိုက်ခံရသည့်ဖြစ်စဉ်နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်း
စာမျက်နှာ - ၉

ချာရတီဖလား မကွေးဆွတ်ခူး
စာမျက်နှာ - ၁၂


# တောင်ကုတ်ဒီဂရီကောလိပ်၌ ဘာသာရပ်ဌာနကြီး ရှစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ဂုဏ်ထူးတန်းများအထိ သင်ကြားပေးနိုင်ပြီဖြစ်




ဒုတိယသမ္မတ ဦးမြင့်ဆွေ တောင်ကုတ်ဒီဂရီကောလိပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် ဂွ၊ သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင်၊ ကျောက်ဖြူ အမ်းနှင့် တောင်ကုတ် စသည့် ဒေသတစ်ဝန်းမှ ပညာသင်ကြားလိုသူများအတွက် အခွင့်အလမ်း ပွင့်လန်းစေမည့် တောင်ကုတ် ဒီဂရီကောလိပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ကျောင်းအုပ်ကြီး ဒေါက်တာဝင်းနိုင်တို့က ဒီဂရီကောလိပ် မုခ်ဦးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက တောင်ကုတ်ဒီဂရီကောလိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**တောင်ကုတ်ဒီဂရီကောလိပ်သည် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးအနီး မြေဧက ၂၁၂ ဒသမ ၂၀ ကေပေါ်တွင် တည်ရှိပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ကုတ်ကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ခဲ့။**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နှစ်သစ်ကူးပြောင်းစကာလတွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး တောင်ကုတ်ကောလိပ်အား ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယခင်က ရခိုင်ပြည်နယ်၌ စစ်တွေတက္ကသိုလ်တစ်ခုတည်းကိုသာ အားထားရပ်တည်ခဲ့ရပါကြောင်း၊ တောင်တန်းများ အထပ်ထပ်ကာရံထားသည့်ဒေသ၊ မြစ်ချောင်းအင်းအိုင် အဆီးအတားများလွန်းသည့်ဒေသတွင် ဒေသခံများ အနေဖြင့် ပြည်နယ်မြောက်ပိုင်းတွင် အခြေစိုက်သော စစ်တွေတက္ကသိုလ်၌ ပညာသင်ကြားနိုင်ရေးအတွက် ခက်ခဲပင်ပန်းခဲ့ကြရပါကြောင်း၊ ငွေကြေးအခက်အခဲ၊ ခရီးလမ်းပန်းအခက်အခဲများသည် ပညာရှာလိုသူများကို အဟန့်အတားဖြစ်စေခဲ့ပါကြောင်း။

အဆိုပါ အဆင်မပြေမှုများ ပြေလည်စေရန်အတွက် တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် ၂၀၁၂ ခုနှစ်တွင် တောင်ကုတ်ကောလိပ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ တောင်ကုတ်ဒေသကိုအခြေခံ၍ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသသာမက ပြည်နယ်တစ်ခုလုံးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး ရှေ့ရောက်ရန်

စာမျက်နှာ ၃ ကော်လံ ၁ သို့

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(ကြေးမုံ)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# မြို့တော်ပြုပြင်ပြောင်းလဲရေးကို ကြိုဆို

ရန်ကုန်မြို့တော်သည် လူဦးရေအထူထပ်ဆုံး၊ စီးပွားရေးလုပ်ငန်းအများဆုံးရှိသည့် မြို့တော်ဖြစ်သည်။ လူဦးရေ သိပ်သည်းထူထပ်မှုနှင့်အတူ နေရေးထိုင်ရေး၊ သွားရေးလာရေးနှင့် လူမှုဘဝလုံခြုံရေးတို့တွင် စိန်ခေါ်မှုများစွာရှိသည်။ အဆိုပါအခက်အခဲများကို ခေတ်အဆက်ဆက်ဖြေရှင်းခဲ့ကြသော်လည်း အလုံးစုံထိရောက်သော ပြေလည်မှုရရှိခြင်းမရှိသေးချေ။

လတ်တလောတွင် ရန်ကုန်မြို့နေပြည်သူများ နေ့စဉ်ခရီးသွားလာရေး၌ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို အဆင်ပြေချောမွေ့စေရေးအတွက် အစီအစဉ်တစ်ရပ်စတင်ဆောင်ရွက်တော့မည်ဟု ကြားသိရပေသည်။ ရန်ကုန်ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲရေးအစီအစဉ်သစ်သည် ရန်ကုန်မြို့နေ ပြည်သူများအတွက် အမှန်တကယ်အဆင်ပြေလိမ့်မည်ဟု မျှော်လင့်ပါသည်။

မူလက ရှုပ်ထွေးပွေလီလှသည့် ရန်ကုန်ယာဉ်လိုင်းပေါင်းမြောက်မြားစွာတွင် စည်းကမ်းတကျပြေးဆွဲမှုမရှိသည့် ယာဉ်လိုင်းများ၊ ခရီးသွားပြည်သူများအား စိတ်ရောကိုယ်ပါအနှောင့်အယှက်ဖြစ်စေသည့်အပြင် အချို့ယာဉ်လိုင်းများအနေဖြင့် အန္တရာယ်ပြုခြိမ်းခြောက်နှောင့်ယှက်ခြင်းအထိဖြစ်လာခဲ့ရာ မခံမရပ်နိုင်သော ပြည်သူအချို့က ပြန်လည်တုံ့ပြန်ရန်အထိ စီစဉ်လာကြသည်ကို တွေ့ရသည်။

ထိုကဲ့သို့သောအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်စီစဉ်ခြင်းသည် ကောင်းမွန်သောလက္ခဏာဖြစ်၍ အဆိုပါယာဉ်လိုင်းများတွင် အသစ်တာဝန်ယူဆောင်ရွက်မည့်သူများအားလုံးက အဆိုပါအစီအစဉ်သစ်အောင်မြင်အောင် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းကြီးကြပ်ရေးကော်မတီ လက်အောက်တွင် ယာဉ်လိုင်းအဖွဲ့ကြီးပေါင်း ၁၈ ဖွဲ့၊ ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိရာမှ ခရီးလမ်းကြောင်းတူ ဘတ်စ်ကားလိုင်းများကို စနစ်တကျစုစည်းကြပ်မတ်ကာ လိုင်းပေါင်း ၆၀ ခန့်ဖြင့် ပြုပြင်ပြောင်းလဲရေးကို စတင်မည်ဖြစ်သည်။

ယခုအစီအစဉ်သည် မူလယာဉ်လိုင်များကို အပြီးဖျက်သိမ်းပြီး ဘတ်စ်ကားအသစ်များဝယ်ယူခြင်း၊ အစားထိုးခြင်းနှင့် အများပိုင်ယာဉ်လိုင်းများဖွဲ့စည်းထူထောင်ခြင်း၊ အစုအဖွဲ့များအလိုက် ယာဉ်လိုင်းကြောများ စနစ်တကျပြေးဆွဲစေခြင်း၊ ယာဉ်အိုယာဉ်ဟောင်းများကို လဲလှယ်ကာ ကားသစ်များဝယ်ယူခြင်း၊ အစိုးရ၏ မတည်ရင်းနှီးငွေဖြင့် အများပိုင်ယာဉ်လိုင်းများပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းအပြင် လက်ရှိပြေးဆွဲနေသော ယာဉ်လိုင်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာ၌ ယခင်က စည်းကမ်းတကျပြေးဆွဲနေသော ယာဉ်လိုင်းများလည်းရှိမည်ဖြစ်ရာ အဆိုပါယာဉ်လိုင်းများအနေဖြင့်လည်း အသစ်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်မည့် သယ်ယူပို့ဆောင်ရေးစနစ်တွင် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ စနစ်တကျပါဝင်ဆောင်ရွက်သင့်သည်။ ယာဉ်ပိုင်ရှင်များအနေဖြင့် ယခင်ကဲ့သို့ မျက်နှာလွှဲခဲပစ်အဖြစ်မျိုးမဖြစ်စေဘဲ ယာဉ်ပြေးဆွဲရာတွင် အဓိကကျသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အနေဖြင့် ခရီးသွားပြည်သူများအပေါ်တွင် စိတ်ရှည်သည်းခံလမ်းကြောင်းမှန်စွာဖြင့် ယဉ်ယဉ်ကျေးကျေးဆက်ဆံနိုင်သူများကိုသာ ရွေးချယ်တာဝန်ပေးရမည့်အပြင် ထိုသို့ဆောင်ရွက်ခြင်းရှိ၊ မရှိကိုလည်း နေ့စဉ်စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားသင့်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်ကြသော ပြည်သူများအနက် နေ့စဉ်ခရီးသွားလာနေသောပြည်သူများမှာ လူဦးရေ နှစ်သန်းခန့်စီးနင်းသွားလာနေကြရာ ထိုမျှများပြားသော ပြည်သူများအား ခရီးသွားဝန်ဆောင်မှုပေးရာတွင် စိတ်ရှည်သည်းခံခြင်းသည် အလွန်အရေးကြီးသည်။ ထို့အတူ ခရီးသွားပြည်သူများအနေဖြင့်လည်း သယ်ယူပို့ဆောင်ရေးအစီအစဉ်အသစ်တွင် နိုင်ငံကြီးသားပီသစွာဖြင့် စည်းကမ်းတကျလိုက်ပါစီးနင်းခြင်းဖြင့် အစီအစဉ်သစ်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။




## ပေါင်းတည်မြို့နယ်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ပေါင်းတည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ယနေ့ မွန်းလွဲပိုင်းက ပေါင်းတည်မြို့မဈေးကြီးနှင့် ရွှေတည်ဈေးနှစ်ခု၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များဖြင့် မီးဘေးကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့် (မြို့နယ်မီးဘေးအန္တရာယ်ကာကွယ်ရေးဥက္ကဋ္ဌ)၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဈေးကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



Yangon Books Street
စနေ-တနင်္ဂနွေ
ရန်ကုန်စာအုပ်လမ်းတွင်
လေ့လာဝယ်ယူနေကြသော
စာပေ ဝါသနာရှင်များနှင့်
စည်ကားနေသည်ကို
ဇန်နဝါရီ ၈ ရက်က
တွေ့ရစဉ်။
(ဓာတ်ပုံ- ဇော်မင်းလတ်)

## ပုသိမ်မူလတန်းကြိုကျောင်း ကာယစွမ်းရည်ပြိုင်ပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ပုသိမ်မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များအား ခန္ဓာကျန်းမာသန်စွမ်းမှု၊ ကြံ့ခိုင်မှု၊ လျင်မြန်ဖျတ်လတ်မှုနှင့် ခန္ဓာကိုယ်ကို ဟန်ချက်ညီထိန်းတတ်စေရန်ရည်ရွယ်၍ ရင်သွေးငယ်ကာယစွမ်းရည်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အလက(၂)အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အားကစားပွဲစဉ် (၂၄)ပွဲကို ရင်သွေးငယ် ၂၈၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထွန်းအောင်၊ ဒေါ်ခင်မိမိုအေး၊ မူလတန်းကြိုကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**




**ပညာမြင့်မှ လူမျိုးတင့်မည်**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

○ **ရှေ့ဖုံးမှ**
မိမိတို့အနေဖြင့် ပညာအုတ်မြစ် ခိုင်ခိုင်ချနိုင်ရန်လိုအပ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သော တောင်ကုတ်ကောလိပ်သည် ယခု ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ချိန်တွင် နေ့သင်တန်းကျောင်းသား ၁၆၀၀ ကျော်၊ အဝေးသင်ကျောင်းသား ၅၀၀၀ နီးပါး ပညာရှာမှီးဆည်းပူးနိုင်သည်မှာ ကျက်သရေမင်္ဂလာရှိလှပါကြောင်း၊ ကျောင်းသား ကျောင်းသူ ၆၀၀၀ ကျော်၊ ၇၀၀၀ နီးပါး ဝေးလံခေါင်ဖျားဒေသများမှ ငွေကုန်ကြေးကျများစွာဖြင့် ခက်ခက်ခဲခဲ မသွားရဘဲ ပညာသင်ကြားနိုင်သည့်အတွက် ၎င်းတို့၏ မိဘများနှင့် အားလုံးအတွက် ကျေနပ်ပီတိဖြစ်ရပါကြောင်း၊ တောင်ကုတ်ဒီဂရီကောလိပ်၌ ဘာသာရပ်ဌာနကြီး ရှစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ဂုဏ်ထူးတန်းများအထိ သင်ကြားပေးနိုင်ပြီဖြစ်ပါကြောင်း။

ယခု ၂၀၁၇ ခုနှစ်၌ ငါးနှစ်သားဝန်းကျင်သာရှိသေးသည့် ကျောင်းဖြစ်သည့်အတွက် အခက်အခဲ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်တစ်ခုအနေဖြင့် ခိုင်ခိုင်မာမာရပ်တည် ဖွံ့ဖြိုးတိုးတက်လာရန် ပြည်သူလူထု၊ မိဘ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ညီညီညွတ်ညွတ်နှင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီနေပါကြောင်း၊ ပညာရေးကဏ္ဍကို အဓိကဖော်ဆောင်နေသူများသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများဖြစ်ပါကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ ပြောင်းလဲနေသော ပညာရေးရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ကြိုးပမ်းရာ၌ အခြေခံလိုအပ်ချက်များဖြစ်သည့် ဆရာနှင့် ကျောင်းသားများ အတန်းမှန်ရန်၊ သင်ကြားရာတွင်လည်း ဆရာ ဆရာမများက လက်တွေ့ကျကျသင်ကြားပို့ချပြီး ကျောင်းသားကျောင်းသူများအနေဖြင့် လက်တွေ့ဘဝတွင် အသုံးချနိုင်ရန်၊ မိမိတတ်မြောက်ထားသော ပညာရပ်နှင့် မိမိဒေသ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ရန် တောင်ကုတ်ဒီဂရီကောလိပ်အနေဖြင့် ဒေသနှင့်ကိုက်ညီပြီး ဒေသအကျိုးပြုမည့် ဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရန် အားထုတ်လုပ်ဆောင်သွားပါဟု မှာကြားလိုပါကြောင်း။

ဆရာ ဆရာမများကို အထူးမှာကြားလိုသည်မှာ ပညာသင်ကြားရာတွင် အုပ်စုလိုက် ပရောဂျက်၊ အခြေခံသုတေသနနှင့်ဆိုင်သောကိစ္စများကိုပါ သင်ပေးရန်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို စာပေပညာသင်ပေးရုံသာမက ကိုယ်၊ နှုတ်၊ နှလုံး လိမ္မာယဉ်ကျေးအောင်၊ ကာယ ဉာဏ ဖွံ့ဖြိုးတိုးတက်အောင် ဆုံးမပဲ့ပြင်ပေးရန် လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း စံနမူနာပြု အတုယူလေးစားထိုက်သူ၊ တောင်ကုတ်ဒီဂရီကောလိပ်၏ ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန် မှာကြားလိုပါကြောင်း။

ယခုဖွင့်လှစ်လိုက်သော တောင်ကုတ်ဒီဂရီကောလိပ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက မိမိတို့ကျရာကဏ္ဍမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ မွေးထုတ်ပေးကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးကျော်တောင်နှင့် တောင်ကုတ်ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာဝင်းနိုင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြို့မိမြို့ဖ ဦးကျော်တောင်တို့ထံ ကျောင်းအုပ်ကြီးက ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို ပေးအပ်သည်။

ဖွင့်ပွဲအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကုတ်ဒီဂရီကောလိပ်အတွင်းရှိ ဘာသာစကားလက်တွေ့ လေ့ကျင့်ခန်းမ၊ ကွန်ပျူတာလက်တွေ့လေ့ကျင့်ခန်းမ၊ စာသင်ခန်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏အဆောင်များ တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုကြသည်။

တောင်ကုတ်ဒီဂရီကောလိပ်သည် ရန်ကုန် - ကျောက်ဖြူ လမ်းမကြီးအနီး မြေဧက ၂၁၂ ဒသမ ၂၀ ဧက ပေါ်တွင် တည်ရှိပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ကုတ်ကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှ သံတွဲမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# မောင်တောဒေသအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး

**မောင်တော ဇန်နဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မောင်တောဒေသ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့်ပတ်သက်၍ UN, INGOs ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက် ညပိုင်းက တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ နယ်စည်းမထားဆရာဝန်များအဖွဲ့(MSF)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၊ အာရှဂျပန်ပေါင်းကူးရေးအဖွဲ့ (BAJ)၊ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးအဖွဲ့(ACF)၊ နေရာတိုင်းမှ အထောက်အပံ့ပေးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ရေးအဖွဲ့(Care)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၊ အပြည်ပြည်ဆိုင်ရာ လူမှုအဖွဲ့အစည်း(Malteser)နှင့် နိုင်ငံတကာလူထုမိသားစုအကျိုးပြုလုပ်ငန်း(CFSI)အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**မေး။ ။ဒီနေ့ UN, INGOs တွေနဲ့ ဘယ်လိုအကြောင်းအရာမျိုးတွေ ဆွေးနွေးဖြစ်ခဲ့ပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့ မောင်တောကိုရောက်လာတာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စဆောင်ရွက်ဖို့ပါ။ ဒီမှာ နှစ်ရက်နေပြီး မောင်တောမြောက်ပိုင်းဒေသမှာရှိတဲ့ ရွာပေါင်း ၂၅ ရွာကို ကူညီထောက်ပံ့ရေးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ သူတို့ရဲ့ လက်ရှိတွေ့ကြုံရတဲ့အခက်အခဲတွေ၊ နောက်ပြီးတော့ အာဟာရချို့တဲ့မှုရှိ၊ မရှိ အခြေအနေတွေကို သိရှိခဲ့ရပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ဒီနေ့ UN, INGOs တွေနဲ့လုပ်တဲ့ အစည်းအဝေးမှာတော့ ရခိုင်ဒေသနဲ့ပတ်သက်ပြီး ပြည်နယ်မှာ Coordination Committee ဆိုတာရှိပါတယ်။ UN, INGOs တွေနဲ့ အစိုးရအဖွဲ့တို့ ဒီဒေသက ပြည်သူတွေကို ကူညီထောက်ပံ့ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ တွေ့ဆုံတာဖြစ်ပါတယ်။

ဆွေးနွေးတဲ့အချက်တွေကတော့ အစိုးရဘက်က နှစ်ရက်တာအတွေ့အကြုံတွေ ပြောပြတယ်။ အဲဒီမှာလည်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ဆွေးနွေးဖြစ်ပါတယ်။ သူတို့ဘက်ကလည်း ဒီဒေသမှာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုကူညီထောက်ပံ့လို့ရမလဲဆိုတာတွေ ဆွေးနွေးပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးပါတယ်။ သူကလည်း လုံခြုံရေးနဲ့ဆိုင်တဲ့ကိစ္စရပ်တွေကို ရှင်းပြခဲ့ပါတယ်။

**မေး။ ။နယ်မြေရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲကာလမှာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအဖွဲ့တွေကို သွားလာဖို့အတွက် ဘယ်လိုပုံစံ ခွင့်ပြုထားပါသလဲ။ ကောလာဟလသတင်းတွေနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေရှိပါသလား။**

ဖြေ။ ။အခု နယ်မြေရှင်းလင်းရေးနဲ့ လုံခြုံရေးနဲ့ပတ်သက်လို့ လိုအပ်ချက်တွေရှိနေသေးတယ်။ သူတို့အကူအညီပေးရေးအဖွဲ့တွေအနေနဲ့လည်း ဒီနေရာတွေကို သွားဖို့လာဖို့အတွက် ခွင့်ပြုထားတယ်။ အဲဒီလိုသွားတဲ့လာတဲ့အခါမှာ ဒေသခံဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေကို ခွင့်ပြုထားတဲ့အတွက် ကူညီနိုင်တယ်၊ ထောက်ပံ့နိုင်တယ်။ ပြည်ထောင်စုအစိုးရရော၊ ပြည်နယ်အစိုးရကရော လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို ဆက်လက်ဆောင်ရွက်နေပါတယ်လို့ ဆွေးနွေးခဲ့ပါတယ်။

တချို့လုပ်ငန်းတွေမှာ နိုင်ငံတကာကနေ အထင်မှားအမြင်မှားဖြစ်စေတဲ့သတင်း၊ မဟုတ်တဲ့သတင်းတွေ ပြန့်နေတာတွေရှိနေတဲ့အတွက် ဒီနယ်မြေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ UN, INGOs အဖွဲ့အစည်းတွေအနေနဲ့ ပကတိအခြေအနေအမှန်အတိုင်း တွေ့တဲ့မြင်တဲ့အတိုင်း ဖော်ပြခြင်းအားဖြင့် တကယ့်အမှန်တရားဖြစ်ပေါ်ပြီး လုပ်ငန်းဆောင်ရွက်မှုတွေ အောင်မြင်မယ်၊ အဟန့်အတားမဖြစ်တော့ဘူးပေါ့။ ဒီလိုမဟုတ်ရင် မတရားစွပ်စွဲခံရတာတွေ၊ မဟုတ်တာကို ဟုတ်တာလုပ်ပြီးတော့ သတင်းထုတ်ပြန်တာတွေနဲ့ပတ်သက်ပြီး UN, INGOs အဖွဲ့အစည်းတွေက ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ပကတိအမှန်အတိုင်းတင်ပြရင်၊ အားလုံးပူးပေါင်းဆောင်ရွက်ကြရင် ပြဿနာတွေ ပိုမိုကြီးထွားမလာတော့ဘဲနဲ့ ပိုမိုရှင်းလင်းလွယ်ကူပြီးတော့ ပြည်သူတွေအတွက် အကျိုးရှိမယ်။ ကူညီထောက်ပံ့ရေးအစီအစဉ်ကနေ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီးသွားနေတာဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေဟာ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်ပြီးတော့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်နိုင်မှ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်လာမှာဖြစ်ပါတယ်။

အဲလိုမဟုတ်ဘဲ ကူညီထောက်ပံ့မှုတွေပဲ လုပ်နေရမယ်ဆိုရင် ဘယ်တော့မှ တိုးတက်လာမှာ မဟုတ်ဘူးဆိုတာ UN, INGOs တွေကလည်း နားလည်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ဖို့အတွက် ဘယ်လိုပူးပေါင်းဆောင်ရွက်ရမလဲဆိုတာတွေကို ဆွေးနွေးခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

**❋ ပြိုင်ပွဲဝင်ပေါင်းမှ**

၄၂ ဒသမ ၁၉၅ ကီလိုမီတာ မာရသွန်(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုကို



**ဇန်နဝါရီ ၈ ရက်က ၂၀၁၇ ရိုးမ - ရန်ကုန်အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ ၄၂ ကီလိုမီတာတွင် ပထမဆုရရှိသွားသော ကင်ညာနိုင်ငံမှ Mr. Joseph Gitau Kariuki အား ဆုချီးမြှင့်စဉ်။** ခင်မောင်ဝင်း(ကြေးမုံ)

ကင်ညာနိုင်ငံမှ Joseph Gitau Kariuki၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ သောင်းအေး၊ တတိယဆုကို ဂျပန်နိုင်ငံမှ Kenta Komatsu တို့က ဆွတ်ခူးရရှိခဲ့သည်။ ၄၂ ဒသမ ၁၉၅ ကီလိုမီတာ မာရသွန်(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုကို ကင်ညာနိုင်ငံမှ Valentine Jepkemoi Serem၊ ဒုတိယဆုကို ဂျပန်နိုင်ငံမှ Kaori Tamada၊ တတိယဆုကို မြန်မာနိုင်ငံမှ ယဉ်နွယ်စိုးတို့က ရရှိခဲ့သည်။

၂၁ ကီလိုမီတာ မာရသွန်ဝက် (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုကို ကင်ညာနိုင်ငံမှ Nelson Kiptoo၊ ဒုတိယဆုကို ကင်ညာနိုင်ငံမှ Samson Tenai၊ တတိယဆုကို အီတလီနိုင်ငံမှ Danilo Brambila တို့က ရရှိခဲ့ပြီး ၂၁ ကီလိုမီတာ မာရသွန်ဝက် (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုကို ကင်ညာနိုင်ငံမှ Gathingi Hannah Wabera၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ နွယ်စိုး၊ တတိယဆုကို UK မှ Jayne Price တို့က ဆွတ်ခူးခဲ့သည်။ ၁၀ ကီလိုမီတာ (အမျိုးသား)ပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ Enock Kipchirchir Kigenနှင့် ၁၀ ကီလိုမီတာ (အမျိုးသမီး) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သီတာဦးတို့က ပထမဆုအသီးသီးဆွတ်ခူးရရှိခဲ့သည်။

ဆုကြေးများအနေဖြင့် ၄၂ ဒသမ ၁၉၅ ကီလိုမီတာ မာရသွန်ပြိုင်ပွဲအတွက် ပထမဆုအမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၄၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၉၀၀ အသီးသီးချီးမြှင့်ခဲ့ပြီး ၂၁ ကီလိုမီတာ မာရသွန်ဝက်ပြိုင်ပွဲတွင် ပထမဆု အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၉၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၅၀၀ အသီးသီးချီးမြှင့်ခဲ့ပြီး ၁၀ ကီလိုမီတာပြိုင်ပွဲတွင် ပထမဆုကို အမေရိကန် ဒေါ်လာ ၈၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရိုးမမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက်က ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး မာရသွန်ပြိုင်ပွဲများအတွက် နံနက်စောပိုင်းတွင် လမ်းမကြီးအချို့ လမ်းခေတ္တပိတ်ထားခဲ့မှုကြောင့် ယာဉ်ကြောသွားလာမှုအချို့ ပိတ်ဆို့ခဲ့သည်ဟု သိရသည်။ မာရသွန်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၅)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲသည် ယခင်နှစ်များထက် ပြိုင်ပွဲဝင်သူဦးရေ ပိုမိုများပြားလာခဲ့ကာ ပြိုင်ပွဲဝင်ပေါင်း ၈၀၀၀ ကျော် စာရင်းပေးသွင်းခဲ့ပြီး နိုင်ငံခြားသားပြိုင်ပွဲဝင်ပေါင်း ၅၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် First Myanmar Investment (FMI) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မိတ်ဖက်ကုမ္ပဏီပေါင်းများစွာက ပံ့ပိုးကူညီမှုများဖြင့် ပါဝင်ခဲ့ကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၈ ရက်ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးပါ မြန်မာနိုင်ငံဆိုင်ရာ အိုင်ယာလန်သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Political Dialogue အစီအစဉ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(နန္ဒာဝင်း၊ ဝင်းဝင်းမော်)**

# ဓာတ်ဆီဈေးတက်ရာမှ မက္ကဆီကိုတစ်ဝန်း ဆန္ဒပြမှုများဖြစ်ပွား

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၈**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌ စက်သုံးဆီဈေးနှုန်း မြင့်တက်မှုကို ကန့်ကွက်သည့် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လက်တင်အမေရိကဒေသ၌ ဒုတိယအကြီးဆုံး စီးပွားရေးတည်ရာ မက္ကဆီကိုနိုင်ငံ၌ ယခုလအစောပိုင်းမှစ၍ ဓာတ်ဆီဈေးနှုန်းကို ၁၄ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ အစိုးရကတိုးမြှင့်ခဲ့ရာ မူလကပင် ငွေကြေးဖောင်းပွမှု ပြဿနာနှင့် ရင်ဆိုင်နေရသော ပြည်သူတို့မှာ ဒေါသအမျက်ထွက်ခဲ့ကြရပြီး ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုနှင့်အတူ မငြိမ်မသက်မှုဖြစ်ပွားခဲ့ရာ ဈေးဆိုင်ရာပေါင်းများစွာမှာ လုယက်ခံခဲ့ကြရသည်။

မက္ကဆီကိုသမ္မတ အန်းရစ်ပီနာနေတို ရာထူးမှနုတ်ထွက်ပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။ ဆန္ဒပြမှုများ နိုင်ငံတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့ခဲ့သည်။ ဆန္ဒပြသူအများစုမှာ ငြိမ်းချမ်းစွာပါဝင် ဆန္ဒပြခဲ့ကြသော်လည်း အမေရိကန်ပြည်ထောင်စုနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တီယွန်နာမြို့၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား တင်းမာမှုများပေါ်ပေါက်ခဲ့သည်။

မက္ကဆီကိုနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်ကြသော မက္ကဆီကိုစီးတီး၊ မွန်ထရီနှင့် ဂွာဒါလာဂျာရာမြို့တို့တွင် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၁ ရက်တွင် ဓာတ်ဆီဈေးနှုန်းကို မြှင့်တင်ခဲ့ရာမှ ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများအတွင်း လူပေါင်း ၁၅၀၀ ကျော်ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

**ရိုက်တာ။**






# တပ်တွင်းပုန်ကန်မှုပြုလုပ်သော အိုင်ဗရီကို့စ်တပ်ဖွဲ့ဝင်များနှင့် ကာကွယ်ရေးဝန်ကြီးတို့ သဘောတူညီမှုရရှိပြီ

**ဘူအာကေး ဇန်နဝါရီ ၈**

အိုင်ဗရီကို့စ်နိုင်ငံ၌ တပ်တွင်းပုန်ကန်မှု ပြုလုပ်သော တပ်ဖွဲ့ဝင်များက ကာကွယ်ရေးဝန်ကြီးကို နှစ်နာရီကြာမျှ ထိန်းသိမ်းထားခဲ့ပြီးနောက် ပြန်လည်လွှတ်ပေးလိုက်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးနှင့် တပ်တွင်းပုန်ကန်မှု ပြုလုပ်သူ တပ်ဖွဲ့များအကြား သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီးနောက် မိမိတို့၏ စစ်တန်းလျားများသို့ ပြန်လည်ထွက်ခွာရန် တပ်ဖွဲ့ဝင်များက သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အိုင်ဗရီကို့စ်နိုင်ငံတစ်ဝန်း၌ မငြိမ်မသက်မှုများ ဖြစ်ပွားနေချိန်မှာပင် တပ်တွင်းပုန်ကန်မှု ဖြစ်ပွားသော တပ်ဖွဲ့ဝင်များနှင့် ဇန်နဝါရီ ၇ ရက်တွင် သဘောတူညီချက် ရရှိကြောင်း သမ္မတ အယ်လက်ဆန်း အော်တရာက ထုတ်ပြန်ကြေညာသည်။

လစာငွေအလိုက် ဆုကြေးငွေများ ပိုမိုရရှိခံစားနိုင်ရန်နှင့် လူနေမှုဘဝ ပိုမိုတိုးတက်ရေးအတွက် လုပ်ဆောင်ပေးရန် တပ်ဖွဲ့ဝင်များက တောင်းဆိုခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်က အငြင်းပွားဖွယ်ရာ ရွေးကောက်ပွဲ ကျင်းပခဲ့ပြီးနောက် အော်တရာ အာဏာရရှိရေးတွင် တပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုရှိခဲ့ခြင်းအတွက် လစာနှုန်းထားအရ ဆုကြေးငွေများပေးရန် ၎င်းက ကတိပြုခဲ့သော်လည်း ကတိအတိုင်း ဆောင်ရွက်ပေးခဲ့ခြင်းမရှိကြောင်း စစ်ဘက်ဆိုင်ရာသတင်းရပ်ကွက်က ပြောကြားသည်။

အိုင်ဗရီကို့စ်နိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ကြီးဖြစ်သော ဘူအာကေးမြို့တွင် ဇန်နဝါရီ ၆ ရက်က တပ်တွင်းပုန်ကန်မှု စတင်ခဲ့ပြီး မြို့တော် အဘစ်ဂျန်သို့ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း၊ အဘစ်ဂျန်၌ ပုန်ကန်သူတပ်ဖွဲ့ဝင်များက ကြည်းတပ်ဌာနချုပ်ကို သိမ်းပိုက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ကာကွယ်ရေးဝန်ကြီး အလိန်းရစ်ချတ် ဒွန်ဝါဟီနှင့် ပုန်ကန်သော တပ်ဖွဲ့ဝင်များအကြား ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးနောက် သဘောတူညီချက်တစ်ရပ်ရရှိကြောင်း သမ္မတ အော်တရာက ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်ပြန်ကြေညာသည်။

**ရိုက်တာ။**

# အမေရိကန်စုံစမ်းစစ်ဆေးရေးအဖွဲ့ ဒါရိုက်တာရာထူးကို ရီပတ်ဘလီကန် လွှတ်တော်အမတ်ဟောင်း ဒန်ကို့စ်အားခန့်အပ်ရန် ဒေါ်နယ်ထရန့်ဆန္ဒရှိ

**ဝါရှင်တန် ဇန်နဝါရီ ၈**

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် အမျိုးသား စုံစမ်းစစ်ဆေးရေးအဖွဲ့ ဒါရိုက်တာအဖြစ် ရီပတ်ဘလီကန် လွှတ်တော်အမတ်နေရာမှ အနားယူသွားသည့် ဒန်ကို့စ်အားခန့်အပ်ရန် ဆန္ဒရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ဇန်နဝါရီ ၈ ရက်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဒန်ကို့စ်သည် အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဦးဆောင်နိုင်သည့် အရည်အချင်းများ အပြည့်အဝရှိကြောင်း ရေးသားထားသည်။

ဒန်ကို့စ်တွင် ကောင်းမွန်သည့် ဆင်ခြင်တုံတရားရှိပြီး မဆုတ်မနစ်သော ဦးဆောင်မှုကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း ထရန့်ကဆိုသည်။

ဒန်ကို့စ်သည် လွှတ်တော်အမတ်အနေဖြင့် အောက်လွှတ်တော်တွင် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် အထက်လွှတ်တော်၏ စုံစမ်းစစ်ဆေးရေးကော်မတီတွင် လုပ်ငန်းတာဝန်များ ထမ်းရွက်ခဲ့သည်မှာ ယခုလအနားယူမည့်အချိန်မတိုင်မီ ၁၆ နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။

အမျိုးသားစုံစမ်းစစ်ဆေးရေးအဖွဲ့ ဒါရိုက်တာရာထူးတာဝန်ကို စက်တင်ဘာ ၁၁ ရက်အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် အမေရိကန်ပြည်ထောင်စုရှိ CIA နှင့် NSA အပါအဝင် အခြားသော အေဂျင်စီ ၁၆ ခုတို့အကြား သတင်းအချက်အလက်များ မျှဝေရယူခြင်းတွင် လွယ်ကူချောမွေ့စေရန် ထားရှိခြင်းဖြစ်သည်။

လက်ရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဒါရိုက်တာ ဂျိမ်းကလပ်ပါသည် ပြီးခဲ့သော အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုရှားနိုင်ငံက ပါဝင်ပတ်သက်မှုရှိခြင်း၊ မရှိခြင်းကို စုံစမ်းစစ်ဆေးရာတွင် အဓိကကျသောနေရာတွင် ပါဝင်ခဲ့သည်။

ဒေါ်နယ်ထရန့်အနေဖြင့် ဒန်ကို့စ်အား စုံစမ်းစစ်ဆေးရေးအဖွဲ့ ဒါရိုက်တာရာထူးနေရာ ခန့်အပ်ရန် ရွေးချယ်ခြင်းသည် စုံစမ်းစစ်ဆေးရေး အေဂျင်စီများ၏ အရေးပါမှုကို ပြသရာ ရောက်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# အာဖဂန် ဟဲလ်မန်းပြည်နယ်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည်

**ကဘူး ဇန်နဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်းပြည်နယ်၌ တာလီဘန်စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်နိုင်ရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀ ခန့်ကို ဖြန့်ကြက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်းပြည်နယ်၌ မကြာသေးမီလများအတွင်း တာလီဘန်အဖွဲ့က ခွေဦးပေါက်ရာသီ ထိုးစစ်အဖြစ် ပြည်နယ်တွင်းရှိ မဟာဗျူဟာမြောက် နယ်မြေဒေသများကို ထိန်းချုပ်နိုင်ရန် တိုက်ခိုက်မှုများကို ဆက်တိုက်ပြုလုပ်ခဲ့သည်။

အမေရိကန်ဗိုလ်မှူးချုပ် ရော်ဂျာတန်နာ ဦးဆောင်သော အထူးစစ်ဆင်ရေးလုပ်ငန်းအဖွဲ့သည် အာဖဂန်အမျိုးသားတပ်မတော်နှင့် အမျိုးသားရဲတပ်ဖွဲ့တို့မှ တပ်မှူးများကို စစ်ရေးလေ့ကျင့်မှုနှင့် အကြံပေးမှုတို့ ပြုလုပ်မည်ဖြစ်ကြောင်း အာဖဂန်အမျိုးသားတပ်မတော်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

**ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှာ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးမိတဲ့အခါ ဆက်ဒမ်ဟူစိန် ဟုတ်/မဟုတ် အတည်ပြုဖို့နဲ့ စစ်ကြောရေးလုပ်ဖို့ ကျွမ်းကျင်သူ ပညာရှင်လိုအပ်လာပါတယ်။အမှန်ကတော့ စီအိုင်အေ (CIA) လို့ခေါ်တဲ့ အမေရိကန်ဗဟိုထောက်လှမ်းရေးမှာ ဒီလိုကျွမ်းကျင်ပညာရှင်က ရှိပြီးသားပါ။ ဒီပညာရှင်ရဲ့ အမည်က ဂျွန်နစ်ဆင်ပါ။ ဂျွန်နစ်ဆင်ဟာ စီအိုင်အေကို ဝင်ရောက်ခဲ့တဲ့ ၁၉၉၈ခုနှစ်ကစပြီး အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကို သုံးသပ်လေ့လာခဲ့တာပါ။ စီအိုင်အေမှာ ဂျွန်နစ်ဆင်ရဲ့ အခန်းကဏ္ဍဟာ ကမ္ဘာတစ်လွှားက ခေါင်းဆောင်တွေကို ထဲထဲဝင်ဝင် နက်နက်ရှိုင်းရှိုင်း လေ့လာသုံးသပ်ပေးဖို့ပါ။ ဒွဲပြောရရင် ဆက်ဒမ်ဟူစိန်ရဲ့ အတွေးအခေါ် အပြုအမူတွေကို လှုံ့ဆော်တွန်းအားပေးနေတဲ့ အကြောင်းတရားတွေကို ရှာဖွေဖော်ထုတ်ဖို့ပါ။

ဂျွန်နစ်ဆင်ရဲ့ ပြောပြချက်က သူ့ရဲ့ အလုပ်သဘောသဘာဝကို ပေါ်လွင်ထင်ရှားစေပါတယ်။ ဂျွန်နစ်ဆင်က "ပြဿနာအကျပ်အတည်းတစ်ခုစပြီဆိုတာနဲ့ မူဝါဒချမှတ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ဆီရောက်လာပြီး မေးခွန်းတွေကိုပေးတော့တာပါပဲ။ ဒီပြဿနာအကျပ်တည်းမှာ ပါဝင်နေတဲ့ အရေးပါတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လိုလူတွေလဲ၊ သူတို့ဘာကိုလိုချင်တာလဲ၊ သူတို့ဘာကြောင့် ဒီအလုပ်တွေကို လုပ်နေတာလဲ စတဲ့ စတဲ့ မေးခွန်းမျိုးတွေပါ"လို့ ရှင်းပြခဲ့တာပါ။ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ဟာ ရာထူးကနေ ဖယ်ရှားခံရပြီးနောက်ပိုင်း အီရတ်နိုင်ငံထဲမှာပဲ ပုန်းခိုနေခဲ့တာပါ။ အမေရိကန်တပ်ဖွဲ့တွေက ဆက်ဒမ်ဟူစိန်ကို သူပုန်းခိုနေတဲ့ နေရာတစ်ခုမှာ ဖမ်းမိတဲ့အချိန်မှာ ဂျွန်နစ်ဆင်လည်း အီရတ်နိုင်ငံထဲမှာရှိနေခဲ့တာပါ။ ဆက်ဒမ်ဟူစိန်ကို သူ့ရဲ့ ဇာတိမြို့ဖြစ်တဲ့ တီကရစ်(ထ) အနီးအနား လယ်ယာမြေစခန်းဘေး မြေအောက်ကျင်းကလေးထဲမှာ ဖမ်းဆီးမိခဲ့တာပါ။ ဆက်ဒမ်ဟူစိန်ကို ဖမ်းမိပြီဆိုတာနဲ့ ဆက်ဒမ်ဟူစိန်အစစ် ဟုတ်/မဟုတ် စစ်ဆေးအတည်ပြုဖို့ တာဝန်ဟာ ဂျွန်နစ်ဆင်ရဲ့ တာဝန်ဖြစ်လာပါတယ်။

အဲဒီအချိန်က အီရတ်နိုင်ငံထဲမှာ ဆက်ဒမ်ဟူစိန်ဟာ ကိုယ်ပွားတွေအများကြီး ဖန်တီးထားတယ်ဆိုတဲ့ ကောလာဟလတွေ ပျံ့နှံ့နေတာပါ။ ဂျွန်နစ်ဆင်က "ကျွန်တော် သူ့ကိုတွေ့လိုက်တာနဲ့ ဆက်ဒမ်ဟူစိန်ဆိုတာ တန်းသိတာပါပဲ"လို့ ပြန်ပြောင်းပြောပြခဲ့ပါတယ်။ ဆက်ဒမ်ဟူစိန်ကို ပထမဦးဆုံး စစ်ကြောရေးလုပ်ရတဲ့ တာဝန်ကို ဂျွန်နစ်ဆင်က တာဝန်ယူရပါတယ်။ စစ်ကြောရေးလုပ်ရတယ်ဆိုတာကလည်း ရက်အတော်ကြာကြာ ဆက်တိုက်စစ်ကြောရေးလုပ်ရတာပါ။ ဂျွန်နစ်ဆင်က "ကျွန်တော် သူ့ကို စကားပြောတာနဲ့ ဆက်ဒမ်ဟူစိန်က ကျွန်တော့်ကို ပြန်ကြည့်ပါတယ်။ သူ့ရဲ့ အကြည့်က ကျွန်တော့်အတွေးထဲမှာရှိနေပြီးသားပါ။ ကျွန်တော့်စားပွဲပေါ် နှစ်ပေါင်းများစွာ တင်ထားတဲ့ စာအုပ်ထဲက အကြည့်မျိုးကို ဆက်ဒမ်ဟူစိန်က ကြည့်လိုက်တာပါ။ ပြောရရင် ဒါဟာ မယုံကြည်နိုင်စရာ ဖြစ်ရပ်ပါ။ ကမ္ဘာပေါ်မှာ လက်ရဖမ်းဆီးရရှိဖို့ အလိုချင်ဆုံးဆိုတဲ့ လူကို ကျွန်တော်က မေးမြန်းစစ်ကြောနေရတာပါ။ တကယ်မှ ဟုတ်ရဲ့လားလို့ ကိုယ့်အသားကို ကိုယ်ဆိတ်ကြည့်ရမယ့် ဖြစ်ရပ်မျိုးပါ" ဆိုပြီး အဲဒီကာလ သူ့ခံစားချက်တွေကို ရင်ဖွင့်ပါတယ်။

ဆက်ဒမ်ဟူစိန်အပေါ် ဂျွန်နစ်ဆင်ရဲ့ အမြင်သုံးသပ်ချက်က စိတ်ဝင်စားစရာပါ။ ဂျွန်နစ်ဆင်ရဲ့ ပြန်ပြောပြချက်တွေအရ ဆက်ဒမ်ဟူစိန်မှာ လူသားဆန်တဲ့ ကိုယ်နှုတ်အမူအရာတွေ တွေ့ရတဲ့အခါ ဂျွန်နစ်ဆင်က အတော်အံ့အားသင့်ခဲ့ပါတယ်။ အဲဒီအချိန်က အမေရိကန်သတင်းမီဒီယာတွေမှာ ဆက်ဒမ်ဟူစိန်ကို လူ့ဘီလူးကြီးတစ်ယောက်လို ပုံဖော်ရေးသားနေကြတာပါ။ ဂျွန်နစ်ဆင်ရဲ့ စစ်ကြောရေးအတွေ့အကြုံအရ ဆက်ဒမ်ဟူစိန်ဆီမှာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေတဲ့ စရိုက်လက္ခဏာတွေကို အများကြီးတွေ့ရပါတယ်။ ဂျွန်နစ်ဆင်က "ကျွန်တော်တွေ့ဖူးသမျှထဲမှာ ဆက်ဒမ်ဟူစိန်ဟာ လူချင်းဆုံစကားပြောတဲ့အခါ ဩဇာလွှမ်းမိုးနိုင်ဆုံး လူတစ်ယောက်ပါ။ ဆက်ဒမ်ဟူစိန်က သူသာ ဆန္ဒရှိရင် ခင်မင်နှစ်လိုစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါ။ နွေးနွေးထွေးထွေးလည်း ရှိတယ်။ ယဉ်ယဉ်ကျေးကျေးလည်းရှိတယ်။ဟာသဉာဏ်လည်းရှိတယ်"လို့ မှတ်ချက်ပေးပါတယ်။ ဒါပေမယ့် ဒါတွေက ဂျွန်နစ်ဆင် မှတ်ချက်တွေရဲ့ မျက်နှာစာတစ်ဖက်ပဲရှိပါသေးတယ်။ ဒါပေမဲ့ ဆက်ဒမ်ဟူစိန်ဟာ ရုတ်တရက် ချက်ချင်းဆိုသလို တခြားမျက်နှာစာ တစ်ဖက်ကို ပြောင်းသွားနိုင်ပါတယ်။ ဒီလိုပြောင်းသွားပြီဆိုရင်တော့ ခက်ထန်ကြမ်းတမ်းလာပါတယ်။ မောက်မာလာပါတယ်။ ရက်စက်ရိုင်းစိုင်းတဲ့ပုံ ပေါ်လာပါတယ်။ ယုတ်မာတဲ့ စိတ်ဓာတ်က ပေါ်လာပါတယ်။ ဒေါသပေါက်ကွဲတဲ့အခါမျိုးမှာ အင်မတန်ကြောက်စရာကောင်းပါတယ်။ "သူ့ကိုစစ်ကြောရင်းနဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ဖြစ်ရပ်မျိုး နှစ်ခါသုံးခါလောက် ကြုံဖူးပါတယ်"လို့ ဂျွန်နစ်ဆင်က ပွင့်ပွင့်လင်းလင်းပဲ ရင်ဖွင့်ပါတယ်။

သူ့ကိုစစ်ကြောတဲ့အခန်းကျဉ်းလေးထဲက သတ္တုခေါက်ထိုင်ခုံပေါ်ထိုင်ရင်း ဆက်ဒမ်ဟူစိန်က မထိန်းနိုင် မသိမ်းနိုင်ဖြစ်လာတာပါ။ စစ်ကြောရေးလုပ်တဲ့အခါ အခန်းကျဉ်းလေးထဲမှာ ဂျွန်နစ်ဆင်၊ ဓာတ်ပုံဆရာ၊ စကားပြန်နဲ့ ဆက်ဒမ်ဟူစိန်တို့ပဲရှိတာပါ။ ဂျွန်နစ်ဆင်က "ဆက်ဒမ်ဟူစိန်ဟာ လေတစ်လုံး မိုးတစ်လုံး မောက်မောက်မာမာပြောတတ်ပေမယ့် ကျွန်တော်ကမေးလိုက်၊ သူကဖြေလိုက်လုပ်နေရတာကိုတော့ သဘောကျပုံရပါတယ်"လို့ မှတ်ချက်ပေးပါတယ်။ ဆက်ဒမ်ဟူစိန်ကို ပထမဆုံးအကြိမ်ပြုလုပ်ခဲ့တဲ့ စစ်ကြောရေးမှာ ဂျွန်နစ်ဆင်က ဆက်ဆံရေးပြေလည်အောင် ကြိုးပမ်းခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ရှင်းပါတယ်။ ဆက်ဒမ်ဟူစိန်ဆီက ပူးပေါင်းဆောင်ရွက်မှု လိုချင်လို့ပါ။ ဒီပထမဆုံး စစ်ကြောရေးအပြီးမှာ ဆက်ဒမ်ဟူစိန်က "စကားပြောဆိုရတာ သူကျေနပ်ပါတယ်"လို့ ထုတ်ပြောပါတယ်။ ဂျွန်နစ်ဆင်က "ဆက်ဒမ်ဟူစိန်ဟာ လနဲ့ချီပြီး ပုန်းခဲ့ရတာပါ။ ဒီလိုပုန်းနေရတုန်းက ဘယ်သူနဲ့မှ စကားပြောခဲ့ရပုံမရပါဘူး"လို့ သူ့ထင်မြင်ချက်ကို ပြောပါတယ်။

စစ်ကြောရေးအဖွင့်မှာ ဒီလို အဆင်ပြေပြေ ချောချောမောမောရှိပေမယ့် နောက်ရက်မှာတော့ ဆက်ဒမ်ဟူစိန်က မယုံသင်္ကာဖြစ်တဲ့အမူအရာကို သိသိသာသာပြလာပါတယ်။ ဂျွန်နစ်ဆင်က "ကျွန်တော်တွေ့ဖူးသမျှထဲမှာတော့ ဆက်ဒမ်ဟူစိန်ဟာ မယုံသင်္ကာအဖြစ်ဆုံးပုဂ္ဂိုလ်ပါ။ ကျွန်တော်မေးခွန်းတစ်ခုမေးတိုင်း သူကတုံ့ပြန်မေးခွန်း ပြန်ထုတ်ပါတယ်"လို့ ရှင်းပြပါတယ်။ ဒါပေမယ့် အခြေအနေကလည်း စီအိုင်အေမှာ ဆက်ဒမ်ဟူစိန်က ပြောချင်ဆိုချင်စိတ် ဖြစ်လာအောင် ကမ်းလှမ်းစရာ မက်လုံးကရှိတာတော့ မဟုတ်ပါဘူး။ ဒါကိုလည်း ဂျွန်နစ်ဆင်က ဝန်ခံပါတယ်။ ဂျွန်နစ်ဆင်က "ပြောရရင် ကျွန်တော်တို့က သူ့ကို သမိုင်းသဘောကို အခြေခံပြောဆိုရတာပါ။ သူသာ မေးမြန်းတာတွေကို သူ့အမြင်သူ့သဘောထားပေါ် အခြေခံပြောဆိုမယ်ဆိုရင် သမိုင်းမှာ မှတ်တမ်းတင်ပြီးသားဖြစ်မယ်။ ဒါတွေကို ကမ္ဘာပေါ်မှာ အရေးအကြီးဆုံးဆိုတဲ့ နိုင်ငံတွေက မှတ်တမ်းတင်ပြီးသားဖြစ်မယ့်သဘောကို ရှင်းလင်းပြရပါတယ်"ဆိုပြီး သူ့ချဉ်းကပ်ကိုင်တွယ်ခဲ့ပုံကို ရှင်းပြပါတယ်။

ဂျွန်နစ်ဆင်က "ခေါင်းစဉ်တစ်ခုချင်းအလိုက် စစ်ကြောမေးမြန်းတဲ့အခါ ညှစ်ထုတ်လို့ ဖြစ်နိုင်သမျှသတင်းအားလုံး ညှစ်မထုတ်နိုင်ဘူးဆိုတာမျိုးမဖြစ်အောင်တော့ ကျွန်တော် အမြဲသတိထားပါတယ်"ဆိုပြီး သူ့ချဉ်းကပ်ပုံက ပျော့ညံ့တဲ့ဘက်မရောက်တာကို ရှင်းပြပါတယ်။ ဂျွန်နစ်ဆင်ရဲ့ အရေးအကြီးဆုံး ကောက်ချက်ကတော့ ဆက်ဒမ်ဟူစိန်ဟာ အစုအပြုံလိုက်သေကျေပျက်စီးနိုင်တဲ့ နျူကလီးယားနဲ့ ဓာတုလက်နက်တွေထုတ်လုပ်မှုကို အီရတ် စစ်ပွဲမတိုင်ခင် နှစ်ပေါင်းများစွာကတည်းက ရပ်ဆိုင်းထားပြီးသားပါ။ ဆက်ဒမ်ဟူစိန်မှာ ဒီလိုအစုအပြုံလိုက်သေကျေပျက်စီးနိုင်တဲ့ လက်နက်တွေပြန်ထုတ်ဖို့ အစီအစဉ်လည်း မရှိပါဘူးတဲ့။ အတိတ်သမိုင်းကို ဂျွန်နစ်ဆင်က ပြန်သုံးသပ်ကြည့်တဲ့အခါ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချအပြီး အီရတ်နိုင်ငံမှာ ဘယ်လိုစီမံဆောင်ရွက်မလဲဆိုတဲ့အပေါ် သမ္မတဘုရှ်အစိုးရဟာ ဘယ်လိုပြင်ဆင်မှုမှ မရှိခဲ့ဘူးလို့ယူဆပါတယ်။ ဂျွန်နစ်ဆင် နောက်ထပ်ထောက်ပြတဲ့အချက်ကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ သမ္မတဘုရှ်ရဲ့ ဝန်းကျင်မှာ လက်ညှိုးထောင် ခေါင်းညိတ်သမားတွေ ဝိုင်းရံနေတော့ သမ္မတဘုရှ်က တကယ့်အခြေအနေမှန်ကို မသိပါဘူးတဲ့။ ဂျွန်နစ်ဆင်ရဲ့ အမြင်ကောက်ချက်တွေ မှန်/မမှန်ကိုတော့ သမိုင်းဆရာတွေက တူးဆွဖော်ထုတ် သုတေသနလုပ်ကြရမှာပါ။ ဒီလို သမိုင်းဆရာတွေက တူးဆွဖော်ထုတ် သုတေသနလုပ်ကြတဲ့အခါ "အီရတ်နိုင်ငံလည်း ပြိုကွဲ၊ သူကိုယ်တိုင်လည်း ရာထူးကနေဖယ်ရှားခံရပြီး ကြိုးပေးအသတ်ခံရ"တဲ့အထိ ဆက်ဒမ်ဟူစိန် က ဘယ်လိုတွေး၊ ဘယ်လို ဆုံးဖြတ်ခဲ့သလဲဆိုတာက စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်မှာပါ။





ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးရမိခဲ့သည့်မြေအောက်ကျင်း။

# ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများအတွက် ခရီးသွားအာမခံ

**မခင်ပြုံး(မြန်မာ့အာမခံ)**

၁၈၂၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဂျော့စတီဗင် ဆိုသူမှ Rocket ခေါ် မီးရထားစက်ခေါင်းတွဲကို တီထွင်ခဲ့ပြီး ပြေးဆွဲခဲ့ရာ တစ်နာရီလျှင် ၁၄မိုင်နှုန်း ပြေးဆွဲနိုင်ခဲ့ပါသည်။ ၁၈၄၃ ခုနှစ်တွင် ကုန်သွယ်မှုဘုတ်အဖွဲ့ (Board of Trade)၏ အစီရင်ခံစာအရ ခရီးသည်တင်ရထားပြေးဆွဲခဲ့ရာ မီးရထားစီးခရီးသည် ၂၄သန်းခန့်ရှိခဲ့ပါသည်။ ထို့နောက် အမြန်မီးရထားစီး ခရီးသည် ပိုမိုများပြားလာပြီး ၁၈၄၉ ခုနှစ်တွင် ခရီးသည် ၆၃ သန်းခန့် ရှိလာခဲ့ပါသည်။ ခရီးသွားပြည်သူများ ပိုမိုများပြားလာသည့်အတွက် ခရီးသည်များ မတော်တဆ ထိခိုက်မှုများလည်း များပြားလာပါသည်။ ထို့ကြောင့် ခရီးသည်များ မတော်တဆထိခိုက်မှု အာမခံ (Personal Accident Travel Insurance) ကို ဆောင်ရွက်ခဲ့ရာ ၁၈၄၉ ခုနှစ်တွင် Railway Passengers Assurance Company မှ စတင်ဆောင်ရွက်ခဲ့ပြီး ၁၈၅၀ ပြည့်နှစ်တွင် Railway Assurance Company, Accident Death Insurance Company နှင့် Accidental Indemnity Association တို့မှစ၍ ခရီးသွားပြည်သူများအတွက် ခရီးသွားအာမခံလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ခရီးသွားအာမခံလုပ်ငန်းကို ၁၉၅၃ ခုနှစ် စက်တင်ဘာလ ၈ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့၍ နိုင်ငံတော်အကြီးအကဲ၊ ဌာနဆိုင်ရာအကြီးအကဲ၊ အရာထမ်း၊ အမှုထမ်းများ ခရီးထွက်ခွာခွင့် ရုံးအမိန့်စာဖြင့် ပြည်ပသို့ သွားရောက်ခြင်းအတွက် အာမခံထားငွေကျပ် တစ်သောင်းကို အာမခံကြေး (ပရီမီယံ) တစ်ရက်လျှင် တစ်ကျပ်နှုန်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ် ဧပြီလ ၁ရက်နေ့တွင် အစိုးရအရာထမ်း၊ အမှုထမ်းမဟုတ်သော ပြင်ပပုဂ္ဂိုလ်များကိုပါ လက်ခံဆောင်ရွက်ပေးခဲ့ပြီး အာမခံထားငွေ ကျပ်သုံးသိန်းကို အာမခံကြေး သုံးဆယ်ကျပ်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဇွန်လတွင် အဝေးပြေးယာဉ်လိုင်းများမှ ခရီးသွားပြည်သူများ အားလုံးအတွက် အာမခံထားငွေကျပ် တစ်သိန်းလျှင် အာမခံကြေး တစ်ဆယ်ကျပ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုမှတစ်ဆင့် ၂၀၁၄ ခုနှစ် မေလတွင် အဝေးပြေးအမြန်လမ်းမကြီးဆိုင်ရာ အထူးခရီးသွားအာမခံလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး အာမခံထားငွေကျပ် သိန်းသုံးဆယ်ကို အာမခံကြေး (ပရီမီယံ) ကျပ်သုံးရာတိတိဖြင့် တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်း၊ ပြည်ပ ခရီးသွားလာနေသည့် ခရီးသွားပြည်သူများ ခရီးစဉ်အတွင်း မိမိစီးနင်းလိုက်ပါလာခဲ့သော ယာဉ်ကြောင့် အန္တရာယ် တစ်စုံတစ်ခုနှင့် ကြုံတွေ့ခဲ့လျှင် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု ထိခိုက်ဒဏ်ရာရခြင်း(သို့မဟုတ်) အသက်ဆုံးရှုံးခြင်းများ ဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်ခဲ့လျှင် မိမိကို အားကိုးနေရသော မိသားစုဝင်များ အားကိုးရာမဲ့ မဖြစ်စေဘဲ ငွေကြေးအားဖြင့် ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန်အတွက် ရည်ရွယ်၍ ခရီးသွားအာမခံလုပ်ငန်းကို မြန်မာ့အာမခံလုပ်ငန်းမှ စတင်လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရီးသွားပြည်သူများ မော်တော်ကား၊ ရေယာဉ်၊ လေယာဉ်တို့ဖြင့် ခရီးသွားရာတွင် မည်သူမဆို အသက်ကန့်သတ်ချက်မရှိ ခရီးသွားအာမခံ ဝယ်ယူထားရှိနိုင်ပါသည်။

**အဝေးပြေးယာဉ်လိုင်းစီးခရီးသွားများအတွက် ခရီးသွားအာမခံ**

မြန်မာနိုင်ငံအတွင်း အရပ်ဒေသအသီးသီးသို့ ပြေးဆွဲနေသော ယာဉ်လိုင်းအမျိုးမျိုးမှ ယာဉ်များဖြင့် ယာဉ်စီးခပေး၍ စီးနင်းလိုက်ပါသော ခရီးသွားပြည်သူများ မိမိခရီးစဉ်အတွင်း မမျှော်မှန်းနိုင်သည့် အန္တရာယ်များ တွေ့ကြုံခဲ့ပါက ကိုယ်လက်အင်္ဂါအစိတ်အပိုင်းနှင့် အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထိုဆုံးရှုံးမှု အန္တရာယ်များအတွက် ခရီးသွားအာမခံ ဝယ်ယူထားရှိနိုင်ပါသည်။ မိုင် ၁၀၀ အောက် ခရီးသွားလာခြင်းအတွက် အာမခံထားငွေ ကျပ်တစ်သိန်းလျှင် အာမခံကြေး (ပရီမီယံ) တစ်ဆယ်ကျပ်ဖြစ်ပြီး၊ အာမခံထားငွေ ကျပ်တစ်ဆယ်သိန်းကို အာမခံကြေး ကျပ်တစ်ရာဖြင့် ဝယ်ယူထားရှိနိုင်ပါသည်။ မိုင် (၁၀၀)အထက် ခရီးစဉ်အတွက် အာမခံထားငွေ ကျပ်သိန်းသုံးဆယ်ကို အာမခံကြေး ကျပ်သုံးရာဖြင့် ဝယ်ယူထားရှိနိုင်ပါသည်။ ခရီးသွားအာမခံထားရှိခဲ့ပါက ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် ဒဏ်ရာရခဲ့လျှင် ဆရာဝန်၏ ဆေးထောက်ခံစာတွင် ဖော်ပြထားသော ဒဏ်ရာအနည်းအများပေါ် မူတည်ပြီး အာမခံထားငွေ၏ နှစ်ရာခိုင်နှုန်းမှ အများဆုံး ၈၀ ရာခိုင်နှုန်းအထိ အကျိုးခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါသည်။ မတော်တဆ အသက်ဆုံးရှုံးခဲ့သော် အာမခံထားငွေ ၁၀၀ ရာခိုင်နှုန်းကို အကျိုးခံစားခွင့်အဖြစ် ရရှိမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားပြည်တွင်းလှည့်လည်ခြင်းအတွက် ခရီးသွားအာမခံ**

မြန်မာနိုင်ငံသားများ ပြည်တွင်းနေရာအနှံ့အပြားသို့ မိသားစု ဘုရားဖူးသွားခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှ လေ့လာရေးခရီးသွားခြင်းများကို ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်၊ ယာဉ်လိုင်းအသင်းယာဉ်များဖြင့် လှည့်လည်သွားလာခြင်းအတွက် ခရီးသွားအာမခံထားရှိနိုင်ပါသည်။ ခရီးလှည့်လည်သွားလာမည့် ရက်ကန့်သတ်ချက်အပေါ် မူတည်ပြီး တစ်ရက်ခရီးမှ သုံးလခရီးစဉ်အထိ ထားရှိနိုင်ပါသည်။ လှည့်လည်ခရီးသွားအာမခံဝယ်ယူထားရှိပါက လှည့်လည်သွားလာရာတွင် အသုံးပြုသည့် ယာဉ်အမျိုးမျိုးကြောင့် မတော်တဆ ထိခိုက်မှုဖြစ်ပွားခြင်းတို့အတွက်လည်း အကာအကွယ်ရရှိနိုင်မည် ဖြစ်ပါသည်။ အာမခံထားငွေကျပ် ငါးသိန်းကို တစ်ယူနစ်သတ်မှတ်ပြီး အများဆုံး တစ်ဆယ်ယူနစ်အထိ ဝယ်ယူထားရှိနိုင်ပါသည်။ တစ်ပတ်ခရီးစဉ်အတွက် တစ်ယူနစ်ဝယ်ယူမည်ဆိုပါက အာမခံကြေး (ပရီမီယံ)ကျပ်နှစ်ရာပေးသွင်းရမည်ဖြစ်ပါသည်။

**ပြည်တွင်း၊ ပြည်ပလှည့်လည်ခြင်းအတွက် ခရီးသွားအာမခံ**

မြန်မာနိုင်ငံသားများ ပြည်ပခရီးသွားလာခြင်းအတွက် လေယာဉ်စီးခရီးသွားအာမခံနှင့် ပြည်ပလှည့်လည်ခြင်း ခရီးသွားအာမခံတို့ကို ဝယ်ယူထားရှိနိုင်ပါသည်။ လေယာဉ်စီးခရီးသွားအာမခံမှာ လေဆိပ်တစ်ခုမှ တစ်ခုသို့ သွားလာနေစဉ်အတွက် အကာအကွယ်ဖြစ်ပြီး အာမခံထားငွေကျပ် သိန်းငါးဆယ်ဖြစ်ပါသည်။ အာမခံကြေးမှာ ခရီးစဉ်အသွား၊ အပြန်အတွက် ငွေကျပ်

**လူတစ်ယောက်၏ ခန္ဓာကိုယ် အစိတ်အပိုင်း၊ အသက်တို့သည် တန်ဖိုးမဖြတ်နိုင်သည့် အရာများဖြစ်သည့်အတွက် ခရီးသွားလာကြရာတွင် မမျှော်မှန်းနိုင်သည့် အန္တရာယ်ကို တစ်စိတ်တစ်ပိုင်း ကြိုတင်ကာကွယ်သည့်အနေဖြင့် မြန်မာ့အာမခံလုပ်ငန်းတွင် ခရီးသွားအာမခံအကာအကွယ် ဝယ်ယူထားရှိပြီးမှသာလျှင် ခရီးသွားလာသင့်ပါကြောင်း**

တစ်ထောင် ဖြစ်ပါသည်။ လှည့်လည်ခြင်းအတွက် အာမခံမှာ သွားလာမည့် ရက်ကန့်သတ်ချက်အပေါ် မူတည်၍ ဝယ်ယူနိုင်ပါသည်။ အာမခံထားငွေကျပ် ငါးသိန်းကို တစ်ယူနစ်အဖြစ် သတ်မှတ်ပြီး အများဆုံး နှစ်ဆယ်ယူနစ်အထိ ဝယ်ယူထားရှိနိုင်ပါသည်။ တစ်ပတ်ခရီးမှ သုံးလခရီးစဉ်အထိ ထားရှိနိုင်ပါသည်။ တစ်ပတ်ခရီးစဉ်အတွက် တစ်ယူနစ် ဝယ်ယူပါက အာမခံကြေးကျပ် နှစ်ရာ ပေးသွင်းရမည်ဖြစ်ပါသည်။

နိုင်ငံခြားသားများ မြန်မာပြည်တွင်း လှည့်လည်သွားလာခြင်းအတွက် ပြည်တွင်းလှည့်လည်ခရီးသွားအာမခံ ထားရှိနိုင်ပါသည်။ မြန်မာနိုင်ငံလေဆိပ်သို့ စတင်ရောက်ရှိသည့်နေ့မှ ပြန်လည်ထွက်ခွာသည့်နေ့အထိ အာမခံ အကာအကွယ်ပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း လှည့်လည်ခရီးသွားလာခွင့်ပြုသတ်မှတ်ထားသော နယ်နိမိတ်အတွင်းသာ အကာအကွယ်ရရှိခြင်းဖြစ်ပါသည်။ အာမခံထားငွေ ကျပ်ငါးသိန်းကို တစ်ယူနစ်သတ်မှတ်ပြီး အများဆုံး ယူနစ်နှစ်ဆယ်အထိ ထားရှိနိုင်ပါသည်။ တစ်ပတ်ခရီးစဉ် တစ်ယူနစ်အတွက် အာမခံကြေးငါးရာကျပ် ဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပလှည့်လည်ခရီးသွားအာမခံကို မြန်မာကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဖြင့် ထားရှိနိုင်ပါသည်။ အာမခံထားငွေ အမေရိကန်ဒေါ်လာ ၂၅၀၀ ကို တစ်ယူနစ်အဖြစ် သတ်မှတ်ပြီး အများဆုံး နှစ်ဆယ်ယူနစ်အထိ ဝယ်ယူထားရှိနိုင်ပါသည်။ တစ်ပတ်ခရီးစဉ် တစ်ယူနစ်အတွက် အာမခံကြေးမှာ လှည့်လည်ခြင်းအတွက် နှစ်ဒေါ်လာဖြစ်ပြီး လေယာဉ်စီးအတွက် နှစ်ဒေါ်လာ ထည့်ပေါင်းဝယ်ယူရမည် ဖြစ်ပါသည်။

**ခရီးသွားအာမခံတွင် လျော်ကြေးအကျုံးမဝင်သောအချက်များ**

ခရီးသွားလာနေစဉ်အတွင်း မတော်တဆထိခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းတို့အတွက် အကျိုးခံစားခွင့် ပေးချေရမည်ဖြစ်သော်လည်း အောက်ဖော်ပြပါ အကျုံးမဝင်သည့် အချက်များ (Exclusion) များကြောင့် ဖြစ်ခဲ့လျှင် အကျိုးခံစားခွင့် ရရှိနိုင်မည်မဟုတ်ပါ-

(က) ရှိရင်းစွဲကိုယ်အင်္ဂါချို့တဲ့မှုနှင့် ရှိရင်းစွဲရောဂါဘယများကြောင့် ဖြစ်ပွားခြင်း၊
(ခ) ရူးသွပ်ခြင်း၊
(ဂ) မိမိကိုယ်မိမိ သေကြောင်းကြံစည်ခြင်း၊
(ဃ) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရရှိစေခြင်း၊
(င) မီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊
(စ) အန္တရာယ်ဖြစ်စေနိုင်သည့် ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်း၊
(ဆ) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း၊
(ဇ) မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
(ဈ) စစ်၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ အကြမ်းဖက်ဖျက်ဆီးခြင်းနှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း၊
(ည) ခရီးစဉ်အလိုက် ပျံသန်းနေသည့် အသိအမှတ်ပြု လေကြောင်းလိုင်း၏ လိုင်စင်ရှိလေယာဉ်တွင် ခရီးသည်အဖြစ် စီးနင်းခြင်းမဟုတ်ဘဲ အခြားမည်သည့် လေယာဉ်ဖြင့်မဆို ခရီးသွားခြင်းတို့ဖြစ်ပါသည်။

**ခရီးသွားအာမခံထားရှိခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ**

အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားလာနေကြသော ပြည်သူများသည် ခရီးစဉ်အတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် လိုရာခရီးသို့ရောက်ရှိရန် ဆန္ဒရှိကြပါသည်။ သို့သော် မျှော်လင့်မထားဘဲ ဖြစ်ပေါ်လာနိုင်သည့် စက်ချွတ်ယွင်းမှု၊ သဘာဝဘေးအန္တရာယ်၊ အခြားယာဉ်၏ အန္တရာယ်ကြောင့် မတော်တဆ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ရာ ထိုဆုံးရှုံးမှုများကို ခရီးသွားအာမခံထားရှိခြင်းအားဖြင့် မိမိကိုယ်တိုင် ထိခိုက်ခဲ့လျှင်သော်လည်းကောင်း၊ မတော်တဆသေဆုံးခဲ့လျှင်သော်လည်းကောင်း ကျန်ရှိသည့် မိသားစုဝင်များကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

ခရီးသွားအာမခံလုပ်ငန်းသည် အကျိုးအမြတ်ကို ရှေးရှု၍ ဆောင်ရွက်သော အာမခံလုပ်ငန်းအမျိုးအစားမဟုတ်ဘဲ ခရီးသွားလုပ်သားပြည်သူများအတွက် ဆောင်ရွက်ပေးသည့် လူမှုရေးအာမခံဖြစ်ပါသည်။ တစ်နည်းပြောရသော် ပေးသွင်းထားသည့် အာမခံကြေး (ပရီမီယံ)၏ အဆတစ်သောင်း အကာအကွယ်ပေးထားခြင်းဖြစ်ပါသည်။

အကျိုးခံစားခွင့်အား အဆဖြင့် ဖော်ပြထားခြင်းအတွက် လောင်းကစားသဘောမျိုး မထင်မှတ်စေချင်ပါ။ အာမခံလုပ်ငန်း၏ သဘောတရားသည် လောင်းကစားလိုသဘောမျိုးမဟုတ်ဘဲ အာမခံထားသူသည် ထားနိုင်ခွင့် အခွင့်အရေးရှိသူ (ခရီးသည်)သာလျှင်ဖြစ်၍ အကျိုးခံစားခွင့်သည်လည်း အာမခံထားသူ၏ အကျိုးစီးပွားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တစ်စုံတစ်ရာ နစ်နာမှုရှိသူသာလျှင် ရရှိနိုင်မည်ဖြစ်ပါသည်။ အာမခံလုပ်ငန်း သဘောတရားအရ အာမခံထားသူသည် လမ်းခရီးအန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သော ဆုံးရှုံးမှုကို သက်သာစေရန် နည်းအမျိုးမျိုးဖြင့် အစားထိုးဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ အာမခံထားသူအတွက် အကျိုးအမြတ် ရရှိခြင်း မဟုတ်ပါ။ မူလဆုံးရှုံးမှုတန်ဖိုးနှင့် အနီးစပ်ဆုံး အစားထိုးပေးခြင်းဟု ဆိုနိုင်သော်လည်း အသက်သေဆုံးခြင်း၊ ခြေပြတ်၊ လက်ပြတ်ဖြစ်ခြင်းနှင့် မျက်စိကွယ်ခြင်းတို့ကို အစားထိုး၍ မရနိုင်ပါ။ သို့သော် အကျိုးခံစားခွင့်ပေးချေခြင်းဖြင့် ဆုံးရှုံးမှုကို သက်သာစေရန်ဖြစ်ပါသည်။ လူတစ်ယောက်၏ ခန္ဓာကိုယ် အစိတ်အပိုင်း၊ အသက်တို့သည် တန်ဖိုးမဖြတ်နိုင်သည့် အရာများဖြစ်သည့်အတွက် ခရီးသွားလာကြရာတွင် မမျှော်မှန်းနိုင်သည့် အန္တရာယ်ကို တစ်စိတ်တစ်ပိုင်း ကြိုတင်ကာကွယ်သည့်အနေဖြင့် မြန်မာ့အာမခံလုပ်ငန်းတွင် ခရီးသွားအာမခံအကာအကွယ် ဝယ်ယူထားရှိပြီးမှသာလျှင် ခရီးသွားလာသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအထောက်အကူပြု ပညာဒါနအစီအစဉ်ဖြင့် ပညာဗိုလ်စာကြည့်တိုက်ဖွင့်

**ဝေါ ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ ပရဟိတပညာဒါနကျောင်းဝင်း၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားရေး အထောက်အကူပြု နဝမအကြိမ်မြောက် ပညာဒါန အစီအစဉ်နှင့် ပညာဗိုလ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အဗျားဗိုလ်တဲကျေးရွာ ပရဟိတပညာဒါနဘုန်းတော်ကြီးသင်ကျောင်းဝင်းရှိ "ပညာဗိုလ်" စာကြည့်တိုက်ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပရဟိတပညာဒါနကျောင်း ပဓာနနာယက ဆရာတော်အရှင်သုမင်္ဂလတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော်အရှင်သုမင်္ဂလက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအထောက်အကူပြု နဝမအကြိမ်မြောက် ပညာဒါနအစီအစဉ်အား မိန့်ကြားပြီး ကျောင်းသား ကျောင်းသူများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အားပေးစကားပြောကြားကာ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြု နဝမအကြိမ်မြောက်ပညာဒါနပွဲကြီးကို ဇန်နဝါရီ ၇ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ "ပညာဗိုလ်" စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက်တွင် သုတ၊ ရသ၊ ဘာသာရေး စာအုပ်စာပေပေါင်း ၅၀၀ ကျော် ထည့်သွင်းထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ကုန်သွယ်မှုကဏ္ဍတိုးတက်ရေးအတွက် တရားမဝင်ကုန်သွယ်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်များကို စနစ်တကျပြုစုပြီး မှတ်တမ်းတင်ရန် လိုအပ်

ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်ပြီး နိုင်ငံရေး၊ စီးပွားရေးအပြောင်းအလဲများနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသဖြင့် ကဏ္ဍအစုံစုံကို မြှင့်တင်ရန် အဘက်ဘက်မှ ကြိုးစားခဲ့ရာ အတိုင်းအတာတစ်ခုအထိ ခရီးရောက်ခဲ့ပြီဖြစ်သည်။

ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလုပ်ငန်းများ မြန်ဆန်တိုးတက်စေရန် နိုင်ငံတော်အစိုးရများ၏ မူဝါဒများအတိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လုပ်ငန်းစဉ်များ ဖြေလျှော့ခြင်း၊ အခြားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသဖြင့် ပံ့ပိုးဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုလည်း ပိုမိုကောင်းမွန်သည့် စနစ်တစ်ခုဖြစ်ပေါ်လာစေရန်အတွက် စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်နေသည်ဟု ဆိုပါသည်။

ကုန်သွယ်ရေးလုပ်ငန်းများ အမှန်တကယ် တိုးတက်များပြားလာကြောင်းကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော နှစ်အလိုက်၊ လပိုင်းအလိုက် ထုတ်ပြန်သည့် သတင်းအချက်အလက်များ၊ စာရင်းဇယားများမှတစ်ဆင့် လေ့လာသိရှိနိုင်ပါသည်။

၂၀၁၂ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏများမှာ တစ်နှစ်ထက် တစ်နှစ် ပိုမိုမြင့်တက်လာပြီး ကုန်သွယ်မှုပမာဏမှာ ၁၁ ဆခန့်ထိ မြင့်တက်လာသည်ကို တွေ့မြင်နိုင်ပါသည်။

| စဉ် | ဘဏ္ဍာနှစ် | ကုန်သွယ်မှုပမာဏ စုစုပေါင်း (အမေရိကန်ဒေါ်လာသန်း |
|---|---|---|
| ၁။ | ၂၀၁၂-၂၀၁၃ | ၁၈၀၄၅. ၉၂၉ |
| ၂။ | ၂၀၁၃-၂၀၁၄ | ၂၄၉၆၃. ၄၆၄ |
| ၃။ | ၂၀၁၄-၂၀၁၅ | ၂၉၁၅၆. ၈၆၃ |
| ၄။ | ၂၀၁၅-၂၀၁၆ | ၂၂၇၇၁၄. ၈၂၆ |
| ၅။ | ၂၀၁၆- ၂၀၁၇ (စက်တင်ဘာလအထိ) | ၁၃၁၃၀. ၉၆၀ |

ထိုသို့များပြားလာသော ကုန်သွယ်မှုများသည် တရားဝင်ကူးသန်းရောင်းဝယ်သည့် ကုန်သွယ်မှုပမာဏများဖြစ်ပြီး ပြုစုထားရှိမှုအနေဖြင့် စနစ်ကျလှပါသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရာ ဝင်ပေါက်တစ်ခုစီ၏ ကုန်သွယ်မှုပမာဏကို လေ့လာသုံးသပ်နိုင်သည့် အနေအထားမျိုးဖြစ်သည်။ ထို့အပြင် တရားမဝင်ကူးသန်းရောင်းဝယ်သည့် ကုန်သွယ်မှုများလည်း ရှိနေကြောင်းကို အခြားသော သတင်းများနှင့် စာရင်းမှတ်တမ်းများအရ သိရသည်။ တရားမဝင်ကုန်သွယ်မှုများအား တားဆီးမှုဆိုင်ရာ မှတ်တမ်းများအရ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အကောက်ခွန်မဲ့ပစ္စည်းငွေကျပ် ဘီလီယံ ၅၀၀ ကျော်ဖိုး သိမ်းဆည်းခဲ့ပြီး စားသုံးရန်မသင့်သော ကုန်ပစ္စည်း တန်ဖိုးကျပ် ၂၅ ဘီလီယံကျော် ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်သွယ်မှုများအား ဖမ်းဆီးရရှိမှုနှင့် ဆက်စပ်သည့် သတင်းများ၊ ပစ္စည်းအမျိုးအမည်များ၊ ပမာဏများနှင့် အခြေအနေအရပ်ရပ်သုံးသပ်မှုတို့နှင့် ပတ်သက်ပြီးပြုစုထားသည့် အချက်အလက်များမှာမူ တစုတစည်းတည်း မှတ်တမ်းတင်ထားခြင်းမျိုးမရှိဘဲ လေ့လာသူများအဖို့ ရယူနိုင်ရန်လည်း ခဲယဉ်းလှသည်။။

တရားမဝင် မှောင်ခိုကူးသန်းရောင်းဝယ်မှုများကို အစိုးရအဆက်ဆက်က တိုက်ဖျက်ခဲ့ပြီး ယခုအစိုးရသည်လည်း ဆက်လက်ရင်ဆိုင်တိုက်ဖျက်ရဦးမည်ဖြစ်သည်။ World Custom Organisation (WCO) ၏ နှစ်စဉ် ထုတ်ပြန်သောတရားမဝင်ကုန်သွယ်မှုဆိုင်ရာစစ်တမ်း (Illicit Trade Report) များတွင် တရားမဝင်ကုန်သွယ်မှုများအား တိုက်ဖျက်ရာတွင် ပိုမိုထိရောက်သည့် မူဝါဒများချမှတ်နိုင်ရန်နှင့် ပိုမိုကောင်းမွန်သည့် နည်းလမ်းများ ဖော်ဆောင်နိုင်ရန် ထည့်သွင်းစဉ်းစားသင့်သည့် အချက်အလက်များကို ဖော်ပြထားသည်။

ထိုဖော်ပြထားချက်များအရ တရားမဝင် ကုန်သွယ်မှုများကို တန်ပြန်တိုက်ဖျက်မည့်သူများသည် တရားမဝင်မှောင်ခိုကူးသန်းရောင်းဝယ်မှုများ၏ ပမာဏ၊ အနေအထားနှင့် သက်ဆိုင်ရာ ဒေသန္တရအခြေအနေ၊ ကုန်စည်များ စသည့်သတင်းအချက်အလက်များကို နားလည်သဘောပေါက်ရန် အထူးလိုအပ်လှသည်ဟု ဆိုပါသည်။ သို့မှသာ မြေပြင်တွင် ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကို အပြည့်အဝနားလည် သုံးသပ်နိုင်မည်ဖြစ်ပြီး ထိုကဲ့သို့ တရားမဝင်ကူးသန်းရောင်းဝယ်မှုများကို ဟန့်တားနိုင်မည့် နည်းလမ်းများကို ရှာကြံနိုင်မည်ဖြစ်သည်။ အနာသိ ဆေးရှိဆိုသကဲ့သို့ အနာကိုသိမှ သင့်တော်သည့်ဆေးကို ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ အခြေအနေအရပ်ရပ်ကို အပြည့်အဝ နားလည်သုံးသပ်နိုင်ရန် အဆင့်မီသည့် သတင်းအချက်အလက်များ အထူးလိုအပ်လှပေသည်။

လုပ်ငန်းရှင်များ၊ ကုန်သွယ်နေသူများအားလည်း ဖိတ်ခေါ်ပြီး အကြံဉာဏ်ရယူခြင်း၊ လိုအပ်သည့် အထောက်အပံ့များရယူခြင်း စသည်တို့ကို လုပ်ဆောင်သင့်သည်ဟု ဆိုသည်။ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်ထုတ်လုပ်၊ ရောင်းဝယ်နေသည့် လုပ်ငန်းများသည် ဆုံးရှုံးမှုများ၊ ထိခိုက်မှုများနှင့် ကြုံနေကြရသည်။ ထိုလုပ်ငန်းများသည်လည်း ပုဂ္ဂလိက စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှတစ်ဆင့် ၎င်းတို့၏ အခက်အခဲနှင့် ပြဿနာများကို တင်ပြနေကြသည်မို့ ထိုလုပ်ငန်းများကို ရှာဖွေရန် ခက်ခဲလှသည်မဟုတ်ပါ။ ထိုသူများအားလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများအတွက် အကြံဉာဏ်များပေးနိုင်ရန်၊ ၎င်းတို့ ရရှိထားပြီးဖြစ်သည့် သတင်းအချက်အလက်များကို ပေးပို့နိုင်ရန် ဖိတ်ခေါ်ဆွေးနွေးပြီး အတိုင်းအတာ တစ်ခုအထိ ပါဝင်ဆောင်ရွက် ဆွေးနွေးစေသင့်သည်။

နိုင်ငံတကာ၏ နည်းပညာ အထောက်အပံ့များကိုလည်း ရယူဆောင်ရွက်သင့်သည်။ သို့မှသာ ခေတ်မီသည့် နည်းပညာဖြင့် ထိန်းကျောင်းမှုများ၊ စိစစ်၊ ကြပ်မတ်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံ၏ အခွန်ဘဏ္ဍာ ရရှိနိုင်မှုကို အဟန့်အတားဖြစ်စေရုံသာမက တရားမဝင် ဝင်ရောက်လာသော အရည်အသွေးမပြည့်မီသည့်၊ သုံးစွဲရန်မသင့်သည့် ပစ္စည်းများကို စားသုံးသူများက သုံးစွဲရာမှ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်စေနိုင်သည်။ ဈေးကွက်စီးပွားရေးအရ ပြိုင်ဆိုင်မှုကို ပြင်းထန်စေပြီး ဈေးကွက်မတည်ငြိမ်မှုနှင့် ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာပြီး တရားဝင်လုပ်ဆောင်နေသော လုပ်ငန်းများ၏ တိုးတက်မှု၊ ရှင်သန်မှုကိုလည်း အဟန့်အတားဖြစ်စေသည်။

အထူးအားဖြင့် တရားမဝင်ကူးသန်းရောင်းဝယ်ရေးကြောင့် ရာဇဝတ်မှုများနှင့် လူမှုရေးဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေသည်။ ထို့ကြောင့် တရားမဝင် ကူးသန်းရောင်းဝယ်မှုများတိုးပွားရခြင်း အကြောင်းအရင်းကို အဘက်ဘက်မှ စေ့ငုအောင် လေ့လာပြီး သိရှိလာသည့်အချက်များကို တစ်ခုချင်း ဖြေရှင်းစဉ်းစားသင့်သည်ဟု World Custom Organisation (WCO) က သုံးသပ်တင်ပြထားပါသည်။

သို့ပါသောကြောင့် ကုန်သွယ်မှု၊ စီးပွားရေး စသဖြင့် သက်ဆိုင်ရာနယ်ပယ်မှ တတ်သိပညာရှင်ကပါ လေ့လာ၊ သုံးသပ်၊ အကြံပေးနိုင်အောင် လိုအပ်သည့် သတင်းအချက်အလက်များကို စုစည်းထားပြီး မှတ်တမ်းများ ထားရှိသင့်ပေသည်။ သို့မှသာ ပြဿနာ၏ အရင်းအမြစ်ကို ပူးပေါင်းရှာဖွေနိုင်မည်ဖြစ်ပြီး တရားမဝင် ကူးသန်းရောင်းဝယ်မှုများကို ထိထိရောက်ရောက် တန်ပြန်တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။ ။

နေခြည်အောင်



## တရုတ်ကောင်စစ်ဝန်ရုံးနှင့် အထက်မြန်မာနိုင်ငံမှ တရုတ်ဘာသာစာသင်ကျောင်းများ နှစ်သစ်ကူးအားကစားပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှင့် အထက်မြန်မာနိုင်ငံတရုတ်ဘာသာစာသင်ကျောင်းများ ပူးပေါင်းကျင်းပသော နှစ်သစ်ကြိုအားကစားပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၇ နာရီက မန္တလေးမြို့ လမ်း (၃၀)၊ (၈၂) လမ်းနှင့် (၈၃) လမ်းကြားရှိ ဖူချင့်ကွန်ဖြူးရှပ် စာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကောင်စစ်ဝန်ချုပ်ဦးကျော်ရင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်နိုင်ငံပညာတော်သင်ပြန် မြန်မာကျောင်းသားများအသင်းဥက္ကဋ္ဌအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း၊ FITC ကျောင်းအုပ်ကြီး ဒေါက်တာဦးစက်တီတို့က အသီးသီးအမှာစကားပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စားပွဲတင်တင်းနစ်၊ ကြက်တောက်ရိုက်၊ ပြေးခုန်ပစ်နှင့် အားကစားမျိုးစုံပါဝင်သော ပြိုင်ပွဲကိုကျင်းပရာ မန္တလေးမြို့ အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် မြန်မာစာဘာသာသင်ယူနေကြသည့် တရုတ်နိုင်ငံမှ ပညာတော်သင်ကျောင်းသား ကျောင်းသူများ၊ အထက်မြန်မာနိုင်ငံ တရုတ်ဘာသာစာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(၀၀၂)**

## တက္ကသိုလ်ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

တက္ကသိုလ်ကင်းထောက်များ ပြင်ပတောတွင်းစခန်းချ ပညာရပ်များ လေ့ကျင့်သင်ကြား ဆွေးနွေးရန်နှင့် ပြင်ပလူမှုရေးလုပ်ငန်းများ ဗဟုသုတရရှိနိုင်ရန် ကင်းထောက်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်၍ တက္ကသိုလ်ကင်းထောက်များ စခန်းချတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တန်းစံပြကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရုက္ခဗေဒဥယျာဉ်နှင့် ငြိမ်းချမ်းရေးစင်တာတောစခန်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းတက္ကသိုလ် ကင်းထောက်များ စခန်းချတွေ့ဆုံပွဲတွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည့် မြန်မာကင်းထောက်ရာပြည့် အထိမ်းအမှတ် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် မှတ်တမ်းစာအုပ်ပြုစုထုတ်ဝေမည့်အပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းနှင့် မြန်မာ့ကင်းထောက်ရှေ့လုပ်ငန်းစဉ်များ၊ ပြင်ဦးလွင်မြို့နယ် ကင်းထောက်စခန်းများ ဆောက်လုပ်ရန် ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် ကင်းထောက်ကြီးများ စုပေါင်းဆွေးနွေးခြင်း၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများရှိ ကင်းထောက်လုပ်ငန်းဆွေးနွေးပွဲ တက်ရောက်ခဲ့သော တက္ကသိုလ်ကင်းထောက်များက ပြည်ပကင်းထောက် အတွေ့အကြုံများ ဆွေးနွေးပြောကြားကာ တက္ကသိုလ် ကင်းထောက်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးခြင်းနှင့် ကျောက်တန်း စံပြကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းသား ကျောင်းသူလေးများ ခေတ်မီစာကြည့်တိုက်စနစ်၊ ကွန်ပျူတာစင်တာတို့နှင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုလုပ်ငန်းများလေ့လာကာ တောတွင်းစခန်းချ ပညာရပ်များ လေ့ကျင့်သင်ကြားကြမည်ဖြစ်သည်။

တက္ကသိုလ်ကင်းထောက်စခန်းချတွေ့ဆုံပွဲသို့ ကင်းထောက်ကြီးများ၊ တက္ကသိုလ် ကောလိပ်များမှ တက္ကသိုလ်ကင်းထောက် ၅၀၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက် ၁၀ ဦး၊ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက် ၁၀ ဦးတို့ တက်ရောက်ကြမည်ဖြစ်သည်။

တက္ကသိုလ် ကင်းထောက်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် မိဘမဲ့ကလေးများ ပြင်ပဗဟုသုတရရှိစေရန် ဇန်နဝါရီ ၄ ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကလည်း ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် တက္ကသိုလ်ကင်းထောက်များနှင့် မိဘမဲ့ကလေးများသည် လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ နိုင်ငံတော်အလံကို အလေးပြုကာ မြန်မာနိုင်ငံကင်းထောက်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်က လွတ်လပ်ရေးနေ့ အကြောင်း ဟောပြောကာ ကင်းထောက်ကစားနည်းများ ကစားပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို သွားရောက်လေ့လာခဲ့ကြသည်။

**ကိုလတ်(သတင်းစဉ်)**

**အနာဂတ်ကမ္ဘာ လှပဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအကြံပေးကော်မတီဝင် ဦးသော်ကောင်း၊ စာပေဗိမာန် စာတည်းမှူးချုပ် ဦးအောင်သန်း၊ Myanmar Heritage Publications အယ်ဒီတာချုပ် ဦးမြင့်သူ၊ စာပေပညာရှင်ဆရာ ဆရာမကြီးများနှင့် တက်ရောက်လာကြသူများက မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေမည်

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါမြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်။



ဦးသော်ကောင်း



ဦးသိန်းထွန်း



ဦးအောင်သန်း

**ဦးသော်ကောင်း**
**မြန်မာ့စွယ်စုံကျမ်းများပြန်လည်ထုတ်ဝေရေး အကြံပေးကော်မတီဝင်**

စွယ်စုံကျမ်းအနှစ်ချုပ်ဆိုတာ ရှိပါတယ်။ ပထမမူလ ၁၅ တွဲကို ထပ်ဖြည့်တာပါ။ အခုတော့ အနှစ်ချုပ်ကတော့ တစ်နှစ်တစ်ကြိမ် နှစ်တိုင်းထွက်နေတာပါ။ အရင်က ထုတ်ထားတဲ့ ၁၅ တွဲကို ပြန်ပြီးခေတ်မီအောင် အသစ်ပြန်ရိုက်ဖို့ အခုဆွေးနွေးနေတာ ဖြစ်ပါတယ်။ ထွန်းဖောင်ဒေးရှင်းစာပေအဖွဲ့က ကူညီနိုင်ဖို့ ကမ်းလှမ်းထားတာ ရှိပါတယ်။ စာပေဗိမာန်နဲ့ ထွန်းဖောင်ဒေးရှင်းစာပေအဖွဲ့နဲ့ ညှိနှိုင်းပြီး စွယ်စုံကျမ်း ၁၅ တွဲကို ပြန်ထုတ်မှာပါ။ အများပြည်သူတွေဖတ်ဖို့ကောင်းတဲ့ စာအုပ်အဟောင်းတွေထဲက အုပ် ၁၀၀ လောက်ကို စာပေဗိမာန်က တာဝန်ယူပြီး ပြန်ထုတ်ပေးဖို့ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုရှိပါတယ်။ စွယ်စုံကျမ်းတွေက အတွဲလိုက်ထုတ်ပေးရတော့ အချိန်ကယူရပါတယ်။ ၁၉၅၄ ခုနှစ်လောက်က အတွဲ(၁) ထွက်လာတယ်။ ၁၉၇၆-၇၇ ခုနှစ်နောက်ဆုံး အတွဲ ၁၅ တွဲ ဖြစ်သွားပါတယ်။ ၁၅ တွဲကို ထပ်ဖြည့်တဲ့ တစ်နှစ်တစ်ကြိမ် ထွက်တဲ့ စွယ်စုံအနှစ်ချုပ်ထွက်ပါတယ်။ အဲဒီအနှစ်ချုပ်တွေထဲမှာပါတဲ့ အကြောင်းအချက်တွေလည်း စွယ်စုံကျမ်းကြီးထဲမှာ ပြန်ထည့်ရမယ်။ အခု ပြန်ထုတ်ရင် ၁၅ တွဲနဲ့ မပြီးတော့ဘူး။ မူလ ၁၅ တွဲကလည်း ထုတ်ပြီးသားပါ၊ အဲဒီထဲမှာပါတဲ့အကြောင်းအချက်တွေက ပါပြီးသားပါ။ ခေတ်မီအောင် ပြန်လုပ်ရမယ်။ ဘာသာရပ်အသစ်တွေ ပြန်ရေးရမယ်။ လေး၊ ငါးနှစ်နဲ့ပြီးအောင် ကြိုးစားချင်ပါတယ်။ အားလုံးကလည်း အသက်ကရလာကြပြီလေ၊ ခပ်မြန်မြန်လေး ထုတ်ချင်ပါတယ်။ မူလ ၁၅ တွဲကို ခေတ်မီအောင် လုပ်မယ်၊ ပညာရပ်အသစ်တွေထည့်မယ်။ တစ်နှစ်တစ်နှစ်ကို သုံး၊ လေးတွဲထွက်လာအောင် ကြိုးစားချင်ပါတယ်။ ၁၅ တွဲ အားလုံးပြီးအောင် တော်တော်လေးလုပ်ရတယ်။ အခုတော့ အင်တာနက်ရှိတော့လွယ်တယ်။

အင်တာနက်က အကြောင်းအချက်တွေ ယူပြီးတော့ သုံးရတာပေါ့၊ စွယ်စုံကျမ်းကို တစ်ဦးချင်းဝယ်တာတော့ သိပ်မရှိဘူး။ စာကြည့်တိုက်တွေအတွက်ကတော့ အဓိကမရှိမဖြစ် ရည်ညွှန်းစာအုပ်ဆိုတော့ မြန်မာပြည်မှာ စာကြည့်တိုက်ကို ခေတ်မီအောင် လုပ်နေတယ်။ ဒါကြောင့် မြန်မာလိုရေးထားတဲ့ စွယ်စုံကျမ်းကတော့ ရှိသင့်တယ်။ ပညာပေးပိုင်းကတော့ သုတပဒေသာအတွက်ရော အင်မတန်အရေးကြီးပါတယ်။ ပညာသင်ကြားရေးမှာလည်း အထောက်အကူဖြစ်တဲ့ ရည်ညွှန်းစာအုပ်လည်း ဖြစ်တယ်။

**ဦးသိန်းထွန်း**
**(ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ)**

ထွန်းဖောင်ဒေးရှင်းအနေနဲ့ မြန်မာ့စွယ်စုံကျမ်းကို စနစ်တကျနဲ့ ခေတ်မီစွာ ထုတ်ဝေနိုင်ဖို့ ဝိုင်းဝန်းပံ့ပိုးပေးဖို့ အစီအစဉ်ရှိပါတယ်။ ထုတ်လုပ်ရေးကော်မတီနဲ့ အကြံပေးကော်မတီဆိုပြီး ဖွဲ့ထားတယ်။ ကျွန်တော်က ကော်မတီဝင်တစ်ယောက် ဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းကို လိုအပ်ချက်တွေဖြည့်ဆည်းပြီး နိုင်ငံတကာအဆင့်မီဖြစ်အောင် ပြန်လည်ထုတ်ဝေဖို့ စီစဉ်တဲ့အစည်းအဝေးဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းကြီးက နှစ်ပေါင်းတော်တော်ကြာပြီဖြစ်တဲ့အတွက် ခေတ်မီပြီး ပြည့်ပြည့်စုံစုံနဲ့ထုတ်ဖို့ ကော်မတီတွေဖွဲ့ပြီး ကော်မတီအလိုက် တာဝန်ယူထုတ်ပါမယ်။ နောင်လာနောက်သားတွေအတွက် ခေတ်မီပြီး ပြည့်ပြည့်စုံစုံနဲ့ အကျိုးရှိမယ့် စွယ်စုံကျမ်းကြီးဖြစ်ဖို့ ကြိုးစားပါမယ်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ဗဟုသုတစွယ်စုံနဲ့ ရည်ညွှန်းချက်တွေကို ဒီစွယ်စုံကျမ်းက ရနိုင်တယ်။ ဒီစွယ်စုံကျမ်းတွေက မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံတိုင်းမှာလည်း ရှိပါတယ်။ နောင်လာနောက်သားတွေအတွက်၊ တိုင်းပြည်နဲ့လူမျိုးအကျိုးရှိဖို့အတွက် ဒီကျမ်းက အရေးကြီးပါတယ်။

**ဦးအောင်သန်း**
**(စာပေဗိမာန်စာတည်းမှူးချုပ်)**

ဒီနေ့လုပ်တဲ့ အစည်းအဝေးကတော့ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းတွေကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကာလ ၁၉၅၄ ခုနှစ်ကနေ ၁၉၇၆ ခုနှစ်အထိ အက္ခရာအလိုက် ၁၅ တွဲ ထုတ်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ် နောက်ပိုင်းမှာတော့ မြန်မာ့စွယ်စုံကျမ်းတွေ ထုတ်ဝေခြင်းမရှိတော့ဘဲ ၁၉၇၈ ခုနှစ် ကနေစပြီး မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ်ဆိုပြီး Year Book ဆိုပြီး တစ်နှစ်တစ်အုပ်နှစ်စဉ်စာပေဗိမာန်က ပြုစုထုတ်ဝေနေပါတယ်။ ၂၀၁၆ ခုနှစ်အတွက် မြန်မာ့စွယ်စုံကျမ်းတချို့လည်း ဆောင်ရွက်နေတာ ရှိပါတယ်။ အခု ဒီနေ့ပြုလုပ်တဲ့ အစည်းအဝေးကတော့ မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို up to date ဖြစ်အောင် ပြန်လည်ပြင်ဆင်တည်းဖြတ် ပြုစုထုတ်ဝေဖို့အတွက် ညှိနှိုင်းတဲ့အစည်းအဝေး ဖြစ်ပါတယ်။

စာပေဗိမာန်နဲ့ ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ Myanmar Heritage Publications ကလည်း တတ်နိုင်တဲ့ဘက်က ပူးပေါင်းဆောင်ရွက်မယ့်အပိုင်းတွေ ရှိပါတယ်။ စွယ်စုံကျမ်းတွေက နှစ်ကာလကြာမြင့်ပြီဖြစ်တဲ့အတွက် အချို့အချက်အလက်တွေက လက်ရှိနဲ့ မကိုက်ညီတာတွေ့ရပါတယ်။ ဥပမာ-မြန်မာနိုင်ငံ လူဦးရေသည် အရင်တုန်းက သန်း ၅၀ မရှိခဲ့ဘူး၊ အခုလက်ရှိသန်း ၅၀ ကျော်ခဲ့ပြီ။ ဒါမျိုးလေးတွေကအစ up to date အချက်အလက်တွေကို ပြုစုပြီး ပြည်သူ့အတွက် ထုတ်ဝေပေးမှာဖြစ်ပါတယ်။ အချို့အချက်အလက်တွေကလည်း ပြောင်းလဲစရာမလိုတဲ့ အချက်တွေရှိပါတယ်။ လိုအပ်တဲ့အပိုင်းတွေကို ပြင်ဆင်ဖြည့်စွက်ပြီး ပြုစုသွားမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေး

**မုံရွာ ဇန်နဝါရီ ၈**

၂၀၁၇ ခုနှစ် "ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေးခြင်း" အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆင်ခြေထောက်ရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်မှုများ၊ ဖြစ်ပွားမှုများနှင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးတိုက်ကျွေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ အသိပေးဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းအား ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်မှ လူဦးရေ ၃၂၈၄၃၈၁ ဦးအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုပူးပေါင်း၍ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

■



## ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

အပြန်အလှန်သာ ထိန်းကျောင်းနိုင်ပါကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် မေးမြန်းသည့်မေးခွန်း၊ တင်သွင်းသည့် အဆိုများသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ပါရှိသည့် မေးခွန်း၊ အဆိုတို့နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို လိုက်နာကြရန်လိုကြောင်း။

ဥပဒေပြဋ္ဌာန်းရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသည့် ဥပဒေဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းစေရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများ လေးစားလိုက်နာနိုင်သည့် ဥပဒေဖြစ်ရန်လည်း အထူးလိုအပ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည်ဆိုပါက သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ယုံကြည်မှုရှိခြင်းများဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရန် ကိုယ်စားလှယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Check and Balance ပြုလုပ်သည့်နေရာ၌ ကန့်သတ်ချက်ဘောင်များကို ကျော်လွန်ပြီး ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဖြစ်ရအောင် အထူးသတိပြုရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးသမားများဖြစ်ပြီး ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်ရန် အထူးသတိပြုစေလိုကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်အောင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခွင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြပြီး လွှတ်တော်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

# မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားများ အကြမ်းဖက်တိုက်ခိုက်ခံရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်း



ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦး



အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်



ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး

"မလေးရှားနိုင်ငံ စီးရီးဆာဒန်းပြည်နယ်မှာ ဇန်နဝါရီ ၅ ရက် ည ၁၀ နာရီ ဝန်းကျင်မှာ လူသတ်မှုတစ်ခုဖြစ်ပွားတယ်လို့ ပြည်နယ်ရဲဌာနက အကြောင်းကြားလာပါတယ်။ Elecol Switchgear Sdn Bhd ကုမ္ပဏီမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံက အလုပ်သမားတွေ အချိန်ပိုဆင်းပြီး အပြန်လမ်းမှာ မျက်နှာဖုံးစွပ်လူလေးဦးက ဓားတွေနဲ့ ဝိုင်းဝန်းတိုက်ခိုက်ကြတဲ့အတွက် အခင်းဖြစ်ပွားတဲ့နေရာမှာ မြန်မာအလုပ်သမားလေးဦး သေဆုံးပြီးတော့ နှစ်ဦးကတော့ ပြင်းထန်စွာဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

ဒဏ်ရာရရှိသူတွေအနက် သုံးဦးကတော့ ဆေးရုံမှာ ကုသမှုခံယူနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သံရုံးက တာဝန်ရှိတဲ့သူတွေရယ်၊ အလုပ်သမားသံအရာရှိတွေရယ်၊ စစ်သံရုံးက တာဝန်ရှိသူတွေရယ်၊ ပန်းအလင်္ကာ ပရဟိတအဖွဲ့က တာဝန်ရှိသူတွေက သေဆုံးသွားတဲ့သူတွေ လုပ်ကိုင်တဲ့စက်ရုံကိုလည်း လိုက်သွားတယ်။ ဆေးရုံကိုလည်း လိုက်သွားတယ်။ လျော်ကြေးရရှိရေးနဲ့ သတင်းအချက်အလက် ပြည့်ပြည့်စုံစုံရရှိရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးက ပြောသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "မလေးရှားမှာ မြန်မာအလုပ်သမားတွေ အကြမ်းဖက်တိုက်ခိုက်ခံရတဲ့ဖြစ်စဉ်က ဇန်နဝါရီ ၅ ရက် ညပိုင်းမှာဖြစ်တာပါ။ သူတို့လုပ်တဲ့ အလုပ်ရုံနဲ့နေတဲ့ အဆောင်က လမ်းလျှောက်ရင် ၁၀ မိနစ်ပဲ ကြာတယ်တဲ့။ ပြန်လာတဲ့အခါမှာ ဖြတ်လမ်းကနေ ပြန်လာတယ်လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ရုတ်တရက် ကားနှစ်စီးနဲ့ ဆိုင်ကယ်တွေနဲ့လူတွေ ရောက်လာတယ်။ ဆိုင်ကယ်စီးဦးထုပ်တွေဆောင်းထားပြီးမှ ဝင်ပြီးတိုက်ခိုက်တယ်၊ ဓားတွေနဲ့ ခုတ်တယ်လို့ သိရပါတယ်။

ဖြစ်ဖြစ်ချင်းမှာပဲ မလေးရှားမှာရှိတဲ့ အလုပ်သမားသံအရာရှိတွေ စက်ရုံကို လိုက်သွားပါတယ်။ သံရုံးက ပထမအတွင်းဝန်ရယ်၊ စစ်သံရုံးကတစ်ဦး ပါပါတယ်။ စက်ရုံကို အခြေအနေသွားမေးပြီး ဒီကိစ္စကို ဘယ်လိုလုပ်ပေးမလဲဆိုတာကို ဆွေးနွေးကြတယ်။ ဒဏ်ရာရသူတွေကို ဆေးကုသနိုင်ရေး ဆွေးနွေးတယ်။ ရဲစခန်းနဲ့ ဆေးရုံကိုလည်း သွားပြီးတော့ ဆောင်ရွက်ပေးစရာရှိတာတွေကို လုပ်ဆောင်ပေးတယ်။ နောက်ထပ်ကျန်တဲ့ ခုနစ်ယောက်အုပ်စုကို ဒီကနေ့ ရဲစခန်းမှာ ဖြစ်စဉ်နဲ့ ပတ်သက်လို့မေးဖို့ ခေါ်ထားတယ်လို့ သိရပါတယ်။ မနေ့ကအထိတော့ ရဲတွေက စုံစမ်းနေတာတွေ ရှိပါတယ်။

ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး မြန်မာအလုပ်သမား ခုနစ်ဦးကို ဖမ်းဆီးထားတာ မဟုတ်ပါဘူး။ ဖြစ်စဉ်နဲ့ပတ်သက်လို့ မေးမြန်းဖို့ ခေါ်ထားတာပါ။ ဒီဖြစ်စဉ်ဟာ ရခိုင်ပြည်နယ်ဖြစ်စဉ်နဲ့ ပတ်သက်မှု ရှိ၊ မရှိ ဆိုတာကိုတော့ စုံစမ်းဖော်ထုတ်နေဆဲဖြစ်လို့ အတိအကျ ပြောလို့မရသေးပါဘူး"ဟု ပြောသည်။

အဆိုပါစက်ရုံတွင် အလုပ်လုပ်နေသည့် မြန်မာအလုပ်သမား ၃၀ အနက် ၁၅ ဦးမှာ တရားဝင်အလုပ်လုပ်ကိုင်နေခြင်းဖြစ်ပြီး ကျန် ၁၅ ဦးမှာ တရားမဝင် အလုပ်လုပ်ကိုင်နေသူများဖြစ်သည်ဟု ဆိုသည်။ ယခုသေဆုံး၊ ဒဏ်ရာရနှင့် စစ်ဆေးခံနေရသူ ၁၅ ဦးတွင် တရားဝင်နှင့် တရားမဝင် အလုပ်လုပ်ကိုင်နေသူများ ရောပါနေကြောင်း သိရသည်။

တရားဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာကုမ္ပဏီများကို သွားရောက်ကူညီရန် ဆောင်ရွက်ခိုင်းထားပြီးဖြစ်ကြောင်း၊ မလေးရှားနိုင်ငံရှိ အလုပ်ရှင်အေဂျင်စီ အသင်းချုပ်သို့လည်း ဆက်သွယ်၍ ကူညီဆောင်ရွက်ပေးရန် ညှိနှိုင်းထားပြီးဖြစ်ကြောင်း သိရသည်။ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူများအတွက်လည်း သံရုံးမှ တာဝန်ရှိသူများနှင့် အလုပ်သမား သံအရာရှိများက တန်းတူအခွင့်အရေးရအောင် လိုက်လံဆောင်ရွက်နေသည်ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ထံမှ သိရသည်။

နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "မလေးရှားနိုင်ငံမှာ မြန်မာအလုပ်သမားတွေ တိုက်ခိုက်ခံရတဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ မြန်မာသံရုံးက တာဝန်ရှိသူတွေက မလေးရှားက တာဝန်ရှိသူတွေ ပူးပေါင်းပြီးတော့ ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ အသေးစိတ်သိရအောင်၊ ဒီဖြစ်စဉ် ဘာကြောင့်ဖြစ်ရတာလဲ၊ ဘယ်သူတွေလုပ်တာလဲ၊ ဘယ်လိုအကြောင်းအရင်းနောက်ခံတွေ ရှိသလဲ၊ ဘယ်လိုအကြောင်းတွေ ဆက်စပ်နေသလဲ၊ ကျန်တဲ့ဆက်စပ်မှုတွေ ဘာတွေရှိသလဲ ဒါတွေသိရှိရအောင် မလေးရှားရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

"ဘာကြောင့်ဖြစ်ရတယ်ဆိုတာ သိမှ ဘာဆက်လုပ်ရမယ်ဆိုတာသိပြီး လုပ်လို့ရမှာပါ။ မလေးရှားမှာရှိတဲ့ မြန်မာအလုပ်သမားတွေ၊ မြန်မာနိုင်ငံသားတွေအနေနဲ့ ဒီဘက်မှာတစ်ခုခုဖြစ်တိုင်း အဲဒီဘက်မှာ တစ်ခုခုဖြစ်တယ်ဆိုတဲ့ ယူဆချက်တွေရှိပါတယ်။ မြန်မာနိုင်ငံ ပြည်တွင်းရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနဲ့ မလေးရှားရောက် မြန်မာနိုင်ငံသားတွေရဲ့ အခြေအနေတိုးတက်မှုတွေ ဆက်စပ်မှုရှိနေတယ်ပေါ့။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဆိုရင် မလေးရှားကို အလုပ်သမားတွေစေလွှတ်ဖို့ ရပ်ဆိုင်းထားတဲ့အထိ ဖြစ်ခဲ့ပါတယ်။

မလေးရှားရောက် မြန်မာနိုင်ငံသားတွေအနေနဲ့ သွားရောက်လုပ်ကိုင်တဲ့အခါမှာ ဘယ်နေရာတွေက အန္တရာယ်များတယ်။ ဒါဆို မသွားနဲ့၊ မဖြစ်မနေသွားရမယ်ဆိုရင်လည်း အနည်းစုနဲ့မသွားဘဲနဲ့ အများစုနဲ့သွား။ မတတ်သာလို့ အများစုနဲ့သွားမယ်ဆိုရင်လည်း ဘယ်သူကဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာကို ကိုယ့်ကွန်ရက်နဲ့ကိုယ် အဆက်မပြတ်စေဖို့လိုပါတယ်။ အလုပ်သမားတွေအနေနဲ့ အလုပ်သမားအဖွဲ့အစည်းတွေ၊ နာရေးကူညီမှုအသင်းလိုဟာမျိုးတွေနဲ့ စုစည်းပြီးတော့ သံရုံးတွေနဲ့ အဆက်မပြတ် ဆောင်ရွက်ဖို့လိုပါတယ်"ဟု ဦးဇော်ဌေးက ပြောသည်။

ရေရှည်အနေဖြင့် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံအစိုးရချင်း ဆွေးနွေးညှိနှိုင်းနေကြောင်း၊ တရားဝင်လမ်းကြောင်းမှ တရားဝင်အလုပ်သမားများ စေလွှတ်ရေး၊ အလုပ်သမားများအတွက် ရသင့်ရထိုက်သည့် တရားဝင်အခွင့်အရေးများရရှိရေး၊ အကာအကွယ် လုံခြုံမှုရရှိရေးတို့ကို မလေးရှားနိုင်ငံနှင့် ညှိနှိုင်းပြီး ဆောင်ရွက်နေကြောင်း၊ ထိုင်းနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့်ပုံစံမျိုး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ပါက ဥပဒေကြောင်းအရ ထိုက်တန်သည့် အခွင့်အရေးရရှိမည် မဟုတ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် သံရုံးနှင့် ဆက်သွယ်စေလိုကြောင်း၊ သံရုံးတွင် တွဲဖက်ထားသည့် အလုပ်သမားသံအရာရှိများနှင့် ဆက်သွယ်စေလိုကြောင်း၊ အဓိကမှာ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ၏ အကျိုးစီးပွားဖော်ဆောင်နိုင်ရန် ဖြစ်ကြောင်း၊ နှစ်နိုင်ငံညှိနှိုင်းပြီး ဆောင်ရွက်သွားလျှင် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ၏ အနေအထား ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ဦးဇော်ဌေးက ဖြည့်စွက်ပြောကြားသည်။

**တွေ့ဆုံမေးမြန်း**
**ညီညီထွန်း၊ မျိုးမြင့်၊ ကျော်သူထက်**

# City FM ၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်အသံလွှင့်ဌာန City FM ၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီ ၇ ရက် ည ၇ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဇနီး ဒေါ်ခင်မြမြအောင်တို့ တက်ရောက်ပြီး အကောင်းဆုံးမြန်မာသံစဉ်အမျိုးသား အမျိုးသမီးနှင့် တေးထုတ်လုပ်သူဆုများအား City FM ၏ သင်္ကေတ တဃောရွှေစင်ရုပ်တုများကို ချီးမြှင့်ပေးသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ၂၀၁၆ ခုနှစ် တစ်နှစ်တာအတွင်း ကြော်ငြာအများဆုံးထည့်သွင်းသည့် ကြော်ငြာမီဒီယာအေဂျင်စီ City FM စတီရီယိုနှင့် MPT စီးပွားရေးလုပ်ငန်းရှင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

City FM ၏ (၁၅)နှစ်မြောက် တဃောရွှေစင်ရုပ်တုများချီးမြှင့်ရာတွင် ၂၀၁၆ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး မြန်မာသံတေးစီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင် ဝင်းလဲ့ချယ်ရီ၊ အမျိုးသားတေးသံရှင် သန်းဖေလေးနှင့် မြန်မာသံ တေးစီးရီးထုတ်လုပ်သူ နုနုရည်တေးထုတ်လုပ်ရေးအားလည်းကောင်း၊ ၂၀၁၆ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံး စတီရီယိုတေးစီးရီးသီဆိုသူ အမျိုးသမီးတေးသံရှင် မိစန္ဒီ၊ အမျိုးသားတေးသံရှင် ရွှေထူးနှင့် စတီရီယိုတေးစီးရီးထုတ်လုပ်သူ ပြုံးတေးထုတ်လုပ်ရေးတို့အားလည်းကောင်း၊ ၂၀၁၆ ခုနှစ်အတွင်း ရေပန်းအစားဆုံး၊ ပရိသတ်တောင်းဆိုမှု အများဆုံးဆုကို အမျိုးသမီးတေးသံရှင် နီနီခင်ဇော်၊ အမျိုးသားတေးသံရှင် ဝေလတို့အား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက City FM ၏ သင်္ကေတ တဃောရွှေစင်ရုပ်တုများကို တစ်ဦးချင်းချီးမြှင့်ပေးကာ ရွှေနေခြည်ဝန်ဆောင်မှုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကိုကိုဇေယျာဖြိုးက တစ်ကျပ်သားရှိ ရွှေစင်ရွှေပြားဆုများကို တစ်ဦးချင်း ထပ်မံ၍ ချီးမြှင့်ပေးပြီး ဆုရသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြကြောင်း သိရသည်။

**(စောသိန်းဝင်း)**

# ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်စိုက်ပျိုးရေးဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးဆေးပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုသည် ပို့ကုန်အမယ်အုပ်စုများတွင် ဒုတိယအများဆုံးအုပ်စုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်ပမှတရားမဝင် တင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းအတုများ၊ စံမမီမှုများကြောင့် တောင်သူလယ်သမားများအတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တောင်သူလယ်သမားများ၏ တင်ပြချက်များအရ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၏ ဈေးနှုန်းများကြီးမြင့်နေခြင်း၊ အရည်အသွေးပိုင်းဆိုင်ရာ စံမမီဖြစ်နေခြင်း၊ မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲပုံ၊ သုံးစွဲနည်းအညွှန်းအမှတ်အသားများမပါရှိခြင်း၊ သုံးစွဲပုံနည်းစနစ်အတွက် ပညာပေးဖြန့်ဝေမှုအားနည်းခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်နေခြင်းတို့ကြောင့် လက်တွေ့ စိုက်ပျိုးထုတ်လုပ်မှုနယ်ပယ်တွင် အခက်အခဲများနှင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြသည်ကို သိရှိရကြောင်း၊ ပို့ကုန်များ တိုးမြှင့်တင်ပို့ရာတွင် အဓိကလယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့်အသေးစား၊ အလတ်စားလုပ်ငန်းကဏ္ဍများကို အားထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များတွင် ကုန်ကျစရိတ်များ ကြီးမြင့်ခြင်းနှင့် အရည်အသွေး နိမ့်ကျခြင်းများနှင့်ပတ်သက်၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ သွင်းအားစုများအပေါ်တွင် ဖြေရှင်းရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို အားလုံးညှိနှိုင်းဆွေးနွေးအဖြေရှာရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိရောက်စွာ အရေးယူတားဆီးနိုင်ရေးအတွက် သက်ဆိုင်သည့် ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ဆက်လက်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအတုများ တရားမဝင် ဝင်ရောက်နေမှု၊ စံချိန်စံညွှန်းမမီမှုများ၊ ဈေးနှုန်းကြီးမြင့်မှုများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြပြီး အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**



# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ လယ်ဝေးမြို့နယ်၌ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ဒလန့်ချွန်အုပ်စု ဒလန့်ချွန်ကျေးရွာရှိ အထက(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသန့်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် မှုခင်းဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ အမှတ်(၁၀၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးလှမိုးက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၁) နေပြည်တော်မှ ရဲအုပ် ရဲဝင်းလွင်က လူမှောင်ခိုကူးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော် အသင်းခွဲဒု-ဥက္ကဋ္ဌ ဦးတင်ငွေက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးစွဲသူ များပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) နေပြည်တော်အသင်းခွဲကော်မတီဝင် ဒေါ်ခိုင်ဆွေဆွေဝင်းက မူးယစ်ဆေးဝါးနှင့် နောက်ဆက်တွဲအန္တရာယ်အကြောင်းတို့ကိုလည်းကောင်း ဟောပြောခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၀၇)**

# မြို့နယ်လုံးကျွတ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေးစီမံကိန်း သင်တန်းဖွင့်

**ပုသိမ် ဇန်နဝါရီ ၈**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၈၂ ရွာအား ကျေးရွာတစ်ရွာလျှင် သင်တန်းသား နှစ်ဦးနှုန်းဖြင့် သင်တန်းသား သင်တန်းသူ ၅၆၄ ဦးအား သင်တန်း ၁၇ ကြိမ် ပို့ချခဲ့သည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာများမှ တင်ပြသော ဦးစားပေးလုပ်ငန်းများ၊ ကျေးရွာသယံဇာတ မြေပုံ၊ ကျေးလက်နေပြည်သူများ၏ ဝမ်းစာဖူလုံမှုအခြေအနေများပါဝင်ပြီး သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့သည့်အတွက် ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၈၂ ရွာမှ လိုအပ်ချက်များနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် များစွာအထောက်အကူပြုနိုင်မည့် စီမံကိန်းဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် ကျေးရွာငါးရွာတွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် ကျေးရွာ ၂၀ ရွာအား ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ဂုဏ်ပြုဆုများချီးမြှင့်

**ပေါင် ဇန်နဝါရီ ၈**

ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးတို့အတွက် ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ပေါင်မြို့ မြို့မအားကစားဘောလုံးပြိုင်ကွင်းအတွင်း၌ ကျင်းပသည်။

"အခုလိုမျိုး ဂုဏ်ပြုပေးတာက အလွန်ကောင်းပါတယ်။ အဓိကကတော့ ရွာမှာရှိတဲ့ လူငယ်တွေက ပူးပေါင်းပါဝင်မယ့် စိတ်ဓာတ်မျိုးတွေရှိရမယ်။ လူငယ်တွေကိုယ်တိုင်ကလည်း စာဖတ်အားရှိရမယ်။ ခုနောက်ပိုင်းက ကလေးတွေအတွက် စာဖတ်ချိန်နည်းလာတယ်။ ဒါကို ဆရာ ဆရာမတွေအနေနဲ့ ပူးပေါင်းပါဝင်စေလိုပါတယ်"ဟု ဥတ္တံတားကျေးရွာ ရတနာမွန် စာကြည့်တိုက်မှူး ကိုကျော်ကျော်က ပြောသည်။

ထို့နောက် ဆုရရှိကြသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၂၇ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ အသစ်ထွက်ရှိသောစာအုပ်စာရင်း

**(ယမန်နေ့မှ အဆက်)**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၅ | ဂမ္ဘီရဆရာလှမျိုး | ကောင်းကျိုးဝေလျှံ ကိုးနဝင်အဓိဋ္ဌာန် | ၈၀၀ိ/- | မဇ္ဈိမစာပေ |
| ၃၆ | ချစ်ဝေဝေ | ရုပ်ပုံများကိုကြည့်၍ အင်္ဂလိပ်စာဝါကျ တည်ဆောက်ခြင်း | ၂၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၃၇ | ဒေါက်တာအရှင်သူရိယ | သဘာဝပတ်ဝန်းကျင်နှင့်ဗုဒ္ဓဘာသာအမြင် | ၁၀၀၀ိ/- | မသိမဖြစ်စာပေ |
| ၃၈ | မနှင်းဖွေး | မန္တလေးသို့သွားနေသည်နှင့် အခြားအတွေးစာစုများ | ၂၅၀၀ိ/- | မျိုးသစ်စာပေ |
| ၃၉ | တင်ထွန်းနိုင် | မော်စီတုံး-အဘိဓမ္မာလေးစောင်တွဲ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၀ | သောင်းဝေဦး | မိုးမိတ်တိုက်ပွဲ | ၂၀၀၀ိ/- | မြရတနာစာပေ |
| ၄၁ | ထွဏ်းအောင်ကျော် | ကုလားမနိုင်ရခိုင်မေး | ၁၅၀၀ိ/- | ရွှက်ကျပင်ပေါက် |
| ၄၂ | ညိုမြ(သုမန)(မြန်မာပြည်) | တစ်ကိုယ်တော်(SHANE-Jack Schaefer) | ၁၅၀၀ိ/- | ရာပြည့်စာပေ |
| ၄၃ | ဥပဒေသုတေသီ ခင်ဝင်းမြင့် | တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ယစ်မျိုးခွန်ဥပဒေနှင့်သိမှတ်ဖွယ်ရာများစုစည်းမှု | ၂၅၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၄၄ | နောင်ကျော် | ငြိမ်းချမ်းရေးခရီးနှင့် ကွေ့ကောက်မတ်စောက်သောလမ်းများ | ၁၅၀၀ိ/- | လင်းသစ်ရောင်စဉ်စာပေ |
| ၄၅ | မောင်သာနိုး | အင်္ဂလိပ်သဒ္ဒါညီလာခံ | ၅၀၀၀ိ/- | သင်းစာပေ |
| ၄၆ | ဒေါက်တာထွန်းဝင်း | HR နယ်ပယ်မှ စိတ်ပညာကစားကွက်များ ( HR Management and Psychology) | ၂၀၀၀ိ/- | သရဖီထွန်းဝင်းစာပေ |
| ၄၇ | မောင်ရင်မန်း | ကျွန်တော်ပြည်ပြေး (ကိုယ်တွေ့ဖြစ်ရပ်မှန်) | ၂၅၀၀ိ/- | သုခပြည့်စေစာပေ |
| ၄၈ | အောင်စွမ်း | တပ်ပြုတ်အရပ်ပြုတ် ပါတီပြုတ်တို့၏ဇာတ်ရှုပ်များ | ၂၅၀၀ိ/- | ဟန်သာဆုစာပေ |
| ၄၉ | ရဲမှူးချုပ်မောင်မောင်သန်း | စီအိုင်ဒီ၏ဖြစ်ရပ်မှန်အလင်းရောက်မှုခင်းများ | ၁၅၀၀ိ/- | ဟန်သာဆုစာပေ |
| ၅၀ | ကြည်လွင်မြင့်(မုဒြာ) | နေ့စဉ်စားသုံးနေသောဟင်းသီး ဟင်းရွက်များ၏ထူခြားသောဆေးဖက်ဝင် အာနိသင်များ(မီးဖိုချောင်မှာဆေးရှိတယ်) | ၂၀၀၀ိ/- | အလင်းသစ်စာပေ |
| ၅၁ | ဆလိုင်းရွှေလင်း | အကျိုးရှိစွာ အသက်ရှည်ရေး | ၃၀၀ိ/- | သုဒန္တစာပေ |
| ၅၂ | မင်းကိုနိုင် | ကျေဇူးတင်ပါသည် | ၃၅၀၀ိ/- | ကောင်းကင်စာပေ |
| ၅၃ | နိုက် | ကျောက်တုံးကြီးတွေရဲ့ သူရဲကောင်း | ၁၅၀၀ိ/- | နေရဋ္ဌရာစာပေ |
| ၅၄ | တက္ကသိုလ်မောင်သုည | အဘိုးပြောတဲ့ ရာဇဝင်ပုံပြင်များ(ဒုတိယတွဲ) | ၁၅၀၀ိ/- | ရွှေသစ္စာစာပေ |
| ၅၅ | ဦးတင်ဦး(ကျူရှင်)(မြန်မာပြည်) | မြန်မာတပ်မတော်ကိုလေ့လာခြင်း | ၅၀၀၀ိ/- | လောကသစ်စာပေ |
| ၅၆ | | GHOST STORYသရဲစာစဉ်(၅) | ၁၉၀၀ိ/- | အောင်မြင်စာပေ |
| ၅၇ | ဒေဝတာ | သုဿန်ကခေါ်လာတဲ့သရဲ | ၁၉၀၀ိ/- | အောင်မြင်စာပေ |
| ၅၈ | ကလောင်စုံ | ခြောက်ကောင်ဂျင်(ကဗျာများ) | ၂၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၅၉ | မြင်းမူမောင်နိုင်မိုး | ကဗျာစပ်ပုံဖွဲ့နည်းစုံ | ၁၅၀၀ိ/- | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၆၀ | Ledwintha Saw Chit | The Gatekeeper and other short stories | ၂၅၀၀ိ/- | ပန်းမြိုင်လယ် |
| ၆၁ | အထောက်တော်လှအောင် | ရှစ်ဝပ်ကဂျင်းခြေလည်သူ | ၈၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၂ | ဘဂျမ်း | ဘဂျမ်းကာတွန်းပေါင်းချုပ်(ဒုတိယတွဲ) | ၅၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၃ | | Real Lives Real Stories V.36 | ၂၅၀၀ိ/- | The Book House |
| ၆၄ | | တကယ်လုပ်နိုင်တယ် | ၂၈၀၀ိ/- | စာပေခရီးသွား |
| ၆၅ | ပါရဂူ | စိန္တာမယ/စိန္တာရယ | ၃၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၆ | မန်းတင်ကိုဖိုးလုံး | ကိုဖိုးလုံး | ၂၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၇ | ငြိမ်းကျော် | ဝတ္ထုလတ်ပေါင်းချုပ် | ၈၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၈ | ဗန်းမော်တင်အောင် | ဝတ္ထုတိုပေါင်းချုပ်(၂) | ၃၃၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆၉ | အောင်ချိမ့် | တစ္ဆေ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၇၀ | ကြည်အေး | ပေါက်ကျော်ဖို့ပုံ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၇၁ | ရှေ့နေမောင်ကံ | ပြောင်းလဲချိန်တန်ပြီ ဆောင်းပါးများ | ၂၈၀၀ိ/- | သင်းစာပေ |

# အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် တရားဝင်စတင်ဖွင့်လှစ် ရန်ကုန်ဧရိယာအပြင် နယ်စပ်ဒေသများတွင်ပါ MACCS စနစ်တိုးချဲ့သွားမည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) စတင်အသုံးပြုခြင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်က ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ MACCS စနစ်ကို ပြီးခဲ့သည့် ၂၀၁၆ ဩဂုတ်မှစတင်ကာ စမ်းသပ်အသုံးပြုခဲ့ပြီး အပြည့်အဝအသုံးပြုမှုကို နိုဝင်ဘာလအတွင်းက ရန်ကုန်ဧရိယာအတွင်းအတွင် စတင်အသုံးပြုခဲ့သည်။ ယင်းစနစ်ကို လာမည့် ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် ရန်ကုန်ဧရိယာတွင် အသုံးပြုခြင်းအပြင် နယ်စပ်ဒေသကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် တိုးချဲ့အသုံးပြုသွားနိုင်ရေးစီစဉ်ထားရှိထားကြောင်း ယနေ့ကျင်းပခဲ့သည့် ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

ယင်းစနစ်ကို စတင်အသုံးပြုခဲ့စဉ်က အခက်အခဲများ၊ စနစ်နှင့် အကျွမ်းဝင်ခြင်းမရှိသေးသည့်အတွက် နှောင့်နှေးမှုများရှိခဲ့သော်လည်း အဆင်ပြေနိုင်ရေး ပူးပေါင်းဖြေရှင်းဆောင်ရွက်ခဲ့ပြီး သွင်းကုန်၊ ထုတ်ကုန်ရှင်းလင်းရေးလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ၂၄ နာရီပတ်လုံး လည်ပတ်ဆောင်ရွက်သွားမည့် စနစ်တစ်ခုဖြစ်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ လွယ်ကူလျင်မြန်လာခြင်း၊ ကုန်သွယ်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဟု အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စနစ်ဟောင်းတစ်ခုမှ နိုင်ငံတကာတွင်ကျင့်သုံးနေသည့် စနစ်သစ်တစ်ခုကို ကူးပြောင်းရသည်ဖြစ်သည့်အတွက် အခက်အခဲများစွာရှိသော်လည်း အောင်မြင်စွာ ကျော်လွှားနိုင်ရန် ယုံကြည်ပြီး ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့စေရေးအပြင် အာဆီယံပြတင်းတစ်ပေါက်စနစ်ကို အထောက်အကူပြုနိုင်မည့် National Single Window (NSW) အထောက်အကူပြု MACCS စနစ်နှင့် Myanmar Customs Intelligence System (MICS)စနစ်ကို ကျင့်သုံးရခြင်းဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဆိုပါ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

MACCS စနစ်နှင့် Myanmar Customs Intelligence System (MICS)စနစ်ကို ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီ (Grant Aid) ဖြင့် ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၃၀ ကျော် အသုံးပြုလာခဲ့သည့် ဂျပန်နည်းပညာကို အခြေခံဆောင်ရွက်ခဲ့ကာ ဂျပန်ယန်း သန်း ၃၉၉၀ ဖြင့် ဆောင်ရွက်ခဲ့သည့် စီမံကိန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံနည်းတူ အသုံးပြုနိုင်ခဲ့သည့် ဗီယက်နမ်နိုင်ငံ၌ အဆိုပါစနစ်သုံးစွဲရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကိုလည်း ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

MACCS စနစ် ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ သွင်းကုန်/ ထုတ်ကုန်ဆိုင်ရာလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(၀၀၁)**

# ပုလောမြို့နေပြည်သူများအား အခမဲ့ဆေးကုသ

**ပုလော ဇန်နဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ဒက္ခိဏဒီပါဆေးရုံမှ အထွေထွေရောဂါကုဆရာဝန်နှင့်အဖွဲ့က ပုလောမြို့နေ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီက ပုလောမြို့ မေတ္တာရှင်ပရဟိတ အဆောက်အအုံအတွင်း၌ ဆောင်ရွက်ပေးကြောင်း သိရသည်။

အထွေထွေရောဂါကု ဆရာဝန် ဦးတိုးမြင့်နှင့် အရိုး ၊ အကြော အထူးကု ဆရာဝန်များက စုစုပေါင်း လူနာ ၁၅၀ ခန့်အား ည ၆ နာရီ အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



# ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်တွင် အထွေထွေရောဂါများ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေး

**ထားဝယ် ဇန်နဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သီတဂူအာရောဂျဒါန ဆေးရုံတော်တွင် (၁၁)ကြိမ်မြောက်ကျန်းမာရေးအလှူတော်ကို သီတဂူဆရာတော်ကြီး၏အစီအစဉ်ဖြင့် စစ်ကိုင်းသီတဂူ ဇီဝိတဒါန ဆေးရုံအုပ်ကြီးဒေါက်တာခင်မောင်ဇော်၊ ခွဲစိတ်အထူးကု သမားတော်ကြီး ဒေါက်တာမြသိန်းဟန်အဖွဲ့နှင့် အမေရိကန်နိုင်ငံမှ Aloha Medical Mission အဖွဲ့မှ Dr.Carl. MD ခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးဆောင်သော ၁၇ ဦးပါ ခွဲစိတ်အဖွဲ့နှင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့်အထူးကုဆရာဝန်များပူးပေါင်းကာ အထွေထွေရောဂါဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ် ဇီဝိတဒါန လှူဒါန်းမည်ဖြစ်သည်။

စစ်ကိုင်းသီတဂူ ဇီဝိတဒါန ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဇော်နှင့် ခွဲစိတ်အထူးကုဆရာဝန်များအဖွဲ့က ဇန်နဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ စမ်းသပ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်အထိ ခွဲစိတ်ကုသပေးမည်ဖြစ်ကာ လူမျိုးဘာသာမရွေးကုသနိုင်ကြောင်း သိရသည်။

စမ်းသပ်ခွဲစိတ် ကုသပေးမည့် အထွေထွေရောဂါများမှာ လည်ပင်းကြီးရောဂါ၊ မျက်နှာနှင့် ခန္ဓာကိုယ်ပေါ်ရှိ အကြိတ်အဖုအလုံးများခွဲစိတ်ပေးမည်ဖြစ်ပြီး အူကျရောဂါ ၊ မုတ်ရောဂါ၊ လိပ်ခေါင်းရောဂါ၊ အူအတက်ရောဂါ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါများ၊ နှလုံး ၊ ဆီးချို ၊ သွေးတိုး ၊ ကျောက်ကပ်ရောဂါများကို အမေရိကန်အထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ကုသလိုသည့် ဝေဒနာရှင်များအနေဖြင့် ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင် တစ်ဦးဦးသော်လည်းကောင်း ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအတွင်းရှိ သီတဂူအာရောဂျဒါနဆေးရုံတော် ရုံးခန်း၌ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# မှူခင်းအသိပညာပေးယာဉ် လှည့်လည်ပြသ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်သူများ မှုခင်းအသိပညာရရှိရန်၊ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန် ရည်ရွယ်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မှုခင်းအသိပညာပေးယာဉ်ဖြင့် အပတ်စဉ် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် အာသာဝတီလမ်းနှင့် စန္ဒာလမ်းဆုံအနီးတွင် ဒက္ခိဏသီရိမြို့နယ်မှူး ရဲမှူးခင်မောင်ကျော်၊ ဒက္ခိဏသီရိမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ဝေယံအောင်၊ နေပြည်တော် မူးယစ်တပ်ဖွဲ့စု (၁၀၁)မှ ဒု-ရဲအုပ်အောင်ဖြိုးဝေ၊ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ မှုခင်းအသိပညာပေးယာဉ်ပေါ်ပါ ပြခန်းများကို ရှင်းလင်းပြသခဲ့ရာ ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာရှိ Royal ACE ဟိုတယ် အင်းဝဆောင်ဘေးရှိ ကားပါကင်တွင် မှုခင်းအသိပညာပေးယာဉ်ဖြင့် ပြသ၍ အသိပညာပေးခဲ့ရာ Royal ACE ဟိုတယ်မှ ဒုတိယမန်နေဂျာ ဦးအေးမင်းထွန်းနှင့် ဟိုတယ်ဝန်ထမ်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ကာတွန်းအဖော်စာဖတ်ပျော် ကလေးစာကြည့်တိုက်အစီအစဉ်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်)က ကြီးမှူးကျင်းပသော “ကာတွန်းအဖော်စာဖတ်ပျော်”ကလေးစာကြည့်တိုက်အစီအစဉ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီခွဲက အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ပြုလုပ်ခဲ့ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဦးအောင်နိုင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အစီအစဉ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်သည်။

“ကာတွန်းအဖော်စာဖတ်ပျော်”ကလေးစာကြည့်တိုက် အစီအစဉ်ကို အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ပြုလုပ်ခဲ့ပြီး ကာတွန်းဆရာကြီးများ၏အမှတ်တရ ကာတွန်းရေးဆွဲခြင်းအစီအစဉ်၊ ဉာဏ်စမ်းအစီအစဉ်များ၊ ပုံပြောခြင်း၊ ပန်းချီရေးဆွဲခြင်း၊ ကလေးများအတွက် လက်မှုပညာအစီအစဉ်နှင့်ကလေးများ၏ ပြဇာတ်အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆွေးမြည့်သစ်သားတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်

**ဝက်ထီးကန် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဝက်ထီးကန်မြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်း ဝက်ထီးကန်မြို့ပေါ် ရပ်ကွက်များအတွင်းရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းမှ ဆွေးမြည့်သစ်သားတိုင် ၄၉ တိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့လျှပ်စစ်မှူးဦးခင်မောင်ဌေး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၅ ရက်က လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံးပြီးစီးပါက အကျိုးသက်ရောက်မှုအနေဖြင့် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဒိုက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူးဖလား (၁၉) နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲ ကျင်းပ

**ဒိုက်ဦး ဇန်နဝါရီ ၈**

၂၀၁၆ ခုနှစ် ဒိုက်ဦးမြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်းအတွင်း၌ပြုလုပ်ရာ ဗိုလ်လုပွဲတွင် အိမ်ခြေလေးဆယ်အသင်းက အမှတ်(၆) မင်းတဲရပ်ကွက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပထမရရှိသွားသော အိမ်ခြေလေးဆယ်အသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီကလည်းကောင်း၊ ဒုတိယဆုရရှိသော မင်းတဲအသင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်ကလည်းကောင်း၊ တတိယဆုကို တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်ကလည်းကောင်း၊ အတိုးတက်ဆုံးအားကစားအသင်းဆုကို တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်က လည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**



# ကြည်သာအေးမြဘုန်းကြီးကျောင်း သန့်ရှင်းရေးဆောင်ရွက်

**ပြည် ဇန်နဝါရီ ၈**

ပြည်မြို့ မြို့သစ်ရပ်ကွက် ကြည်သာအေးမြ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ကြည်သာအေးမြဆုတောင်းပြည့်စေတီတော် ဘုရားရင်ပြင်တော်နှင့် ဘုန်းကြီးကျောင်းဝင်းအတွင်းတွင် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်မြို့မရဲစခန်း၊ အမှတ်(၁)နယ်မြေရဲစခန်း၊ အမှတ်(၃)နယ်မြေရဲစခန်းတို့မှ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း ၁၀၆ ဦးတို့က ဇန်နဝါရီ ၈ ရက်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၄၉၇)**

# ဘော်ဘီချာလ်တန်၏ သွင်းဂိုး ၂၄၉ ဂိုးစံချိန်ကို လိုက်မီခဲ့သော်လည်း ဂျော့ဂျ်အီဗန်အား ရုပ်အင်္ကျီပင်ပေးခွင့်မရရှိခဲ့သည့် တိုက်စစ်မှူး ရွန်းနီ

အင်္ဂလန်နှင့် မန်ယူအသင်းခေါင်းဆောင် တိုက်စစ်မှူးရွန်းနီသည် မန်ယူအသင်းနှင့် ရက်ဒင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်နှင့်မန်ယူတို့တွင် တစ်ချိန်က နာမည်ကြီးခဲ့သည့် တိုက်စစ်မှူးဟောင်း ဘော်ဘီချာလ်တန်၏ သွင်းဂိုး ၂၄၉ ဂိုးစံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။

ဘော်ဘီချာလ်တန်သည် မန်ယူအသင်းတွင် ၁၉၅၆-၁၉၅၇ ဘောလုံးရာသီမှစတင်ကာ ၁၉၇၂-၁၉၇၃ ဘောလုံးရာသီအထိ ပါဝင်ကစားခဲ့ရာတွင် ပရီမီယာလိဂ်ဖလားပြိုင်ပွဲ၊ အက်ဖ်အေဖလားပြိုင်ပွဲ၊ လိဂ်ဖလားပြိုင်ပွဲနှင့် ဥရောပ ပြိုင်ပွဲများတွင် မန်ယူအသင်းနှင့်အတူ ၇၅၈ ပွဲအထိပါဝင် ကစားပေးခဲ့ပြီး သွင်းဂိုး ၂၄၉ ဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးရွန်းနီမှာမူ အဲဗာတန်အသင်းမှ ပြောင်းလာခဲ့သည့် ၂၀၀၄ ခုနှစ်မှစတင်ကာ လက်ရှိအချိန်အထိ မန်ယူအသင်းတွင် ကစားလျက်ရှိပြီး မန်ယူအသင်းနှင့် ရက်ဒင်းအသင်းတို့ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်အပါအဝင် မန်ယူအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၅၄၃ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာ ဘော်ဘီချာလ်တန် သွင်းယူခဲ့သည့် သွင်းဂိုး ၂၄၉ ဂိုးစံချိန်ကို လိုက်မီနိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူးရွန်းနီသည် မန်ယူအသင်းတွင် ဆက်ရှိနေဦးမည်ဖြစ်သောကြောင့် ဘော်ဘီချာလ်တန်၏ သွင်းဂိုးအရေအတွက်ကို ကျော်တက်ရန်သာရှိနေသည်။ ထို့ကြောင့် မန်ယူအသင်းက ရက်ဒင်းအသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် မန်ယူကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဘော်ဘီချာလ်တန်သည် အသင်းဟောင်း မန်ယူဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့် သွင်းဂိုးအား တိုက်စစ်မှူးရွန်းနီ ဂိုးသွင်းယူခဲ့ပြီးနောက် ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရသည့်ပုံစံကို လည်း ရုပ်သံကတစ်ဆင့်လှစ်ဟပြခဲ့သည်။

တိုက်စစ်မှူးရွန်းနီနှင့် ဘော်ဘီချာလ်တန်တို့၏ သွင်းဂိုး ၂၄၉ ဂိုးကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ဘော်ဘီချာလ်တန်မှာ ၇၅၈ ပွဲတွင် ၂၄၉ ဂိုး၊ ရွန်းနီမှာ ၅၄၃ ပွဲတွင် ၂၄၉ ဂိုးဖြစ်နေခြင်းကြောင့် ရွန်းနီ၏စွမ်းဆောင်ရည်မှာ ဘော်ဘီချာလ်တန်ထက်ပင် မြင့်မားနေသည့် အနေအထားတွင် ရှိနေခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူးရွန်းနီမှာ ပျော်ရွှင်မှုများစွာရရှိခဲ့သော်လည်း ပြိုင်ပွဲအပြီးတွင် မန်စီးတီးကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂျော့ဂျ်အီဗန်အား ရွန်းနီအနေဖြင့် ရုပ်အင်္ကျီပေးရန် ကမ်းလှမ်းခဲ့ရာတွင် ဂျော့ဂျ်အီဗန်အနေဖြင့် ငြင်းဆိုသွားခဲ့သည်။

အဆိုပါအပြုအမူကို ရွန်းနီအနေဖြင့် ဂျော့ဂျ်အီဗန်မှာ အပြာမှအပြာဟု မှတ်ချက်ပြုခဲ့သော်လည်း ဂျော့ဂျ်အီဗန်ကမူ လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ရွန်းနီ၏ ရုပ်အင်္ကျီကိုယူရန် မသင့်လျော်သည့်အတွက် ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရွန်းနီ၏ မန်ယူသမိုင်းတွင် စံချိန်တင်ခဲ့သည့်သွင်းဂိုးကို အသိအမှတ်ပြုပါကြောင်း ဂျော့ဂျ်အီဗန်က တွစ်တာစာမျက်နှာမှတစ်ဆင့် အတိအလင်းပြောကြားခဲ့သည်။

(ငွေကြယ်)





## ကမ္ဘာ့အဆင့်(၁) အန်ဒီမာရေးကို အနိုင်ကစားပြီး ကာတာအိုးပင်းဖလားကို ဂျိုကိုဗစ်ဆွတ်ခူး

ကာတာအိုးပင်း ဗိုလ်လုပွဲတွင် ဆာဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်က လက်ရှိကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အန်ဒီမာရေးကို အနိုင်ကစားနိုင်ခဲ့ရာ ယင်းနိုင်ပွဲက သူ၏လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ခဲ့ရုံမက မာရေး၏ ATP ၂၈ ပွဲဆက် အနိုင်စံချိန်တစ်ရပ်ကိုပါ ကျိုးပျက်သွားစေခဲ့ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

သုံးနာရီကျော်ကြာ ယှဉ်ပြိုင်ခဲ့သည့် အဆိုပါ ပြိုင်ပွဲတွင် ဂျိုကိုဗစ်က မာရေးအား ၆-၃၊ ၅-၇၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဂျိုကိုဗစ်ပြန်လာနိုင်ပြီဖြစ်ကြောင်း နိမိတ်ပြခဲ့သည်။ ယခုပြိုင်ပွဲတွင် မာရေးအရေးနိမ့်ခဲ့သော်လည်း ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်ဆဲပင်ဖြစ်သည်။ မာရေးမှာ ဒုတိယပွဲငယ်တွင် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ဂျိုကိုဗစ်က အဆုံးအဖြတ်ဖြစ်စေမည့် ရမှတ်များကို ရရှိအောင် ကစားနိုင်ခဲ့သဖြင့် မာရေးအနေဖြင့် ၂၀၁၇ နှစ်ဆန်းပိုင်းမှာပင် ရှုံးနိမ့်မှု ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် ယခုပြိုင်ပွဲအပြီးတွင် ဇန်နဝါရီ၁၆ရက်တွင် စတင်မည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန် မယ်လ်ဘုန်းမြို့သို့ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦး (၃၆)ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ရာ ယခုပြိုင်ပွဲမတိုင်မီ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲတွင် အန်ဒီမာရေးက ဂျိုကိုဗစ်အား အနိုင်ကစားပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ရယူနိုင်ခဲ့သည်။ ဂျိုကိုဗစ်မှာ ၂၀၁၄ ခုနှစ် နှောင်းပိုင်းမှစတင်၍ အကောင်းဆုံးလက်စွမ်းတစ်ရပ်ကို ထိန်းသိမ်းပြီး ကမ္ဘာ့အဆင့်(၁)နေရာကို တောက်လျှောက် ထိန်းသိမ်းနိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဒဏ်ရာပြဿနာများကြောင့် ကမ္ဘာ့အဆင့်(၁)နေရာကို အန်ဒီမာရေးကလက်လွှဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည် ပြီးခဲ့သည့် ဒီဇင်ဘာလဆန်းပိုင်းက ကာလကြာရှည်လက်တွဲခဲ့သည့် နည်းပြဘောရစ်ဘက်ကာနှင့် လက်တွဲဖြုတ်ခဲ့ကြောင်း ကြေညာခဲ့ပြီး ကမ္ဘာ့အဆင့် (၁)နေရာကို ပြန်လည်ရယူရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ (မေလှဲ့သင်း)

## ပရီမီယာလိဂ်တွင် တင်ကျန်ရန်အတွက် အဲ့အားသင့်ဖွယ်များ လုပ်ဆောင်ပြရန်အချိန်တန်ပြီဟု ဟားလ်စီးတီး ကစားသမားများကို နည်းပြသစ်ဆေးလ်ဗား တိုက်တွန်း

ဟားလ်စီးတီးနည်းပြသစ် မာကိုဆေးလ်ဗားက ဟားလ်စီးတီးအနေဖြင့် ပရီမီယာလိဂ်တွင် တင်ကျန်စေဖို့ အံ့အားသင့်ဖွယ် စွမ်းဆောင်နိုင်မှုများကို ဆွဲထုတ်ပြနိုင်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ အသက်(၃၉)နှစ်အရွယ်ရှိ ဆေးလ်ဗားသည် ပြီးခဲ့သည့် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပယ်ခံနည်းပြမိုက်ခ်ဖီလန်၏နေရာတွင် အစားထိုးခန့်အပ်ခံခဲ့ရပြီးနောက် အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆေးလ်ဗားက ကစားသမားများအပေါ် ယုံကြည်မှု အပြည့်ရှိသော်လည်း အမှတ်ပေးဇယား ရပ်တည်မှုအနေအထားကို ပြောင်းလဲပစ်ရန်လိုအပ်ပြီး မိမိတို့စွမ်းနိုင်သမျှ အကောင်းဆုံး အရည်အသွေးများကို ထုတ်ပြရန်လိုအပ်ကြောင်း တိုက်တွန်းခဲ့သည်။

"သူတို့( ကစားသမား)တွေကတော့ ပြိုင်ပွဲတွေမှာ ကံကောင်းဖို့လည်း လိုအပ်တယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာ တင်ကျန်ဖို့ တကယ်လိုအပ်တာက အံ့အားသင့်ဖွယ်စွမ်းဆောင်နိုင်မှုတွေပါ။ အံ့အားသင့်ဖွယ်တွေ လုပ်ဆောင်ပြနိုင်မှသာ မေလကျရင် အကောင်းဆုံးရလဒ်ထွက်လာနိုင်မှာပါ" ဟု ဆေးလ်ဗားက တိုက်တွန်းခဲ့သည်။

(မေလှဲ့သင်း)






ရှနိုက်ဒါလင်နှင့် ၎င်းအားခေါ်ယူလိုသည့် အဲဗာတန်အသင်းတို့သည် စာချုပ်တစ်ရပ်ချုပ်ဆိုကာ အပြောင်းအရွှေ့ကိစ္စနှင့်စပ်လျဉ်း၍ သဘောတူညီမှုရရှိရန် ဆန္ဒရှိသော်လည်း မန်ယူအသင်းကမူ ရှနိုက်ဒါလင်၏ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၂၀ ကျော်ပေးမှသာလျှင် အဲဗာတန်အသင်းခေါ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း မန်ယူအသင်းက ပြောကြားလိုက်သည်။

အဲဗာတန်အသင်းကမူ ရှနိုက်ဒါလင်အား ခေါ်ယူလိုသော်လည်း ပေါင်သန်း ၂၀ အောက် ပမာဏဖြင့် ပထမတစ်ကြိမ်ကမ်းလှမ်းထားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ရောင်းချလိုသော်လည်း လွန်ခဲ့သည့် ၁၈ လက ဝယ်ယူခဲ့ရသည့် ပေါင် ၂၄ သန်းနီးပါးရရှိမည်ဆိုပါက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် ရှနိုက်ဒါလင်အား ခေါ်ယူရန်ဆန္ဒရှိနေသည့်အပြင် ဆောက်သမ်တန်အသင်းမှ ဗန်ဒစ်ခ်နှင့်မန်ယူအသင်းမှ ဒီပိုင်းတို့ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ လက်ရှိတွင် ဗန်ဒစ်ခ်သည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားရန်ရှိနေပြီး အဲဗာတန်အသင်းကမူ နည်းပြဟောင်း ကိုးမန်းရှိရာ အဲဗာတန်သို့ ပြောင်းရွှေ့လာမည်ဟု ယုံကြည်ထားသည်။ ဒီပိုင်းအနေဖြင့် အဲဗာတန်သို့ အငှားဖြင့်သာ သွားရောက်လိုပြီး မန်ယူကမူ အမြဲတမ်းစာချုပ်ဖြင့် ရောင်းချရန် ဆန္ဒရှိနေသည်။ (ငွေကြယ်)

ZefO&D&ufaeYfEdf^t½Hv'fsm;

**အက်ဖ်အေဖလား တတိယအဆင့်**

| | | | | |
|---|---|---|---|---|
| ပရက်တန် | ၁ | - | ၂ | အာဆင်နယ် |
| ကာဒစ်ဖ် | ၁ | - | ၂ | ဖူလ်ဟမ် |
| လီဗာပူး | ၀ | - | ၀ | ပလိုင်းမောက် |
| ချယ်လ်ဆီး | ၄ | - | ၁ | ပီတာဘရော့ |
| မစ်ဒယ်ဘရော့ | ၃ | - | ၀ | ရှက်ဖီးလ်ဝင်းစ်ဒေး |

**လာလီဂါ ပွဲစဉ် (၁၇)**

| | | | | |
|---|---|---|---|---|
| အီဘာ | ၀ | - | ၂ | အက်သလက်တီကို |
| လက်စ်ပါးမက်စ် | ၁ | - | ၀ | စပို့တင်းဂီဂျွန် |
| ဆိုစီဒက် | ၀ | - | ၄ | ဆီဗီလာ |
| ဘီဘာအို | ၀ | - | ၀ | အလာဗက်စ် |

**စီးရီးအေ ပွဲစဉ် (၁၉)**

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၁ | - | ၀ | ပါလာမို |
| နာပိုလီ | ၂ | - | ၁ | ဆမ်ဒိုးရီးယား |
| အူဒီးနိစ် | ၁ | - | ၂ | အင်တာမီလန် |
| ချီယေဗို | ၁ | - | ၄ | အတ္တလန္တာ |
| ဂျီနိုအာ | ၀ | - | ၁ | ရိုးမား |
| လာဇီယို | ၁ | - | ၀ | ခရိုတိုနီ |
| ဆာဆူအိုလို | ၀ | - | ၀ | တိုရီနို |

မောင်မောင်ဇော်

tm;upm;owif;wdkm;

- ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် စပါးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဒီလီအယ်လ်လီအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- အဲဗာတန်အသင်းနည်းပြ ကိုးမန်းသည် အာဆင်နယ်နှင့် အင်္ဂလန်ကွင်းလယ်ကစားသမားဝီရှိုင်းယားအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသော်လည်း မန်စီးတီးအသင်းနှင့် အပြိုင်ကြိုးပမ်းရဖွယ်ရှိနေကြောင်းသိရသည်။ (ငွေကြယ်)

# မန္တလေးစက်မှုဇုန်တွင် အလုပ်အကိုင်အခွင့်အလမ်းများပေးလျက်ရှိ ဆောင်းရာသီတွင် မွေးမြူရေးအစာစက်ရုံများမှ ပြောင်းနေလှန်းခြင်းလုပ်ငန်းတွင်ကျယ်စွာလုပ်ကိုင်

**မန္တလေး ဇန်နဝါရီ ၈**

စက်မှုကုန်ထုတ်လုပ်ငန်းများစွာ ထွန်းကားလာခြင်းများမှသည် နေ့စဉ်ပုံမှန် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးထားနိုင်သည်။ မန္တလေးစက်မှုဇုန်တွင် ဒေသအသီးသီးမှ လာရောက်လုပ်ကိုင်သူများစွာကို အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်သည့် စက်မှုဇုန်တစ်ခုအဖြစ် တည်ရှိသည်။ စက်မှုဇုန်တွင် ၂၀၁၅ ခုနှစ်စာရင်းအရ အကြီးစားစက်မှုလုပ်ငန်း ၃၉၂ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၃၀၄ ခု၊ အသေးစားစက်မှုလုပ်ငန်း ၅၉၆ ခုအပါအဝင် စုစုပေါင်းလုပ်ငန်း ၁၂၉၂ ခုဖြင့် လည်ပတ်ဆောင်ရွက်ပြီး နေ့စဉ်အလုပ်အကိုင်အခွင့်အလမ်းများကို ပေးနေလျက်ရှိသည်။ ဆောင်းတွင်းကာလတွင် မွေးမြူရေးအစာစက်ရုံများမှ ပြောင်းနေလှန်းခြင်းလုပ်ငန်းလုပ်ကိုင်သည့်အတွက် လုပ်သားများစွာကို အလုပ်အကိုင်အခွင့်အလမ်းများပေးထားလျက်ရှိပြီး နေ့စဉ်ပုံမှန်ဝင်ငွေဖော်ဆောင်ပေးလျက်ရှိသည်။ ပြောင်းနေလှန်းရာတွင် တန်းပြတ်ဖြင့်နေလှန်းရသည်။ နေလှန်းပြီးသားပြောင်းများကိုလည်း ကား ၁၅ စီးလောက်ဖြင့် ဂိုဒေါင်အတွင်းသယ်ယူလေ့ရှိသည်။ ကားတစ်စီးလျှင် ၁၂ တန်နိုင်ပြီး တစ်တန်လျှင် သယ်ယူခငွေကျပ် ၉၆၀ နှုန်းဖြင့် သယ်ယူကြရသည်။ ကားတစ်စီးလျှင် အနည်းဆုံးငါးခေါက်မှ ခုနစ်ခေါက်အထိ သယ်ယူရသည်။ ပြောင်းနေလှန်းလုပ်ငန်းကြောင့် ကုန်တင်ကုန်ချလုပ်သားများ၊ ပြောင်းနေလှန်းလုပ်သားများဖြင့် ကားဆရာများအတွက် ပုံမှန်အလုပ်ဖြစ်လျက်ရှိသည်။



မန္တလေးစက်မှုဇုန်မှာ အဓိကအားဖြင့် လက်မှုလုပ်ငန်းများအပြင် စက်မှုလုပ်ငန်းများ၏ ထုတ်ကုန်များမှာ စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ ပုံနှိပ်စာအုပ်ထုတ်လုပ်ရေး၊ ကုန်ကြမ်းပစ္စည်း၊ သတ္တုနှင့် ရေနံထွက်ပစ္စည်း၊ စိုက်ပျိုးရေးကိရိယာ၊ စက်မှုနှင့် စက်ပစ္စည်းကိရိယာ၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ပစ္စည်း၊ အထွေထွေစက်မှုလုပ်ငန်းတို့တည်ရှိသည်။ သွင်းကုန်အစားထိုးလုပ်ငန်းများအဖြစ် လုပ်ငန်းပေါင်း ၂၇ ခုခန့်ရှိပြီး ထုတ်လုပ်သည့်ပစ္စည်းများအနေဖြင့် ချည်မျိုးစုံ၊ စက်ဘီး၊ ဆိုင်ကယ်၊ တာယာနှင့် ကျွတ်များ၊ မီးစက်၊ ဓာတ်ခဲ ဆပ်ပြာမှုန့်၊ သွားတိုက်ဆေး၊ စပရိန်မွေ့ရာ၊ ချပ်စက္ကူ ချည်ကတ္တီပါ၊ Penel Board နှင့် ပလတ်စတစ်ဘူးမျိုးစုံတို့ကို ထုတ်လုပ်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာပေးနေသော စက်မှုဇုန်ကို ၁၉၉၀ ပြည့်နှစ်မှစတင်တည်ထောင်ခဲ့သည်။ မြေဧရိယာဧက ၁၈၂၀ ပေါ်တွင် မြေကွက်ပေါင်း ၃၅၀ ဖော်ထုတ်ကာ ဆောင်ရွက်ထားခြင်းဖြစ်သည်။ မန္တလေးစက်မှုဇုန်မှာ ဒေသအသီးသီးမှလာရောက်လုပ်ကိုင်သူများကို အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေးထားလျက်ရှိကြောင်း သိရသည်။ **နွေနဒီ၊မြစ်ငယ်**

## ကျေးရွာချင်းဆက် မြေသားလမ်းသစ် ဖောက်လုပ်

**ရေဦး ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၀ ဒသမ ၅၅ သန်းဖြင့် မုံတိုင်ပင်ကျေးရွာမှ လှည်းသွင်းကျေးရွာသို့ ဆက်သွယ်သွားလာနိုင်မည့် ကျေးရွာချင်းဆက်မြေသားလမ်းသစ် အရှည် ၅ မိုင် အကျယ်ပေ ၃၀ ကို ဒီဇင်ဘာနောက်ဆုံးပတ်မှ စတင်၍ စက်ယန္တရားအသုံးပြုဖောက်လုပ်ခဲ့ရာ နှစ်မိုင်ခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာအုပ်စုလေးအုပ်စုရှိ ကျေးရွာပေါင်း ၁၇ ရွာအထိသာမက တန့်ဆည်မြို့သို့လည်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လွယ်ကူစွာသွားလာကာ ဒေသထွက်သီးနှံများ စျေးကွက်သို့ အချိန်မီပို့ဆောင်ရောင်းချနိုင်မည့်လမ်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**



## လူထုဗဟိုပြုစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်

**မြင်းမူ ဇန်နဝါရီ ၇**

မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာများက အုပ်စုလိုက်တင်ပြလာသော စီမံကိန်းလုပ်ငန်း(ခွဲ)များအား မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီနှင့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၅ ရက်က မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးဆောင်သော မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၆၂၄)**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဌာနဆိုင်ရာပြခန်းများနှင့်ဈေးရောင်းပွဲတော်ဖွင့်

**မြဝတီ ဇန်နဝါရီ ၈**

ကရင်ပြည်နယ် မြဝတီမြို့ မြစန္ဒီပန်းခြံကျောက်တိုင်ကွင်းတွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဌာနဆိုင်ရာ ပြခန်းများနှင့်ဈေးရောင်း ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၂ ရက် ညနေ ၅ နာရီက အဆိုပါဖွင့်ပွဲမုဒ်ဦးရှေ့တွင် ကျင်းပရာ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်နှင့် ဦးအိုက်ကျန်ခမ်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တာဝန်ရှိသူများက ပြခန်းများအားလှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပြခန်းများနှင့်ဈေးရောင်းပွဲတော်တွင် ဌာနဆိုင်ရာပြခန်းအဖြစ် ၁၆ ခန်းဖွင့်လှစ်ပြသပြီး ဆိုင်ခန်းများအနေဖြင့် ထိုင်းနိုင်ငံမှ မွေ့ယာများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ အစားအသောက်နှင့် အခြားပစ္စည်းများစွာပါဝင် ရောင်းချခဲ့သည်။ ပြခန်းနှင့် ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၇ ရက်အထိ ဖွင့်လှစ်ပြသ ရောင်းချခဲ့ပြီး ပဒေသာကပွဲများ၊ စတိတ်ရှိုးများဖြင့် ညစဉ်ဖျော်ဖြေ တင်ဆက်ခဲ့ကြောင်း သိရသည်။

အလားတူ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလည်း (၆၉)နှစ် မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



**ထိန်လင်းအောင်(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာနှင့် အင်တာနက် နည်းပညာအခြေခံသင်တန်း အခမဲ့ဖွင့်လှစ်

**မောင်တော ဇန်နဝါရီ ၈**

မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်လူငယ်လူရွယ်များ၏ အသိအမြင်တိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာနှင့် အင်တာနက် အခြေခံ (အခမဲ့) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီပထမပတ်က ခရိုင်ကျေးလက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၃ ရက်မှ ၁၇ ရက်ထိဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**အုတ်ဖို ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ဖိတ်ကြားထားသောကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးဆုချီးမြှင့်ခဲ့သည်။ အဆိုပါကလေးစာဖတ်ခန်း၌ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိရာ စိတ်ပါဝင်စားသည့်ကလေးငယ်များ လာရောက်စာရင်းပေးဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်း စီမံခန့်ခွဲမှုသင်တန်းပို့ချ ရန်ပုံငွေများလွှဲပြောင်းပေးအပ်

**ဝါးခယ်မ ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ပို့ချခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာပေါင်း ၂၀ ရွာအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု တိုးချဲ့ဆောင်ရွက်သွားမည့် ရေလိန်ကျေးရွာအုပ်စု ကြာကွင်းကျေးရွာနှင့် ကျောင်းစုကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ သင်တန်းသားများကို ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးအောင်က စီမံခန့်ခွဲမှုဆိုင်ရာများနှင့်ပတ်သက်၍ သင်တန်းပို့ချပေးကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း တစ်ယူနစ် ရန်ပုံငွေကျပ်သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**လှမ်းသီဟ(ဝါးခယ်မ)**

# မြန်မာနိုင်ငံ၏ ပထမဦးဆုံးတင်းနစ်သင်တန်းကျောင်း ပဲခူးမြို့တွင် ဖွင့်လှစ်

**ပဲခူး ဇန်နဝါရီ ၈**
နိုင်ငံ့ဂုဏ်ဆောင် အရည်အသွေးမြင့် တင်းနစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ပထမဦးဆုံး တင်းနစ်အကယ်ဒမီကျောင်းကို ဇန်နဝါရီ ၇ ရက် နံက် ၈ နာရီက ပဲခူးမြို့ မြို့ရှောင်လမ်းနှင့် လေကြောင်းရန်ကာကွယ်ရေးတပ်လမ်းမကြားရှိ မာဃမင်းတင်းနစ်အကယ်ဒမီကျောင်း၌ ဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးတင်းနစ် အကယ်ဒမီသင်တန်းကျောင်းဖြစ်သော မာဃမင်းတင်းနစ်အကယ်ဒမီကျောင်းအား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်နှင့် မာဃမင်းတင်းနစ် အကယ်ဒမီသင်တန်းကျောင်းပိုင်ရှင် ဦးဇော်ထိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအမ်ဒင်းဂျာတို့က အမှာစကားပြောကြားကြသည်။

မာဃမင်းတင်းနစ် အကယ်ဒမီသင်တန်းကျောင်းပိုင်ရှင် ဦးဇော်ထိန်က အကယ်ဒမီကျောင်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တင်းနစ်အဖွဲ့များက အားကစားပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားသမားများက သရုပ်ပြကစားခဲ့ကြသည်။ အဆိုပါသင်တန်းကျောင်းတွင် မြန်မာနိုင်ငံအတွင်းရှိ မိဘမဲ့ကလေးများထဲမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော အသက်ငါးနှစ်မှ ၁၀ နှစ်ကြားရှိ ကျား ၁၀ ဦး၊ မ ၁၀ ဦးတို့ကို ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများ၏ နေထိုင်စားသောက်ရေး၊ လေ့ကျင့်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေကုန်ကျစရိတ်များအပြင် အနာဂတ်အတွက် အလုပ်အကိုင် အခွင့်အလမ်းအားလုံးကို တာဝန်ယူကာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရန် မြန်မာ့လက်ရွေးစင် ကိုယ်စားပြုအဆင့်ရှိ နည်းပြများက လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



## သုံးခွမြို့နယ် သိုက်တူးကန် –ညောင်နီကျေးရွာချင်းဆက် ကွန်ကရစ်ဘီးလမ်းခင်း



**သုံးခွ ဇန်နဝါရီ ၈**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူချောမွေ့ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သိုက်တူးကန်နှင့် ညောင်နီကျေးရွာချင်းဆက် ကွန်ကရစ်ဘီးလမ်း အရှည် ၅၀၁၆ ပေကို အကျယ် သုံးပေ၊ ထုရှစ်လက်မဖြင့် ထိုက်စင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ စံချိန်စံညွှန်းကိုက်ညီစေရန်နှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(၆၈၉)**

## ရန်ကုန်–မန္တလေးကားလမ်းတစ်လျှောက် ယာဉ်မတော်တဆမှုများကျဆင်းရေး နည်းလမ်းရှာဖွေဆောင်ရွက်သင့်

**ရေတာရှည် ဇန်နဝါရီ ၈**
မြန်မာနိုင်ငံအတွင်း ယာဉ်မျိုးစုံစီးရေ ပိုမိုများပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးဒဏ်ရာရရှိသည့်ဖြစ်စဉ်များ နေ့စဉ်လိုလိုကြားသိလျက်ရှိရာ နေ့စဉ်အစုန်အဆန်သွားလာလျက်ရှိသော ယာဉ်များအတွက် နည်းလမ်းရှာဖွေကာ ဆောင်ရွက်သင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

များသောအားဖြင့် ကားလမ်းနှင့်ထိစပ်လျက်သော မြို့၊ ကျေးရွာများတွင် ယာဉ်များ အရှိန်လျှော့၍မောင်းနှင်ခြင်းအပြင် ဈေးဆိုင်များ၊ လူနေအိမ်များ လမ်းနံဘေးသို့ တိုးချဲ့တည်ဆောက်ခြင်းများကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းများလည်း ဖြစ်သည်။

"နေ့တိုင်း မြို့တွင်းလမ်းတွေကိုဖြတ်တဲ့အထဲမှာ ဆီဘောက်ဆာယာဉ်တွေနဲ့ နေပြည်တော်ကနေထွက်တဲ့ ခရီးသည်ယာဉ်လိုင်းတွေပဲ တရကြမ်းမောင်းကြတာ။ ဒီကြားထဲ ကားချင်းလုံးရင် ပိုးဆိုးတယ်ဗျာ။ သူတို့က ခရီးသည်ရရှိရေး မောင်းကြတယ်။ ယာဉ်ပေါ်မှာ ခရီးသည်တွေပါတယ်။ အောက်မှာလည်း ဥဒဟိုသွားလာနေကြတဲ့ ပြည်သူတွေရှိကြတာကို ဂရုပြုစေချင်တာပါ"ဟု ဆွာမြို့ခံတစ်ဦးက ပြောကြားသည်။

ထို့အတူပင် စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုမှု တွင်ကျယ်လျက်ရှိသည့် ဆိုင်ကယ်ကယ်ရီများအနေဖြင့် နောက်တွဲများ၊ ဘေးတွဲများ တပ်ဆင်ကာ ပြေးဆွဲသည့်ယာဉ်များ ပိုမိုများပြားလျက်ရှိပြီး အဆိုပါယာဉ်များမှာ မြို့ပေါ်နှင့် ကျေးလက်လမ်းများအထိ နေ့စဉ်လိုလိုပြေးဆွဲလျက်ရှိရာတွင် အခြားသောယာဉ်သွားမှုကို များစွာအန္တရာယ်ဖြစ်ပေါ်နေရခြင်းနှင့်ပတ်သက်၍ "ဆိုင်ကယ်ကယ်ရီဆိုတာလည်း မိသားစုစီးပွားရေးအတွက် လုပ်နေကြရတယ်လို့ ယေဘုယျအားဖြင့် တွက်လို့ရပါတယ်။ သို့သော် ကိုယ့်စီးပွားရေးလုပ်တာ အကြောင်းမဟုတ်ဘူး။ အခြားသူတွေအပေါ် ယာဉ်အန္တရာယ်ဖြစ်ပွားခြင်းမရှိရအောင် သတိပြုဆင်ခြင်သင့်ပါတယ်။ မြို့ထဲမှာကော ရွာလမ်းတွေမှာကော အရှိန်ပြင်းပြင်းမောင်းကြတယ်။ အခြားဆိုင်ကယ်တွေက ဘေးကပ်ပေးထားရတာ၊ အဲဒီ ဘေးတွဲ၊ နောက်တွဲတွေကို တာဝန်ရှိတဲ့အဖွဲ့တွေက တရားဝင်ခွင့်ပြုထားတာမရှိပါဘူး။ စိစစ်ကြပ်မတ် ဆောင်ရွက်သင့်ပါတယ်။ အဲ့ဒီဆိုင်ကယ်တွေကြောင့် တရားဝင်လိုင်စင်နဲ့ ပြေးဆွဲနေရတဲ့ အနေးယာဉ်ဆိုက်ကားနင်းသူတွေ ဘဝပျက်ကုန်ပြီ"ဟု ဆွာမြို့ခံတစ်ဦးကပင် ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ဆောင်းသီးနှံစိုက်တောင်သူများအား ဇန်နဝါရီလကုန်အပြီး ထုတ်ချေးသွားမည်

**နတ်တလင်း ဇန်နဝါရီ ၈**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးတွင် ဘဏ်မန်နေဂျာဦးဟန်ညွန့်နှင့် ဝန်ထမ်းများက ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက သရက်တပင်ကျေးရွာအုပ်စုနှင့် ကြို့ပင်သာကျေးရွာအုပ်စုတို့ရှိ တောင်သူ ၃၇၅ ဦးကို ဆောင်းသီးနှံစိုက်ပျိုးလယ်မြေဧက ၁၈၇၀ အတွက် စိုက်ပျိုးစရိတ်ထုတ်ချေးငွေ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးငွေ ၃၇၄၀၀၀၀၀ ကျပ်အား ထုတ်ချေးပေးကြောင်း သိရသည်။

သရက်တပင်ရွာနေ တောင်သူဦးချိုကြီးက ယခုလို ထုတ်ချေးပေးခြင်းအားဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးပြီးသီးနှံများအတွက် လိုအပ်နေသော ဆေးများနှင့် လုပ်အားခများ ပေး၍ရကြောင်း ပြောပြသည်။

မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းသီးနှံအတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၀ ရှိ တောင်သူများအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ စတင်၍ ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ကျေးရွာအုပ်စု ၃၆ အုပ်စု တောင်သူဦးရေ ၇၃၆၃ ဦး ဆောင်းသီးနှံစိုက်ဧကပေါင်း ၃၈၀၈၇ ဧကတို့အတွက် ချေးငွေပေါင်း ၇၆၁၇၄၀၀၀၀ ထုတ်ချေးပေးထားပြီး ကျန်ရှိသော ကျေးရွာအုပ်စု ၂၄ အုပ်စုအား သတ်မှတ်ရက်အလိုက် ချေးငွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ချေးပေးမှုနှင့်ပတ်သက်၍ ဇန်နဝါရီလကုန်အပြီး ထုတ်ချေးသွားမည်ဖြစ်ပြီး အတိုးနှုန်းသည် ငွေ ၁၀၀ ကျပ်လျှင် တစ်နှစ်အတွက် ရှစ်ရာခိုင်နှုန်းသာဖြစ်ကြောင်း မြို့နယ်ဘဏ်မန်နေဂျာက ပြောပြသည်။

**(ဝ၇၁)**




2016 ckESit wuf at mif weltf qkpr f&naf v;&yf qkm;&&Sdonf trSwf(2) vkHNcHK;&uyfurI tzGJUk uyfurI at muf&Sd vkHNcHK;wyfzGJ Um;tm; qkcsD;jrifhtcrf;tem; uOuf0&dD &uf refv 1 em&D trSwf(2) vkHNcHK;&uyfurI½Hk pnf;ta0;cef;rü uifyf&m trSwf(2) vkHNcHK;&uyfurI tzGJ&rSL;yjr0ifu trSwf um;ajymum;yD qkm;ay; tyfcsD;jrifhum;if ofvdonf ကျော်စိုးမိုး

## ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**မောက်မယ် ဇန်နဝါရီ ၈**
ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့မြို့နယ်စခန်းမှူး ဒုရဲမှူးမန်းလွင်ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်တို့နှင့် ပူးပေါင်းပြီး မောက်မယ်ရဲစခန်းရုံးခန်းမ၌ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစဉ် စီမံချက်များဖြစ်သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသိရှိရေး၊ ဆိုင်ကယ်စီးဦးထုပ် စနစ်တကျ ဆောင်းစေရေး၊ မှုခင်းကျဆင်းရေးဆောင်ရွက်နေမှု၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာပညာပေးလက်တွေ့အကောင်အထည်ဖော်ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဥစားဘဲများ ကျေးရွာအရောက် အခမဲ့ဖြန့်ဝေပေး

**တနသာင်္ရီ ဇန်နဝါရီ ၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တနသာင်္ရီမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မွေးမြူရေးကဏ္ဍကို စိတ်ပါဝင်စားလာပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးအဆင့်မှ မိသားစု စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဆီသို့ ရည်ရွယ်လျက် ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီမှစ၍ ညနေ ၆ နာရီအထိ မြို့နယ်အတွင်း ကျေးရွာအုပ်စုများ၌ ဥစားဘဲများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

ကျေးရွာအုပ်စုအတွင်း တစ်အိမ်ထောင်လျှင် ဘဲအထီးနှစ်ကောင်နှင့် အမရှစ်ကောင်စီ စုစုပေါင်း ၁၀ ကောင်စီနှုန်းဖြင့် ဆင်ခြေဖုံးကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ၌ ၂၅၀၊ သကျက်ကျေးရွာအုပ်စု လင့်ကျေးရွာတွင် ၂၆၀ နှင့် တောင်ဘိန်း (၂) ကျေးရွာတွင် ၄၉၀ စုစုပေါင်း ဥစားဘဲအကောင် ၁၀၀၀ ကို ကျေးရွာနေပြည်သူလူထုထံသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဇော်မြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုး၊ မြို့နယ်စီမံကိန်းဦးစီးဌာန လ/ထညွှန်ကြားရေးမှူး ဒေါ်စန်းရီ၊ မြို့နယ်ငါးဦးစီးမှူး ဦးစိုးနိုင်တို့လိုက်ပါ၍ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း (ပြန်ဆက်)**



# ကမ္ဘာလှည့်ခရီးသွားများ ကိုယ်ပိုင်ယာဉ်ဖြင့် နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လည်ပတ်

**နေပြည်တော် ဇန်နဝါရီ ၈**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု၊ လူနေမှုဓလေ့စရိုက်များ၊ သဘာဝအလှတရားများကို ကြည့်ရှုလေ့လာ ခံစားရန်အတွက် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးများဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိသည်။

Myanmar Senses Family Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမေရိကန်နိုင်ငံသား၊ ဩစတြေးလျနိုင်ငံသားနှင့် ပြင်သစ်နိုင်ငံသားများပါဝင်သော ကမ္ဘာလှည့် ခရီးသွားဧည့်သည် ခုနစ်ဦးသည် ၎င်းတို့ကိုယ်ပိုင် မော်တော်ဆိုင်ကယ်ခြောက်စီးဖြင့် ဒီဇင်ဘာ ၁၅ ရက်တွင် တမူးမြို့မှ ဝင်ရောက်လာပြီး တမူး၊ ကလေး၊ မုံရွာ၊ ပုဂံ၊ မန္တလေး၊ ပင်းတယ၊ အင်းလေး၊ နေပြည်တော်၊ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ မြဝတီမြို့တို့သို့ သွားရောက်လည်ပတ်ကာ အဆိုပါဒေသများရှိ ထင်ရှားသော နေရာများသို့ ကြည့်ရှုလေ့လာပြီး ဒီဇင်ဘာ ၂၈ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားသည်။

ထို့အတူ Osuga Myanmar Travels & Tours Co.,Ltd ၏ စီစဉ်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသားနှစ်ဦး ပါဝင်သောအဖွဲ့သည် မော်တော်ယာဉ်တစ်စီးဖြင့် ဒီဇင်ဘာ ၁၅ ရက်တွင် မြဝတီမြို့မှ ဝင်ရောက်လာပြီး မြဝတီ၊ ဘားအံ၊ ကျိုက်ထို၊ ရန်ကုန်၊ နေပြည်တော်၊ အင်းလေး၊ ကလော၊ ပုဂံ၊ မန္တလေး၊ မုံရွာ၊ ကလေး၊ တမူးမြို့တို့သို့ သွားရောက်လည်ပတ်ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်သက်ဖွယ်ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ထိန်းသိမ်းစောင့်ရှောက်ထားရှိခြင်း၊ ယဉ်ကျေးပျူငှာ ဧည့်ဝတ်ကျေပွန်ခြင်း၊ တိုင်းရင်းသားတို့၏ စိတ်ဝင်စားဖွယ်ရာ မတူကွဲပြားသော ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် သာယာလှပသော ရေမြေသဘာဝအလှတို့ကြောင့် နိုင်ငံတကာမှ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိကြရာ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းခရီးစဉ်များဖြင့် သာမက နယ်စပ်ဝင်ပေါက်များမှလည်း ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးများဖြင့် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**



# ရှေးဟောင်းအမွေအနှစ်များ ထိခိုက်မှုမရှိစေရန် မော်တော်ယာဉ်ရပ်နားကွင်းများ ပြုလုပ်ပေးမည်

**ညောင်ဦး ဇန်နဝါရီ ၈**
ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ၌ ယခုနှစ်ခရီးသွားရာသီတွင် ယမန်နှစ်များထက် ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာသည်နှင့်အညီခရီးသွားဧည့်သည်များ ငှားရမ်းအသုံးပြုကြသည့် ပြည်တွင်းခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများမှ မော်တော်ယာဉ်ကြီး၊ ငယ်များလည်း နေ့စဉ်အများအပြား ဝင်ရောက်လျက်ရှိသည်။

နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သော ပုဂံရှေးဟောင်းစေတီပုထိုးများ အနီးပတ်ဝန်းကျင်တွင် အဆိုပါမော်တော်ယာဉ်များ နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာလျက်ရှိရာ ယင်း၏အကျိုးသက်ရောက်မှုကြောင့် တုန်ခါမှုအခြားအကြောင်းအရာအမျိုးမျိုးဖြစ်ကာ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နိုင်သဖြင့် ဘုရားနှင့် အလှမ်းဝေးပြီး သင့်တော်သောနေရာများရွေးချယ်ကာ ယာဉ်ရပ်နားကွင်းများကို စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ရပ်နားကွင်းများကို သဗ္ဗညု၊ ရွှေဆံတော်၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ဓမ္မရာဇကစသည့် ဘုရားငါးဆူတို့အနီးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ယာဉ်ရပ်နားကွင်းဆောင်ရွက်ရန် သတ်မှတ်ထားသည့် နေရာငါးနေရာသို့ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ယင်းသို့ကြည့်ရှုစစ်ဆေးရာတွင် ယာဉ်ရပ်နားကွင်းသတ်မှတ်ထားသည့်နေရာအား မော်တော်ယာဉ်အဝင်အထွက်ပြုလုပ်ရာတွင် အဆင်ပြေချောမွေ့စေရန်၊ နေဝင်ပြီးချိန်တွင် ခရီးသွားဧည့်သည်များနှင့် မော်တော်ယာဉ်များအတွက် အန္တရာယ်ကင်းရှင်းစေရေး ယာဉ်ရပ်နားကွင်းနေရာများတွင် လျှပ်စစ်မီးသွယ်တန်းနိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# ဝါးခယ်မ၌ ရပ်ဝေး ကျောင်းသား၊ ကျောင်းသူများအတွက် ဘော်ဒါဆောင်သစ် ဖွင့်လှစ်

**ဝါးခယ်မ ဇန်နဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် စံအိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တက်ရောက်ပညာသင်ကြားနေသော ရပ်ဝေးခရီးမှ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်စေရေးကို ရည်ရွယ်ပြီး ဘော်ဒါဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၅ နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့မုခ်ဦး၌ ကျင်းပခဲ့သည်။

ဝါးခယ်မမြို့နယ် အ-ထ-က စံအိပ်ကျောင်း၌ စံအိပ်၊ လှိုင်းပုံး၊ ပိုးလောင်း၊ အလယ်ရေကျော်၊ ကနစိုချောင်း၊ ဖျာလိပ်၊ မင်းဆည်၊ ကွမ်းသီးချောင်းလေး၊ ကွမ်းသီးချောင်းကြီး၊ အောင်ဒိုး၊ ကျုံလတာ၊ ကညင်ချောင်း၊ အဝချောင်း၊ ညောင်ရွာ၊ နေရက်ချောင်း၊ ရေလယ်ကျွန်း ကျေးရွာအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိရာ နေ့ချင်းပြန် ကျောင်းတက်ရန် အခက်အခဲရှိသောကြောင့် အလှူရှင်များ၊ ကျေးရွာနေပြည်သူများ၏ စုပေါင်းပါဝင်မှုဖြင့် ယခုလို ဘော်ဒါဆောင်အား ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘော်ဒါဆောင်ဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်း၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် ဝါးခယ်မမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ယခုပညာသင်နှစ်တွင် မဟော်သခါဆောင်၌ ကျေးရွာအသီးသီးမှ ကျောင်းသား ၆၂ ဦးနှင့် ဥမ္မာဒန္တီဆောင်၌ ကျေးရွာအသီးသီးမှ ကျောင်းသူ ၇၃ ဦးနေထိုင်ကာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းတရားသူကြီးချုပ် ဦးသန်းထွန်းက အ-ထ-က စံအိပ်ကျောင်း၏ ပညာရေးစုံညီပွဲတော်၌ အဖွင့်အမှာစကားပြောကြားပေးကာ တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **လွှမ်းသီဟ (ဝါးခယ်မ)**

# ရွှေဘိုဒေသတွင် ပေါ်ဆန်းမွှေးစပါးဈေးနှုန်း ယခင်နှစ်ကာလတူထက် ကျပ်တစ်သိန်းခန့် လျော့နည်းသည့်အပြင် အထွက်နှုန်းနည်းပါးနေ

**ရွှေဘို ဇန်နဝါရီ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်းမွှေးစပါးဈေးနှုန်း ယခင်နှစ်ကာလတူထက် ကျပ်တစ်သိန်းခန့် လျော့နည်းသည့်အပြင် အထွက်နှုန်းပါ နည်းပါးနေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ ရွှေဘိုဒေသတွင် မူးမြစ်တစ်လျှောက် တည်ဆောက်ထားသော သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေထိန်းတမံနှင့် ကာဘိုးရေလွှဲဆည်တို့အပါအဝင် သဖန်းဆိပ်ဆည်ရေသောက်စနစ်တစ်ခုလုံး၌ ယခုနှစ်မိုးရာသီကာလက မိုးစပါးဧကပေါင်း လေးသိန်းကျော် ငါးသိန်းခန့်ကို စိုက်ပျိုးပြီးခဲ့ကြသည်။

တစ်မိုး နှစ်သီးဖြစ်သော မိုးကြိုတွင် နှမ်းစပါးနှင့် မိုးစပါးဖြစ်သော ရွှေဘိုပေါ်ဆန်းမွှေးစပါးများ အဓိက စိုက်ပျိုးထုတ်လုပ်ခဲ့ကြရာ ယခုချိန်မှသာ မိုးစပါးများ ရင့်မှည့်လာမှုကြောင့် လှိုင်လှိုင်ရိတ်သိမ်းနေကြသဖြင့် စပါးရောင်းလိုအားများကာ ဝယ်လိုအား နည်းပါးသည့်အတွက် စပါးတင်း ၁၀၀ လျှင် ငွေကျပ်ရှစ်သိန်းကျော်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြသည်။

ပြည်တွင်းဆန်ကုန်သည်များ ဆန်အဝယ်လျော့ချထားသဖြင့် ယခုရက်ပိုင်း၌ ပြည်တွင်းဆန်ဈေး အနည်းငယ် ကျဆင်းလာကြောင်း၊ နှစ်သစ်ကူး ရုံးပိတ်ရက်ဖြစ်သောကြောင့် တရုတ်အပါအဝင် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချထားမှုမှ ငွေအဝင်နည်းသဖြင့် ဆန်ကုန်သည်များက ငွေနည်း၍ ဆန်အဝယ်လျော့ချထားကြောင်း ပြည်ပသို့ဆန်တင်ပို့သောကုန်သည်အချို့ထံမှ သိရသည်။

ယင်းစပါးဈေးသည် ယခင်နှစ်ကာလတူထက် ကျပ်တစ်သိန်းခန့် လျော့နည်းသည့်အပြင် အထွက်နှုန်းပါ နည်းပါးနေကြောင်း၊ အရင်နှစ်က ယခုချိန်တွင် ကျပ်ကိုးသိန်းခွဲဈေးနှင့်ရောင်းချခဲ့သော်လည်း ယခုနှစ်တွင် ငွေကျပ် ရှစ်သိန်းကျော်ဈေးဖြင့် ရောင်းချခဲ့ရသည့်အတွက် ကျပ်တစ်သိန်းခန့် လျော့နည်းနေကြောင်း သိရသည်။

ယခင်နှစ်က လယ်တစ်ဧကလျှင် ပျမ်းမျှစပါးတင်း ၇၀ ခန့် ထွက်ရှိခဲ့သော်လည်း ယခုနှစ်တွင်မူ စပါး ၄၅ တင်းခန့်မျှသာ ထွက်ရှိခဲ့သည်။ သို့သော်လည်း လယ်သမားတိုင်း စပါးအထွက်နည်းကြသည်မဟုတ်ဘဲ အများစုသာ အထွက်နှုန်းနည်းပါးကြောင်း ကန်သစ်ကျေးရွာနေ လယ်သမားတစ်ဦးလည်းဖြစ်သူ အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**ရောင်နီတင်ဝင်း**

# နှစ်သစ်ကူးကုန်စည်ပြပွဲ(မန္တလေး)ကျင်းပ၊ ကုမ္ပဏီ ၃၀ ကျော်မှ ပြခန်း ၈၀ ဖွင့်လှစ်ရောင်းချ

**မန္တလေး ဇန်နဝါရီ ၈**
နှစ်သစ်ကူးကုန်စည်ပြပွဲ (မန္တလေး)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်ခန်းမ ကုန်စည်ပြပွဲ မုခ်ဦးရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် ပြပွဲဖြစ်မြောက်ရေး အဓိကပံ့ပိုးကူညီသော ကုမ္ပဏီများမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များသည် ကုန်စည်ပြပွဲခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

နှစ်သစ်ကူးကုန်စည်ပြပွဲ(မန္တလေး)တွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ အဝတ်အထည်နှင့် အမျိုးသမီးသုံး ဖန်စီ ပစ္စည်းများ၊ တရုတ်နိုင်ငံမှ တင်သွင်းသော မိုဘိုင်းဖုန်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အုတ်ရိုက်စက်များ၊ စက်ဆီချောဆီများ အပါအဝင် ကုမ္ပဏီ ၃၀ မှ ပြခန်းပေါင်း ၈၀ ကျော် ခင်းကျင်းပြသထားပြီး ကုမ္ပဏီများမှ ထုတ်ကုန်များအား အထူးနှုန်းဖြင့် ရောင်းချပေးရာ လာရောက်ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကား လျက်ရှိသည်။

နှစ်သစ်ကူးကုန်စည်ပြပွဲ(မန္တလေး)ကို ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ (Export Led Growth Model - ELG) စတင်ဖော်ဆောင်ရေး

ဒေါက်တာမောင်အောင်

ဈေးကွက်စီးပွားရေးစနစ်နှင့် အပြင်ကိုရှုမျှော်သည့်မူဝါဒ (outward looking policy) ကျင့်သုံးသည့် နိုင်ငံတိုင်းအတွက် ကုန်သွယ်မှုကဏ္ဍသည် ဦးဆောင်ကဏ္ဍဖြစ်သည့်အလျောက် ကုန်သွယ်မှုသည်တိုးတက်မှု၏ မောင်းနှင်အား (trade is engine of growth) ဟု ဘောဂဗေဒပညာရှင်များကဆိုသည်။ ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံတိုးတက်မှုကို အဆိုပါနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးပမာဏအားဖြင့် အကဲဖြတ်လေ့ရှိပြီး ကုန်သွယ်မှုများလေ တိုးတက်လေပင်ဖြစ်သည်။ ပို၍ အသေးစိတ်ကြည့်မည်ဆိုလျှင် နိုင်ငံ၏ပို့ကုန်ပုံစံ (export pattern) ကြည့်လျှင်လည်း နိုင်ငံ၏တိုးတက်ဖွံ့ဖြိုးမှု အခြေအနေသုံးသပ်နိုင်သည်။ ဆိုလိုသည်မှာ အခြေခံကုန်စည်များ (primary items) ကိုသာ အဓိကထား တင်ပို့လျှင် ဆင်းရဲသည့်နိုင်ငံ၊ စက်မှုကုန်စည်အများစုဖြစ်လျှင်ဖွံ့ဖြိုးလာသည့်အဆင့်ရောက်ပြီး အဆင့်မြင့်နည်းပညာ အခြေခံထုတ်ကုန်တင်ပို့နေလျှင် ဖွံ့ဖြိုးပြီးနိုင်ငံဟူ၍ သတ်မှတ်နိုင်သည်။

ယေဘုယျအားဖြင့် ဆင်းရဲသည့်နိုင်ငံ၏ စုစုပေါင်းတိုင်းပြည်ထုတ်ကုန် GDP တွင် တန်ဖိုးနည်းပါးသည့် အခြေခံကုန်စည်များသာ ပါဝင်နေသည့်အတွက် ပို့ကုန်သည်လည်း အခြေခံကုန်စည်များသာ ဖြစ်လေ့ရှိသည်။ ဆင်းရဲရသည့်အကြောင်းရင်းမှာ အခြေခံထုတ်ကုန်များ၏ အရည်အသွေးနိမ့်ကျသလို တန်ဖိုးလည်း နိမ့်ပါးသည်။ ထို့ပြင် မူလထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲစေရန် ဆင့်တက်ပြုပြင်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ အားနည်းခြင်းကြောင့်လည်း ကြီးမားသည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးမပေးနိုင်ပေ။ ထို့အတွက် ဆင်းရဲသည့်နိုင်ငံများ စီးပွားရေးတိုးတက်စေရန် အဓိက ဇောင်းပေးပြုလုပ်ရမည့်အချက်မှာ တန်ဖိုးမြှင့်ပို့ကုန်များတိုးချဲ့နိုင်လျှင် မိမိထုတ်ကုန်တန်ဖိုးမြှင့်နိုင်သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။

ဆိုလိုသည်မှာ တိုင်းပြည်ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုကြောင့် စီးပွားရေးတိုးတက်လာမှုကို ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ export led growth model ဟု ပညာရှင်များကဆိုသည်။ ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံကို အကောင်အထည်ဖော်မည်ဆိုလျှင် မဖြစ်မနေလုပ်ဆောင်ရမည့်အချက်မှာ စက်မှုထူထောင်ရေးလမ်းစဉ်ကို သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ ထူထောင်ရေးပေါ်လစီမှ ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများ ထူထောင်ရေးပေါ်လစီသို့ ပြောင်းရမည်ဖြစ်ပြီး တန်ဖိုးမြင့် ပို့ကုန်များပေါ်ပေါက်လာရေးအတွက်လည်း အခြားနည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးပေးရမည်ဖြစ်သည်။

### ELG **ပုံစံဖြင့်တိုးတက်သည့်နိုင်ငံများ**

ကမ္ဘာ့နိုင်ငံများအနက် ELG ပုံစံဖြင့် စီးပွားရေးတိုးတက်ခဲ့သည့် ပထမဆုံးနိုင်ငံများမှာ ဥရောပတိုက် ဂျာမဏီနိုင်ငံနှင့် အာရှတိုက်မှ ဂျပန်နိုင်ငံတို့ဖြစ်သည်။ ဂျာမဏီနှင့် ဂျပန်နိုင်ငံတို့သည် ဒုတိယကမ္ဘာစစ် စစ်ရှုံးနိုင်ငံများဖြစ်ခဲ့သလို ပြာပုံဘဝမှ ပြည်လည်စတင်ရသောနိုင်ငံများလည်းဖြစ်ခဲ့သည်။ လိုအပ်သော အရင်းအနှီးကို အမေရိကန်ပြည်ထောင်စု၏ မာရှယ်စီမံကိန်း (marshell plan) အရ ရရှိခဲ့ပြီး ကမ္ဘာ့ဈေးကွက်များသို့ စက်မှုထုတ်ကုန်များ ပိုမိုတင်ပို့စေခြင်းဖြင့် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာသည့်နိုင်ငံများ ဖြစ်ခဲ့သည်။

ထို့အတူ အာရှ၏ ကျားလေးကောင်ဟုအမည်တွင်သည့် စင်ကာပူ၊ ဟောင်ကောင်၊ ကိုရီးယား၊ ထိုင်ဝမ်တို့၏ လျင်မြန်သည့် တိုးတက်မှုသည်လည်း ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ (ELG) အရ ဖော်ဆောင်ခဲ့သလို ဖွံ့ဖြိုးသည့်အဆင့်ရောက်လာတော့မည့် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်စသည် နိုင်ငံများအနေဖြင့်လည်း (ELG) ပုံစံအရ လုပ်ဆောင်နေကြောင်း တွေ့ရသည်။ လက်ရှိဆယ်စုနှစ်များအတွင်း စီးပွားရေးတိုးတက်မှု အမြန်ဆုံးဖြစ်ခဲ့သည့် တရုတ်နိုင်ငံနှင့် ယခင်တိုးတက်မှု နောက်ကျခဲ့သော အန္ဒိယနိုင်ငံတို့၏ တိုးတက်မှုများကလည်း တိုင်းပြည်၏ ပို့ကုန်လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာမှုကို အဓိကအခြေခံကြောင်း ဖော်ပြနေပေသည်။

### ကုန်သွယ်မှုဖွံ့ဖြိုးရန် အလားအလာကောင်းများ

အာရှ၏ မဟာဗျူဟာကျသည့် တည်နေရာကြောင့် မြန်မာနိုင်ငံ၏အနေအထားသည် အာရှ၏ ဒေသဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများစု တည်ရာဖြစ်သည့် ဗဟိုဌာန (regional business hub) ဖြစ်လာနိုင်သလို လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုမှ တစ်ဆင့် ဒေသအတွင်း သယ်ပို့ ထောက်ပံ့ဗဟိုဌာန (regional logistic hub) လည်း မကြာမီ ဖြစ်လာတော့မည်ဖြစ်သည်။ မြန်မာ့ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်နေသည့် အမေရိကန်စီးပွားရေးပိတ်ဆို့မှု (economic sanction) မှာလည်း ယခုအခါ ကင်းလွတ်လာသည့်အပြင် မြန်မာ့ပို့ကုန်အမယ်အရာ ၅၀၀၀ ခန့်ကိုလည်း ကုန်သွယ်မှုအထူးအခွင့်အရေး (generalized system of preference - GSP) ပြန်လည်ရရှိခဲ့ပြီဖြစ်သည်။ ယခင်စီးပွားရေးပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြား အမေရိကန်ဒေါ်လာလွှဲပြောင်းမှုများ ပိတ်ပင်ထားမှုကြောင့် ကုန်သွယ်မှုလျော့ကျစေသည့်အပြင် T.T (telegraphic transfer) စနစ်ဖြင့် အရောင်းအဝယ်ပြုရသဖြင့် စရိတ်ပြီးခြင်းနှင့် တစ်နှစ်ကုန်သွယ်သည့် အကြိမ်အရေအတွက် ပါလျော့နည်းစေခဲ့သည်။ ယခုအခါ ဒေါ်လာငွေပေးငွေယူ လွတ်လပ်စွာ အသုံးပြုလာနိုင်မှုကြောင့် ကုန်သွယ်မှုပြုရာတွင် L.C (letter of credit) စနစ် ကျင့်သုံးခြင်းဖြင့် အရင်းအနှီးနှင့် ကုန်ကျစရိတ်ကိုပါ သက်သာစေသည့်အတွက် ကုန်သွယ်မှုတိုးတက်ရေးကို အားပေးပါသည်။

ထို့ပြင် ယခုအခါ ကမ္ဘာတစ်ခုလုံးနှင့် ကုန်သွယ်မှုအခွင့်အရေးရရှိလာသည့်အတွက် ယခင်ကမ္ဘာ့ တောင်ဘက်နိုင်ငံအချင်းချင်း ကုန်သွယ်မှု (south - south trading) စနစ်မှ တစ်ကမ္ဘာလုံး ကုန်သွယ်မှုစနစ်သို့ ကူးပြောင်းနိုင်ရန် အခွင့်အရေးကောင်းများရှိနေပြီဖြစ်သည်။ အမှန်တစ်ကယ်မူ တောင်ဘက်နိုင်ငံအချင်းချင်း ကုန်သွယ်မှုဟုဆိုသော်လည်း မြန်မာ၏ အဓိကကုန်သွယ်ဘက်နိုင်ငံများမှာ အဓိကအိမ်နီးနားချင်းနိုင်ငံများနှင့်သာဖြစ်ပြီး ကျန်သည့်နိုင်ငံများမှာ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား လောက်သာ အရေးပါသည်။ ယခုအခါ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ကင်းလွတ်လာခြင်းကြောင့် ကမ္ဘာအရပ်ရပ်သို့ တင်ပို့နိုင်သလို ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပေးထားသည့် ကုန်သွယ်မှုအထူးအခွင့်အရေးကိုသာ ထိရောက်စွာ အသုံးပြုနိုင်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ မြန်မာ့ပို့ကုန်များ ပိုမိုထိုးဖောက်ဝင်ရောက်နိုင်ရန် အခွင့်ကောင်းများ ရှိနေပြီဖြစ်သည်။

Globalization ခေတ်ကုန်သွယ်မှုမှာ ယခင်ကကဲ့သို့ ကုန်ချောတင်ပို့သည့် တစ်ကြောင်းတည်းကုန်သွယ်ရေး (one way trading) မဟုတ်တော့ဘဲ ကမ္ဘာ့ထုတ်လုပ်မှုလုပ်ငန်းများ ကမ္ဘာအနှံ့ပြန့်ကျဲတည်ရှိလာမှုကြောင့် ပြုလုပ်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း ကုန်သွယ်မှု (gloabl supply chain trading) ပေါ်ပေါက်လာသည့်အတွက် အသွားအပြန်ရှိသည့် ကုန်သွယ်ရေး (two ways trading) စနစ် ပေါ်ပေါက်လာပြီဖြစ်၍ ကုန်သွယ်မှုကဏ္ဍ ပိုမိုကျယ်ပြန့်ကြီးမားလာသည်။ ဆိုလိုသည်မှာ ယခင်က မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပို့ကုန်များတင်ပို့ရာတွင် လယ်ယာသီးနှံများအပါအဝင် အခြေခံကုန်စည်များကိုသာတင်ပို့ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် စက်မှုပို့ကုန်များကိုသာ အဓိကတင်ပို့ခဲ့ကြသည်။ G.S.C ပေါ်ပေါက်လာပြီးနောက်တွင် ကုန်ကြမ်းများ၊ တစ်ဝက်တစ်ပျက်ပြီးကုန်စည်များ အစိတ်အပိုင်းများ (parts & componants) များ၊ တစ်နိုင်ငံမှ တစ်နိုင်ငံ သယ်ယူမှုများရှိလာခဲ့ပြီဖြစ်သည်။ ယနေ့ခေတ် စက်မှုထုတ်ကုန်တစ်မျိုးကို လေးငါးနိုင်ငံလောက် ပေါင်းစပ်ထုတ်လုပ်လာ၍ G.S.C ကုန်သွယ်မှုပေါ်ပေါက်လာခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအတွက် မြင်သာသည့်ဥပမာမှာ အထည်ချုပ်လုပ်ငန်းများအတွက် ကုန်ကြမ်း ဖျင်စ၊ ပိတ်စများကို အခြားနိုင်ငံများမှ တင်သွင်းပြီး CMP (cutting, making & packaging) စနစ်ဖြင့်ကုန်ချောအဖြစ် ချုပ်ပြီးအထည်များကို နိုင်ငံတကာသို့ ပြန်လည်ဖြန့်ဝေခြင်းပင်ဖြစ်သည်။

လက်တွေ့အခြေအနေများအရသာ မဟုတ်ဘဲ ကုန်သွယ်မှုဆိုင်ရာ သီအိုရီသဘောတရားများအရ သုံးသပ်လျှင်လည်း တိုးတက်ရန် အလားအလာများရှိနေပြီဖြစ်ကြောင်းတွေ့ရသည်။ ပထမဆုံးအနေဖြင့် စရိတ်သက်သာမှုအပေါ် အခြေခံသည့် နှိုင်းယှဉ်အကျိုးကျေးဇူးသဘောတရား (comparative advantage) အရကြည့်လျှင် G.S.P ကြောင့် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ထုတ်ကုန်များ ဈေးသက်သာမှုမှတစ်ဆင့် ဝယ်လိုသည့်အရေအတွက် (ဝယ်လိုအား) ကို မှချတိုးစေမည်ဖြစ်သည်။ အဓိကကုန်သွယ်ဖက်များဖြစ်သည့် အိမ်နီးနားချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးတိုးတက်မှု အလားအလာကြည့်မည်ဆိုလျှင် အရေးပါသည့်ညွှန်ကိန်းမှာ လက်တွေ့ပြသနေသည့် နှိုင်းယှဉ်အကျိုးကျေးဇူး (revealed comparative advantage - RCA) မတူညီမှုကို အခြေခံသည်။ အဆိုပါအချက်ကို နိုင်ငံများ၏ ပို့ကုန်အမျိုးအစားအလိုက် စုစုပေါင်းပို့ကုန်တွင်ပါဝင်မှုအပေါ် အခြေခံသည်။ ဆိုလိုသည်မှာ တရုတ်နိုင်ငံ အဓိကပို့ကုန်များမှာ စက်မှုကုန်ပစ္စည်းများဖြစ်ပြီး အိန္ဒိယ၏ အဓိကပို့ကုန်များမှာ တန်ဖိုးမြင့်ရတနာနှင့် နည်းပညာအခြေပြု ပို့ကုန်ဖြစ်သလို ထိုင်းနိုင်ငံ၏ တန်ဖိုးအားဖြင့် အများဆုံးပို့ကုန်မှာ လျှပ်စစ်နှင့် ကွန်ပျူတာအခြေခံပစ္စည်းများဖြစ်သည်။ မြန်မာနိုင်ငံအတွက် အဓိကပို့ကုန်များမှာမူ သဘာဝဓာတ်ငွေ့ပို့ကုန်နှင့် လယ်ယာအခြေခံ ပို့ကုန်များသာဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများ၏ ပို့ကုန်များနှင့် ခြားနားနေခြင်းသည် နိုင်ငံများအကြား ဇောက်ချထုတ်လုပ်မှုမတူညီခြင်းကို ဖော်ပြပြီး အဆိုပါနိုင်ငံများနှင့် ကုန်သွယ်ရေးတိုးတက်စေရန် အထူးအားပေးစေသည်။

ထို့အတူ ကမ္ဘာ့ဆွဲအားကုန်သွယ်မှုသီအိုရီ (gravity flow model of trade) အရဆိုလျှင် နိုင်ငံများအကြား ကုန်သွယ်မှုတိုးတက်နိုင်ရေး အလားအလာကို သုံးသပ်ရာတွင် အဆိုပါနိုင်ငံနှစ်နိုင်ငံ၏ အကွာအဝေးနှင့် စီးပွားရေးအခြေအနေပေါ် မူတည်ကြောင်းဆိုပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ကုန်သွယ်မှု အလားအလာကြည့်လျှင် အကွာအဝေးအားဖြင့် ကုန်းမြေတစ်ဆက်တည်းရှိသည့်အပြင် ဆက်သွယ်ရေးလမ်းကြောင်းများမှာလည်း ကောင်းလာပြီဖြစ်သလို အဆိုပါနိုင်ငံများ၏ စီးပွားရေးအခြေအနေများမှာလည်း ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည့်အတွက် ဝယ်နိုင်စွမ်းအားအများကြီး ရှိနေပြီဖြစ်သည့်အတွက် ကုန်သွယ်မှုယခုထက်များစွာတိုးတက်ဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကုန်းမြေတစ်ဖက်တည်း အကျယ်ပြန့်ဆုံးနိုင်ငံဖြစ်သည့်အလျောက် ယနေ့အထိ မြေပေါ်မြေအောက် သယံဇာတများ ထိရောက်စွာ အသုံးမချနိုင်သေးသလို အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း အပြည့်အဝအသုံး မပြုနိုင်သေးပေ။ ထုတ်ယူသုံးစွဲခြင်းမပြုရသေးသည့် အင်အားစုများကို ကုန်သွယ်မှုပွင့်လာမှုကြောင့် ထုတ်လုပ်မှုလုပ်ငန်းများကို စရိတ်သက်သာစွာဖြင့် တိုးချဲ့ထုတ်လုပ်နိုင်ကာ ကုန်သွယ်မှုများကို တိုးချဲ့နိုင်ကြောင်း အပိုရရှိနိုင်မှုသီအိုရီ (vent for surplus) အရလည်း ကုန်သွယ်မှု အထူးသဖြင့် မြန်မာ့ပို့ကုန်များ တိုးလာနိုင်ပေသေးသည်။ မြင်သာသည့်ဥပမာများမှာ ဈေးကွက်ပွင့်လာမှုကြောင့် စရိတ်များစွာမလိုဘဲ ရှိပြီးသားအင်အားစုများ ထိရောက်စွာ အသုံးပြုနိုင်မှုကြောင့် မြန်မာ့ပဲမျိုးစုံ အဓိက လယ်ယာသီးနှံပို့ကုန်ဖြစ်လာသလို ပြောင်းပို့ကုန်များ နှစ်စဉ်တန်ချိန်သန်းကျော် တင်ပို့လာမှုတို့ဖြစ်သည်။

### ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ (ELG)

ဆိုခဲ့သည့်အတိုင်း လက်ရှိနှင့် မကြာမီပွင့်လင်းလာတော့မည့် ကုန်သွယ်မှုအခွင့်အလမ်းကောင်းများ အသုံးပြုနိုင်မည်ဆိုလျှင် ELG ပုံစံကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် အခြေခံကုန်စည်များကိုသာ အဓိကတင်ပို့နေရသောကြောင့် ပို့ကုန်ပစ္စည်းအရေအတွက် အင်မတန်နည်းသလို ဈေးကွက်အနည်းငယ်ကိုသာ တင်ပို့နိုင်သောကြောင့် ပို့ကုန်တန်ဖိုးနည်းပါးနေရခြင်းပင်ဖြစ်သည်။ ထို့အတွက် လက်ရှိ ပို့ကုန်များကို အရည်အသွေးရော အရေအတွက်ပါ တိုးတက်အောင်ပြုလုပ်ခြင်း (သို့) မူလထုတ်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ဆင့်ပွားထုတ်လုပ်နိုင်လေ ပို့ကုန်တန်ဖိုး သိသိသာသာ တက်လာမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ ပို့ကုန်တင်ပို့နိုင်ခြင်းဖြင့် တိုင်းပြည်စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါသည်။

### ELG **အတွက် ကြိုတင်ရှိရမည့်အချက်များ**

ELG ပုံစံအောင်မြင်ရေးအတွက် ကြိုတင်ရှိရမည့် အချက်များအနက် တိုင်းပြည်အဆင့်စီးပွားရေးအခြေအနေတည်ငြိမ်မှုရှိရမည်ဖြစ်သည်။ အဓိကအားဖြင့် ငွေဖောင်းပွမှုကို ဂဏန်းတစ်လုံးသာရှိရမည်ဖြစ်ပြီး တိုင်းပြည်၏ လိုငွေပြဘက်ဂျတ်မှာလည်း လွန်လွန်ကဲကဲ ဆက်တိုက်မဖြစ်ရန် အရေးကြီးပေသည်။ ထို့ပြင် ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် ရင်းနှီးမြှုပ်နှံမှု၏ ထုတ်လုပ်မှုစွမ်းအားမြင့်မားအောင် လုပ်ဆောင်ထားရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ELG ပုံစံ အကောင်အထည်ဖော်နိုင်ရန် စုဆောင်းမှုနှုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှုန်းသည် GDP ၏ ၃၀ ရာခိုင်နှုန်း ဝန်းကျင်အနည်းဆုံးရှိရမည်ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ ပို့ကုန်နှင့်ဆက်စပ်နေသော လုပ်ငန်းများတွင် FDI ပိုမိုဝင်ရောက်နိုင်ရေးအတွက် အစီအမံများ ချမှတ်ထားရမည်ဖြစ်သည်။ FDI များများ ဝင်ရောက်လာမှသာ စက်မှုဆိုင်ရာယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးတက်လာစေပြီး နိုင်ငံတကာယှဉ်ပြိုင်မှုကို အားကောင်းစေပါသည်။

### ELG **အောင်မြင်ရန် လိုအပ်ချက်များ**

ELG ပုံစံ အကောင်အထည်ဖော်နိုင်ရေးအတွက် အလိုအပ်ဆုံးအချက်မှာ ပြည်တွင်းငွေတန်ဖိုးလျော့နည်းစေရန် အစဉ်အလေးထားရသည်။ ဆိုလိုသည်မှာ ပြည်တွင်း ငွေတန်ဖိုးလျော့နည်းခြင်း (depreciation of currency) သည် နိုင်ငံတကာတွင် ပြည်တွင်းကုန်စည်များ၏ ဈေးနှုန်းချိုသာမှုကို ဖြစ်စေသည့်အတွက် ဝယ်အားကို သိသိသာသာမြှင့်တင်စေပါသည်။ ယေဘုယျအားဖြင့် ပြည်တွင်းငွေတန်ဖိုးတက်လျှင် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ကုန်စည်များ၏ ဈေးနှုန်းမြှင့်တင်စေပြီး ယှဉ်ပြိုင်မှုကို အားနည်းစေပါသည်။ တစ်ဖက်တွင် ပြည်တွင်းငွေတန်ဖိုးတက်မှုကြောင့် ပြည်ပမှ တင်သွင်းရသော သွင်းကုန်များ ဈေးသက်သာစေပြီး ပိုမိုဝယ်ယူနိုင်ပါသည်။ ပြည်တွင်းငွေတန်ဖိုးကျလျှင်မူ ပြည်တွင်းထုတ်ကုန်များ၏ ဈေးနှုန်းသက်သာစေပြီး ပိုမိုတင်ပို့ရောင်းချနိုင်သော်လည်း သွင်းကုန်ဈေးသက်သာမှုကြောင့် လျော့နည်းတင်သွင်းမှုကို ဖြစ်စေပါသည်။

ELG ပုံစံဖြင့် တိုးတက်ခဲ့သည့် ဂျပန်နိုင်ငံမှစ၍ တရုတ်နိုင်ငံအဆုံး ပြည်တွင်းငွေကြေးတန်ဖိုးမြှင့်တင်ခြင်းမဖြစ်စေရန် အစဉ်စောင့်ကြပ်ထိန်းသိမ်းမှုများကြောင့်လည်း ELG အောင်မြင်ရခြင်းပင်ဖြစ်သည်။ ELG အတွက် မဖြစ်မနေလိုအပ်ချက်မှာ ပြည်တွင်းတန်ဖိုးမြှင့်တင်ခြင်းကို ရှောင်ရှားရန်နှင့် တန်ဖိုးလျော့နည်းစေမှုကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပေသည်။

(ဆက်လက်ဖော်ပြပါမည်။)

## ပုလောမြို့၌အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ပုလော ဇန်နဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်အလုပ်ရုံဆွေးနွေးပွဲကို ကမ်းရိုးတန်းရတနာခန်းမ၌ ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခန့်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်က ခေါင်းစဉ်သုံးမျိုးအကြောင်း ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက ပညာဆိုတာ အမြဲသင်ယူနေရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပုလောမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဌ ဦးတင်စိုးနှင့် ဦးပိုအင် (၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ မြိတ်) တို့က အလုပ်ရုံဆွေးနွေးပွဲအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် စသည့်ခေါင်းစဉ်သုံးခုဖြင့် ဒေသခံပြည်သူ ၅၀ ခန့်အား အဖွဲ့သုံးဖွဲ့ခွဲကာ ညနေ ၄ နာရီခွဲအထိ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းယောင်း၌နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီမှစ၍ မိုင်းယောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်တွင် ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် သုတ/ရသစာအုပ်၊ အပျော်ဖတ်ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ရုပ်ပြစာအုပ်များ ငှားရမ်းပေးခြင်းတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းစိမ်း(ပန်းမုန်လာစိမ်း)စိုက်ခင်းများဖြစ်ထွန်းအောင်မြင်ကာဈေးကောင်းလျက်ရှိ



**အမရပူရ ဇန်နဝါရီ ၈**

ဖွံ့ဖြိုးတိုးတက်လာသောကာလတွင် တောင်သူများမှာ ဈေးကွက်ကိုခန့်မှန်းကာ စိုက်ပျိုးသီးနှံကို ရွေးချယ်စိုက်ပျိုးကြသည်။ ဈေးကွက်ကောင်းသည့်အချိန်ရှိသလို ဈေးကွက်ပျက်သည့်အချိန်လည်းရှိတတ်သည့်အတွက် ချိန်ဆစိုက်ပျိုးလေ့ရှိသည်။ ဆောင်းတွင်းကာလတွင် သီးနှံစုံအပြိုင်ပေါ်သည့်အတွက် နောက်ပိုင်းဈေးကွက်ကျသွားသည်များနှင့်ကြုံတွေ့ရတတ်သည်။ သို့အတွက်ကြောင့် ဆောင်းတွင်းကာလသီးနှံများကို ချိန်ဆစိုက်ပျိုးလာကြသည်။ ယခုနှစ်တွင် ဆောင်းတွင်းပိုင်း ပန်းစိမ်းများဈေးကွက်ကောင်းလျက်ရှိသည်။

အမရပူရမြို့နယ်တွင် ပန်းစိမ်း(ပန်းမုန်လာစိမ်း) များကို တွင်ကျယ်စွာစိုက်ပျိုးကြသည်။ စိုက်ပျိုးမှုတွင် လိုအပ်သလို ထယ်ထွန်ပြီးသည်နှင့် ပေါက်ပြားဖြင့် ငါးပွင့်ဆိုင်ကျင်းယက်ထားကြသည်။ စိုက်ခါနီးတွင် ရေတင်ကာ မြေအစိုတွင်ထိုးစိုက်သည့်စနစ်ကို အသုံးပြုလာကြသည်။ စိုက်ပျိုးရန်အတွက် ပန်းမုန်လာစိမ်းပျိုးပင်ကို သီးသန့်ပျိုးထောင်ကာ စိုက်ပျိုးကြရသည်။ တစ်ဧကစိုက်ပျိုးရန်အတွက် မျိုးစေ့အထုပ်နှစ်ဆယ်ခန့်ပျိုးထောင်ကြရသည်။

အများအားဖြင့် တစ်ဧကလျှင် ပန်းမုန်လာစိမ်းအပင်အနည်းဆုံး ရှစ်ထောင်မှ တစ်သောင်းကျော်အထိ အပင်အစိပ်အကျဲအလိုက် စိုက်ပျိုးကြသည်။ စတင်စိုက်ပျိုးသည်မှစကာ မြေဆီကျွေးခြင်း၊ ရေတင်ခြင်း၊ ဆေးဖျန်းခြင်းတို့ကို စနစ်တကျပြုလုပ်ပေးကြရသည်။ စတင်စိုက်သည်မှ သုံးလခန့်ကြာလျှင် ပန်းစိမ်းကိုခုတ်ယူရောင်းချနိုင်သည်။ သုံးလအတွင်း ရာသီဥတုအခြေအနေအလိုက် ရေတင်ခြင်းကို အနည်းဆုံး ငါးခါမှ ခြောက်ခါအထိ တင်ကြရသည်။

လက်ရှိကာလတွင် ပန်းမုန်လာမှာ ဈေးကွက်ကောင်းမွန်သောနှစ်ဟုဆိုကြသည်။ စတင်ပေါ်ခါစတွင် ပန်းမုန်လာစိမ်း (ပန်းစိမ်း)တစ်ပွင့်လျှင် ငွေကျပ် ၃၅၀ နှုန်းရောင်းချရပြီး ယခုအခါတွင် ပန်းမုန်လာတစ်ပွင့်လျှင် ငွေကျပ် ၂၅၀ မှ ၃၀၀ အထိ ရောင်းချကြသည်။ ဈေးကွက်ကောင်းမိသော ပန်းမုန်လာစိမ်း(ပန်းစိမ်း) စိုက်ခင်း တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ အထိ ရရှိကြသည်။ လက်ရှိကာလတွင် ပန်းစိမ်း(ပန်းမုန်လာစိမ်း) စိုက်ပျိုးသူများ ဈေးကွက်ကောင်းသ ဖြင့် အဆင်ပြေကြောင်း သိရသည်။

**တိမ်တမန်**

## စားသုံးသူရေးရာဦးစီးဌာန၏ ပညာပေးကာလကျော်လွန်ပြီဖြစ်၍ အရေးယူဆောင်ရွက်နိုင်ရေး ရှင်းလင်းပွဲပြုလုပ်




**လားရှိုး ဇန်နဝါရီ ၈**

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် ရှေးဦးကွင်းဆင်းပညာပေးဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်မှုတို့ကို စားသုံးသူရေးရာနှင့်သက်ဆိုင်သော ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို စီးပွားရေးလုပ်ငန်းရှင်များအား အသိပေးရှင်းလင်းပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူးရုံးခန်းမ၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် စားသုံးသူရေးရာဦးစီးဌာန (ခရိုင်စားသုံးသူညွှန့်ပေါင်းဖြေရှင်းရေးအဖွဲ့) က ပညာပေးကာလအဖြစ် စတင်ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် လားရှိုးမြို့ပေါ်ရှိ ထုတ်လုပ်သောမုန့်ဆိုင်များတွင် ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲများ မပါရှိခြင်း၊ ပြည်ပမှဝင်ရောက်လာသော စားသောက်ကုန်ပစ္စည်းများတွင် တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းထားခြင်းကို မတွေ့ရှိရခြင်း၊ FDA ထောက်ခံချက်မပါရှိခြင်းတို့ အများဆုံးတွေ့ရှိရပြီး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်ကုန်လွန်၍ ၂၀၁၇ ခုနှစ်သို့ ရောက်ရှိခဲ့ပြီး ပညာပေးကာလမှာ ရှစ်လကျော်ကြာမြင့်ခဲ့ပြီးဖြစ်သည်။

တွေ့ဆုံရှင်းလင်းပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းက စားသုံးသူကိုယ်တိုင်က မိမိအခွင့်အရေးကို ကိုယ်တိုင်သိပြီး မိမိအခွင့်အရေး ချိုးဖောက်ခံရမှုများ၊ စားသုံးသူအခွင့်အရေးများ ထိခိုက်နစ်နာမှုရှိလျှင် စားသုံးသူရေးရာဦးစီးဌာန (ခရိုင်စားသုံးသူညွှန့်ပေါင်းဖြေရှင်းရေးအဖွဲ့) သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိကျသေချာစွာ တိုင်ကြားစေလိုပြီး တိုင်ကြားလာပါကလည်း စားသုံးသူအငြင်းပွားဖြေရှင်းရေးအဖွဲ့မှ စီမံခန့်ခွဲရေးနည်းလမ်း (၇) ချက်ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လိုအပ်လာပါက ရောင်းချသူများ လိုင်စင်ကို ယာယီ (သို့) အမြဲတမ်းပိတ်သိမ်းရန်အတွက် လိုင်စင်ခွင့်ပြုသော ဦးစီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ စားသုံးသူရေးရာနှင့်သက်ဆိုင်သော ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို စီးပွားရေးလုပ်ငန်းရှင်များအား အသိပေးရှင်းလင်းပွဲသို့ စီးပွားရေးလုပ်ငန်းရှင် ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## ကျေးလက်လမ်းများကတ္တရာခင်းကျင်းခြင်းများဆောင်ရွက်

**ဒီပဲယင်း ဇန်နဝါရီ ၈**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် စိုင်ပြင်-အိမ်ယာ-ရင်းရဲ-နဂါးဘို-မြရိပ်လမ်း (၁/၄) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအား Royal Kabaw ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ဇန်နဝါရီ ၆ ရက်က ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာပေါင်း ၂၀ မှ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့လွယ်ကူစွာ သွားလာနိုင်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ချောင်းကူးတံတား ဆောက်လုပ်ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လျှော်ဖြူကန်-သာစည်လေး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းပြီးစီး၍ ဒေသခံများ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လျှော်ဖြူကန်-သာစည်လေးကျေးရွာချင်းဆက်လမ်းပေါ်ရှိချောင်းအား မိုးရာသီ၌ ဖြတ်သန်းသွားလာရာတွင် အဆင်မပြေသည့်အတွက် တံတားတည်ဆောက်ရန် ဒေသခံများက တာဝန်ရှိသူများထံ တင်ပြတောင်းခံရာမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ရရှိသည့် ငွေကျပ် ၁၅ သိန်းနှင့် ဒေါ်အုံးကြည်မိသားစုမှ လှူဒါန်းသည့်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် ၂၅ သိန်းတို့ဖြင့် အရှည်ပေ ၂၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်တံတားကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ စတင်တည်ဆောက်ခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက်တွင် ကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့သည့်အတွက် ၎င်းလမ်းအား ဖြတ်သန်းသွားလာသည့် မကျီးစု၊ လျှော်ဖြူကန်၊ သာစည်လေး၊ ကန်တိုင်ပေါက် စသည့်ကျေးရွာများမှ ဒေသခံများ၏ ကားများ၊ ဆိုင်ကယ်များဖြင့် ရာသီမရွေးသွားလာနိုင်ကြောင်း လျှော်ဖြူကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆန်းမောင်ကပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲပြုလုပ်

**မိုးမိတ် ဇန်နဝါရီ ၈**

မိုးမိတ်ခရိုင်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြခြင်းနှင့် မီးသတ်နည်းသရုပ်ပြသခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဇန်နဝါရီ ၆ ရက်တွင် မြို့နယ်စည်ပင်သာယာဈေး၌ သရုပ်ပြခြင်းများ ပြုလုပ်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်အဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီးနောက် မီးငြိမ်းသတ်နည်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများကို လက်တွေ့သရုပ်ပြခဲ့ပြီး ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးမိတ်ခရိုင်(ပြန်/ဆက်)**

# ကွက်ငယ်ကျေးရွာနှင့် ဒဟတ္တန်းကျေးရွာ ဆက်သွယ်ထားသည့် လမ်းပိုင်းပျက်စီးနေမှုအား ကျေးရွာဒေသခံများ စုပေါင်းပြုပြင်

**မိတ္ထီလာ ဇန်နဝါရီ ၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာနှင့် ဒဟတ္တန်းကျေးရွာ ဆက်သွယ်ထားသည့် လမ်းပိုင်း ၂ မိုင်ခန့်ပျက်စီးနေမှုအား ကျေးရွာဒေသခံများစုပေါင်း၍ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာနှင့် သာစည်မြို့နယ် မောင်းတိုင်ကျေးရွာကို ဆက်သွယ်ဖောက်လုပ်ထားသည့် (ယခင် ဒီစတြိတ်ကောင်စီလမ်း) ပေါ်တွင်တည်ရှိပြီး ယင်းလမ်းမှ ကွက်ငယ်၊ ပန်းသွင်း၊ အင်းအုံး၊ ရွာသစ်၊ အိုင်ကြီးလည်စသည့်ကျေးရွာအများအပြားရှိ ဒေသခံပြည်သူများ မိတ္ထီလာမြို့သို့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကြောင့် နေ့စဉ်ကူးလူးဖြတ်သန်းသွားလာနေရသည်။ ပြီးခဲ့သည့်မိုးတွင်းကာလမှစတင်ပြီး ယင်းလမ်းပိုင်းမှာ ဆိုးဆိုးရွားရွားပျက်စီးလာခြင်းကြောင့် ကျေးရွာဒေသခံများ စုပေါင်းပြီးပြုပြင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးက ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိက လမ်းပြုပြင်ဆောင်ရွက်ဖို့အတွက် မတည်အလှူငွေကျပ် ၁၁ သိန်း လှူဒါန်းပေးပြီးတော့ ကျန်တာကိုတော့ အခုပြုပြင်တဲ့လမ်းပေါ်မှာပဲ အလှူခံပြီး ဆောင်ရွက်တာပါ။ ဖြတ်သန်းသွားလာတဲ့သူတွေကလည်း တော်တော်များများလှူဒါန်းကြပါတယ်။

မတည်အလှူငွေနဲ့ အလှူခံရရှိငွေအားလုံးကို လက်ထဲမှာလုံးဝမထားဘဲ လမ်းခင်းကျောက်တွေကို ချက်ချင်းဝယ်ယူပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁ ရက်က လမ်းပြုပြင်ဆောင်ရွက်ခြင်း စတင်ခဲ့တာဖြစ်ပြီး အလှူခံရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာပါ" ဟု ကွက်ငယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ကိုထွန်းထွန်းမင်းက ပြောသည်။

ယင်းကျေးရွာချင်းဆက်လမ်းပိုင်း ပြုပြင်ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၅၀ ခန့်ကုန်ကျမည်ဟု ခန့်မှန်းထားပြီး မတည်လှူဒါန်းငွေကျပ် ၁၁ သိန်းနှင့် အလှူခံရရှိငွေများ စုစုပေါင်းငွေကျပ် ၃၄ သိန်းဖိုးခန့် လမ်းခင်းကျောက်များဝယ်ယူပြီးစီးကာ လမ်းကြမ်းခင်းခြင်းလုပ်ငန်းအား ကျေးရွာမှ ဒေသခံလူငယ်၊ လူကြီးများ စုပေါင်းလုပ်အားဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **ချမ်းသာ(မိတ္ထီလာ)**



## ကျားရွာ – မြင်းကသာ ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတား ငါးစင်း ဆောက်လုပ်

**ရွှေဘို ဇန်နဝါရီ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် တံတားတစ်စင်းလျှင် ခွင့်ပြုရန်ပုံငွေကျပ် ၄ သန်းနှုန်းဖြင့် ကျားရွာ-မြင်းကသာ ကျေးရွာချင်းဆက်လမ်းပေါ်၌ အရှည် ၅ ပေ၊ အကျယ်ပေ ၂၀ ကွန်ကရစ်တံတားငါးစင်းကို ဆောက်လုပ်လျက်ရှိသည်။

အဆိုပါတံတား ငါးစင်းဆောက်လုပ်နေမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဝင်းမြတ်သိန်းတို့အဖွဲ့က ဇန်နဝါရီ ၅ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျားရွာ-မြင်းကသာ ကျေးရွာချင်းဆက်လမ်းပေါ်၌ ယခင်က ရေထုတ်ပြွန်များသာရှိရာ မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ပြီး လမ်းပေါ်ရေကျော်ခြင်းမရှိရန်အတွက် ဆောက်လုပ်ခြင်းဖြစ်သည်။ **ခင်ဦးစိုးဝေ**

## စဉ်ဆက်မပြတ် သူနာပြု၊ သားဖွားပညာရေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၈**
မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ တနင်္သာရီတိုင်းဒေသကြီး သူနာပြုနှင့်သားဖွားအသင်းတို့ပူးပေါင်း၍ 'စဉ်ဆက်မပြတ် သူနာပြု-သားဖွားပညာရေးဆွေးနွေးဟောပြောပွဲ' ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ယနေ့အချိန်အခါသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အားထုတ်ကြိုးပမ်းမှု အခြေခံကောင်းများ ရရှိပိုင်ဆိုင်ထားသည့်အချိန်၊ တိုင်းကျိုးပြည်ပြုတည်ဆောက်မှုအခြေခံဆောက်အအုံများကဏ္ဍတိုင်းတွင် သမိုင်းမှတ်တိုင်များအဖြစ်ထူနိုင်ခဲ့သည့်အချိန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အချိန်အခါကောင်းများ စုစည်းတည်ရှိနေသည့်အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူလူထု၏ကျန်းမာရေးကို ပြုစုစောင့်ရှောက်ခြင်းများနှင့် မြှင့်တင်ပေးသည့်နေရာတွင် အဓိကအရေးပါသည့်အခန်းကဏ္ဍကတက်တက်ကြွကြွပါဝင်ဆောင်ရွက်နေကြသည့် သူနာပြု၊ သားဖွား ကျန်းမာရေးဆရာမများကို တစ်စုတစ်ဝေးတည်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် မွန်မြတ်သန့်စင်သည့် သူနာပြုစိတ်ဓာတ်နှင့် ဆောင်ရွက်ရသည့် သူနာပြုစုမှုလုပ်ငန်းကြီးကို မြတ်နိုးတန်ဖိုးထားတတ်သည့် စိတ်ဓာတ်၊ အချင်းချင်း သွေးစည်းညီညွတ်သည့်စိတ်ဓာတ်၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုများကို အသက်ပေးကာကွယ်သွားမည့် စိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရင်း နိုင်ငံတော်နှင့် ပြည်သူများအပေါ် မှန်ကန်သည့်အသိ၊ မှန်ကန်သည့်လုပ်ရပ်များနှင့် သစ္စာစောင့်သိ ကျေးဇူးဆပ်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးကုသရေး ဦးစီးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သူနာပြု-သားဖွားဆရာမများ တက်ရောက်ခဲ့သည်။
**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**



## ရေဆိုးထုတ်မြောင်း ရေခလုတ်တိုးချဲ့ပြုပြင်ဆောင်ရွက်

**ပွင့်ဖြူ ဇန်နဝါရီ ၈**
ပွင့်ဖြူမြို့ မြို့ပတ်လမ်းထိပ်ရှိ ရေဆိုးထုတ်မြောင်း ရေခလုတ်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယခင်ရေဆိုးထုတ်မြောင်း ရေခလုတ်သည် နှစ်ကာလကြာမြင့်လာသည်နှင့် အမှိုက်သရိုက်များကြောင့် ရေမြောင်းများပိတ်ဆို့ကာ မြို့တွင်းရှိ ရေဆိုးများ ရေထွက်ပေါက်မရှိဘဲ အနံ့ဆိုးများထွက်ကာ မြို့ပေါ်ရပ်ကွက်နေပြည်သူများ သွားလာရေးနှင့် ကျန်းမာရေးထိခိုက်လာနိုင်သဖြင့် တိုးချဲ့ပြုပြင်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ရေဆိုးထုတ်မြောင်း ရေခလုတ်အား ဖြည့်စွက်ခွင့်ပြုရန်ပုံငွေကျပ် ၃၄ သိန်း ၄ သောင်းဖြင့် မြေသားမြောင်းအရှည်ပေ ၂၀၀၀ တူးဖော်ခြင်း၊ ရေထွက်ပေါက် ရေခလုတ်အား အနက် ၇ ပေ၊ အကျယ် ၆ ဒသမ ၅ ပေ၊ အလျား ၅၄ ပေရှိ ကွန်ကရစ်ခင်း၊ အုတ်စီဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။
**သူရထွန်း(ပွင့်ဖြူ)**

## ရေယာဉ်များ စနစ်တကျပြေးဆွဲရေး စစ်ဆေးဆောင်ရွက်နိုင်ရန် ဆွေးနွေး

**ကနီ ဇန်နဝါရီ ၈**
ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ကနီမြို့နယ်အတွင်း ဖြတ်သန်းသွားလာနေကြသော ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နှင့် ရေယာဉ်ငယ်များ စနစ်တကျပြေဆွဲခြင်းရှိ၊မရှိနှင့် အန္တရာယ်ကင်းစွာမောင်းနှင်နိုင်ရေးတို့အတွက် စနစ်တကျစစ်ဆေးဆောင်ရွက်နိုင်ရေး ပုဂ္ဂလိကရေယာဉ်များကြီးကြပ်ရေးကော်မတီနှင့် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တို့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီခွဲက ကနီမြို့နယ် ရေယာဉ်ငယ်အသင်းရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ရေယာဉ်များအားစစ်ဆေးသည့် အချက်များနှင့်ပတ်သက်၍ မိမိတို့အဖွဲ့မှ ယာဉ်များတွင် သက်တမ်းရှိသည့် ရေကြောင်းအန္တရာယ်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်၊ သက်တမ်းရှိသော လုပ်ငန်းလိုင်စင်၊ ခရီးသည်နှင့် ကုန်စည်တို့အား ရေယာဉ်ဦးပိုင်း၊ ခေါင်မိုးပေါ်တွင် တင်ဆောင်ခြင်းမပြုဘဲ သတ်မှတ်ထားသောနေရာတွင်သာ တင်ဆောင်ခြင်း၊ ရေယာဉ်၏ ဝန်တင်မျဉ်း (Load Line) ထက် ပိုမိုတင်ဆောင်ခြင်း၊ စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ်တွင် ဖော်ပြထားသည့် တင်ခွင့်ပြုခရီးသည်အရေအတွက်ထက် ကျော်လွန်ခြင်း၊ ရေယာဉ်ပေါ်တွင် ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်းများအတွက် အသက်ကယ်အင်္ကျီ၊ ဘောကွင်း၊ မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ်သည့်ပစ္စည်းများ၊ အချက်ပြမီးကိရိယာများ သတ်မှတ်ချက်အတိုင်း ရှိ-မရှိနှင့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်လက်မှတ် စုံ-မစုံတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်ပြီး ကုန်တင်ရေယာဉ်ဖြစ်ပါက ခရီးသည်များတင်ဆောင်ခြင်း ခွင့်မပြုရန်နှင့် ရိုးရိုးကုန်တင်ရေယာဉ်နှင့် တွဲဖြစ်ပါက လောင်စာဆီများတင်ဆောင်ခွင့်မပြုရန်နှင့် ညအချိန် မောင်းနှင်ခွင့်မပြုကြောင်းတို့ကို သေချာစွာသတိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းက မိမိတို့မြို့နယ်အတွင်းတွင် ဖြတ်သန်းသွားလာနေသော ရေယာဉ်များ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး စနစ်တကျစစ်ဆေးဆောင်ရွက်ရေးတို့ကို ထပ်မံရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သန်းဌွေးအောင်(ကနီ)**

## နွေရာသီ ရေရှားပါးမှုအခက်အခဲဖြေရှင်းနိုင်ရန် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရွှေသောင်ယံ ဇန်နဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၁) ရပ်ကွက်တွင် နွေရာသီရေရှားပါးမှုအခက်အခဲများကို ဖြေရှင်းနိုင်ရန် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပေ ၁၇၀ တွင် ကောင်းမွန်သော ရေကြောရရှိပြီး ရပ်ကွက်အတွင်း လုံလောက်သောရေပမာဏကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းအား အောင်မြင်သောရေပမာဏရရှိရန် ၁၅ ရက်ခန့်တူးဖော်ခဲ့ရပြီး တစ်နာရီလျှင် ရေဂါလန် ၄၅၀ မှ ၅၀၀ ထိ ထုတ်ယူသုံးစွဲနိုင်တော့မည်ဖြစ်သည်။ ယင်းစက်ရေတွင်းကို မြို့နယ်စည်ပင်ဘတ်ဂျက်ခွဲတမ်းအပြင် ရပ်ကွက်နေပြည်သူတို့၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကိုမောင်(ပြန်/ဆက်)**



## ကြော်ငြာ

### နေပြည်တော်ပျဉ်းမနား အထက (၁) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော်ပျဉ်းမနား အထက (၁) ၏ န၀မအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောင်း၏ ရွှေရတုရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ ၁၉၅၃ခုနှစ်မှ ၂၀၁၆ခုနှစ်အတွင်း ၎င်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသူ၊ ကျောင်းသားဟောင်းများက ပူဇော်ကန်တော့လိုပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများက ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများကလည်း အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါဘဏ်စာရင်းအမှတ်နှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများထံ လှူဒါန်းနိုင်ပါသည်။

CB Bank Account No.0332017557(Pyinmana)

၁။ ဦးနေလင်းထိုက် ၀၉-၅၅၈၈၄၄၄
၂။ ဦးလှမြင့် ၀၉-၂၅၀၀၉၄၇၅၇
၃။ ဦးဇော်ထက် ၀၉-၄၄၈၅၄၄၅၅၅
၄။ ဦးတင်ထွန်းထက် ၀၉-၄၉၂၂၂၄၄၄




သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး












# လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပစ္စည်းလေးပါး ဒါယိကာမကြီး-**သုဓမ္မသိင်္ဂီ ဒေါ်စမ်းရှင်**(မိသားစု-ရတနာရွှေဆိုင်)အား သီဟသုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်သည့်အတွက် လိုက်လှဲစွာ ဝမ်းသာဂုဏ်ယူကြောင်းနှင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကိုလည်း ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါ်စမ်းအေး**
**ဦးဇော်မြင့်-ဒေါ်ယဉ်ယဉ်မြင့်မိသားစု**
**ဦးကျော်လွင်-ဒေါ်ယဉ်ယဉ်ထွေးမိသားစု**
**ဟင်္သာတမြို့**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်"သည် "ပထမ"နေရာမှ(၅)နှစ်ဆက်၍ "ဝင်ငွေခွန်အများဆုံး"ထမ်းဆောင်ခဲ့ခြင်းအတွက် "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"အား "အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း"ဖော်ပြအပ်ပါသည်။

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**သပြေစိန်ရွှေရတနာဆိုင်**
**မိသားစု၊ တောင်ကြီးမြို့**


Certificate TH09/3125

**ဦးသာရင်** ၏ **သွက်ချာပါဒ လေငန်းဆေးပြား**

နဂါးအမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။




ကားပါကင်နှင့် ဓာတ်လှေကားပါ
20X60 "မြကွန်ဒို" မြေရှင်ကိုယ်တိုင်ရောင်းမည်
ဆက်သွယ်ရန် 09 254207759, 09 5094073
မြဖေယျာလမ်း၊ ကမာရွတ်မြို့နယ်။

အကောင်းကြိုက်သူများအတွက်
**သန္တ**
စပါယ်ရှယ်ပေါ်ဆန်းမွှေးပဲဆီမွှေး
- ရွေးချယ်သန့်စင်ပြီး (ခပ်ချက်)ဆန်များကို အိမ်အရောက်ပို့ပေးပါသည်။
- ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
- တိုက်အထပ်မြင့်များ အထပ်တက်ခ ထပ်မံပေးစရာမလိုပါ။ (ပိတ်ရက်မရှိပါ)
- ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တပါတ်အတွင်းပြန်လည်လဲလှယ်ပေးပါမည်။ဖုန်း - ၆၈၁၂၀၉၊ ၆၈၁၅၀၄၊ ၆၈၂၉၃၄၊ ၀၉ ၉၉၂၀၁၆၃
တိုက်(၃)၊ အခန်း (၀၀၄)၊ ဇေယျာမွန်အိမ်ယာ၊ ဘုရင့်နောင်ဈေးမျက်နှာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး၊ မရမ်းကုန်း၊ ရန်ကုန်။

**ဆရာကျော်** "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph : 09-512-1284, 09-420-707802, 09-250-066210

**မြေရောင်းမည်**
ပြင်ဦးလွင်မြို့
ရေချမ်းအိုးရပ်ကွက်။
(80 x 80) ၊ သိန်း-500
Ph: 09 798237706




**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ်-၂၂ယ/၅၃၇၇၃၊ အမျိုးအမည် Honda Click 110 အမျိုးအစား မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဦးဇော်သိန်း၊၆/ပလန(နိုင်)၀၀၀၁၅၇၊မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

**ရွှေယုန်မင်း** အမှတ်တံဆိပ်
အနာလိမ်းဆေး
ပျောက်ကင်းနိုင်သောအနာများ

အနာပဆုတ်၊ ခူနာ၊ နို့နာ၊ ကိန္နရာနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံစူး၊ ငါးစူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ပုတ်များ၊ အံဆုံးပေါက်နာ၊ အနာဟောင်းအနာဆွေးများ ဒွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။
အမှတ်(၂၈-၂၉) ဗိုလ်တေဇလမ်း (၁၆) ရပ်ကွက်၊ ရွှေပေါက်ကံမြို့ မြောက်ဥက္ကလာပမြို့နယ်ရန်ကုန်တိုင်းဒေသကြီး။ ☎ ၀၁ ၆၉၉၇၁၆ ၀၉ ၅၀၂၃၇၁

**နှစ်ထပ်တိုက်တစ်လုံးရောင်းမည်**
၄၀' × ၆၀' ခြံအတွင်း ကား(၂)စီးထားနိုင်သည်။
မီတာ/အဝီစိရေ
**အောက်ထပ်**-ဧည့်ခန်းကျယ်သုံးခန်း၊ မီးဖိုဆောင်၊ ထမင်းစားခန်း၊ ဘိုထိုင်အိမ်သာ၊ ရေချိုးခန်း၊ ရေလှောင်ကန်၊ စတိုခန်း၊ ၂ ကောင်အားလေအေး စက်(၂)လုံး၊
**အပေါ်ထပ်**-ဘုရားခန်း၊ ဧည့်ခန်း၊ ဆင်ဝင်၊ ဘုရားပန်းရေလဲစင်၊ အိမ်သာရေချိုးခန်းတွဲလျက်၊ အိမ်ခန်းကျယ်(၂)ခန်း၊ နံရံကပ် ဗီရိုကြီး(၂)လုံး၊ (အသင့်နေနိုင်၊ ရပ်ကွက်သန့်၊ ဈေးနီး၊ ကျောင်းနီး၊ ရုံးခန်း၊ အလှုပြုပြင်ရေးဖွင့်ရန်သင့် ရုံးချိန်တွင် ကိုယ်တိုင်လာရောက်စုံစမ်းနိုင်ပါသည်။)
B/3-၃၅လမ်း၊ ၇၀×၇၁ ကြား၊ လမ်းသွယ်-၁၊ သီရိရိပ်သာ၊
UAB ဘဏ်(လုံးချင်းတိုက်)ကျောကပ်၊ တစ်ခြံကျော်။
ဆက်သွယ်ရန်ဖုန်း-09-2018131, 09-444166608

**CCTV လုံခြုံရေး ကင်မရာ တပ်ဆင်ပေးခြင်း**
"4CH ၄ လုံး တစ်စုံ"
"ရုပ်နှင့်အသံ ကို ဖုန်း ဖြင့် စောင့် ကြည့်နိုင် ခြင်း"


"4CH 1.0M= 270000 ကျပ်"
"4CH 2.0M= 310000 ကျပ်"
"8CH 1.0M= 430000 ကျပ်"
"8CH 2.0M= 510000 ကျပ်"
"၂၇၀၀၀၀ ကျပ်"
|Link to Link|
အမှတ်၄၅၊A-21,ဈေးကြီးလမ်း၊ကြည့်မြင်တိုင် မြို့နယ်၊ရန်ကုန် 09-78000 2014,09-78000 2017

## မိဘပြည်သူများထံ နှစ်သစ်တွင် ဂုဏ်သိက္ခာရှိစွာ ရောက်ရှိလာမည့် သတင်းစာ

မြန်မာတိုင်းအတွက်

# မြန်မာတိုင်းမ်

MYANMAR TIMES DAILY

တန်ဖိုး ကျပ်၁၀၀ဖြင့် ဇန်နဝါရီ ၁၂ရက် ထွက်မည်

**စာပေနယ်အသီးသီးမှ သတင်းထောက်၊ ကလောင်ရှင်များ ဆက်သွယ်နိုင်ကြပါပြီ။**

အယ်ဒီတာအဖွဲ့ ၀၉ ၄၄၄၈၁၁၁၄၅၊ ၀၉ ၄၄၄၈၁၁၁၄၆၊ ၀၉ ၄၄၄၈၁၁၁၄၇၊ ၀၉ ၄၄၄၈၁၁၁၄၉၊ ၀၉ ၄၄၄၈၁၁၁၅၀။
ကြော်ငြာအဖွဲ့ ၀၁၃၉၂၆၇၆၊ ၀၉ ၄၄၄၈၁၁၁၄၀၊ ၀၉ ၄၄၄၈၁၁၁၄၁။
ဖြန့်ချိရေးအဖွဲ့ ၀၉ ၄၄၄၈၁၁၁၄၂၊ ၀၉ ၄၄၄၈၁၁၁၄၃။

email: mtmdailynewspaper@gmail.com
www.facebook.com/mtmdailynewspaper

Sweety®

## ရခဝေခါလီ၊ ဘရာစီယာနှင့် အတွင်းခံအမျိုးမျိုးမှ
## နှစ်သစ်မင်္ဂလာဆုတောင်း

Sweety® ထုတ်ကုန်များကိုအစဉ်တစိုက် နှစ်သက်စွာဝယ်ယူဝတ်ဆင် အားပေးခဲ့ကြသော Sweety® ချစ်သူ မိဘပြည်သူများနှင့် Sweety Underwear ကိုချစ်ခင်ယုံကြည်စွာ ရောင်းချပေးလျက်ရှိသော ရပ်နီး၊ ရပ်ဝေးမှ မိတ်ဟောင်း၊ မိတ်သစ် ဖောက်သည်ကြီးများအားလုံး မင်္ဂလာရှိသော ၂၀၁၇ နှစ်သစ်မှစ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊ ပျော်ရွှင်ခြင်းသုခအဖြာဖြာနှင့် ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပြီးလျှင် စီးပွားလာဘ်လာဘများ ဆပွားတိုးတက်အောင်မြင်ကြပါစေကြောင်း Sweety® မိသားစုမှလှိုက်လှဲစွာ နှစ်သစ်ဆုမွန်ကောင်းများ တောင်းအပ်လိုက်ပါသည်။

lady life NOBBY® Sweety®

Customer Service Phone - 09-777 888 914, 09-777 888 915, 09-777 888 916, 09-777 888 917

**iStock®** ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်



- ကုန်ရောင်း/ကုန်ဝယ်
- ကုန်လက်ကျန်
- အကြွေး
- ငွေစာရင်း/အရှုံးအမြတ်

**CaféPOS®** စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်

- Table Reservation
- Menu Ordering
- Billing
- Kitchen Monitoring
- Reporting



**HotelPro®** ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်



- Guest Info
- Room Status
- Reservation
- Check In/Out
- City Ledger

Galaxy Software Co., Ltd. www.galaxy.com.mm
Yangon (HO) : 09-43064181, 09-252424002, 09-254151516
Nay Pyi Taw : 09-257333214, 09-974432762
Mandalay : 09-440067577, 09-978030881
Pathein : 09-455042499, 09-455042500

BUY MORE SAVE MORE
BUY 2 ITEMS 4% OFF | BUY 3 ITEMS 6% OFF | BUY 4 ITEMS 8% OFF | BUY 5 ITEMS 10% OFF

HAPPY NEW YEAR 2017

hp Panasonic vivitek Duplo CASIO sbm KONICA MINOLTA GBC OLYMPIA



Authorized Distributor **Gandamar** O.A. & Business Solutions
HOTLINE : 09-253 547 980 | 09-253 547 981

**NEW MOTION** Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျားသစ်လွင် ခရီးစဉ်

| | | | |
|---|---|---|---|
| ★ ပုဂံ ခရီးစဉ် | Jan 20,Feb 10 | ★ ကလော-လွိုင်ကော်ခရီးစဉ် | Jan 20, Feb 10 |
| ★ မန္တလေး ခရီးစဉ် | Jan 20,Feb 10 | ★ မြဝတီ - မဲဆောက်ခရီးစဉ် | Jan 20, Feb 10 |
| ★ တောင်ကြီးခရီးစဉ် | Jan 20,Feb 10 | ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် | Jan 20, Feb 10 |

★ အလောင်းတော်ကဿပခရီးစဉ် Jan 20, Feb 10
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

အာရှနဂါး
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ရွှေခေါင်းလောင်း 09 254439128 09 252001228 09 255857899
မြဝတီ-မဲဆောက်-ဘားအံ
(၃)ရက်ခရီး - ၄၀၀၀၀ိ/- (၂၀-၁-၂၀၁၇)
ရွှေစက်တော်ပွင့်ပွဲ-မကွေး-မင်းဘူး
(၃)ရက်ခရီး - ၄၀၀၀၀ိ/- (၃၀-၁-၂၀၁၇)

အနာဂတ်ဘဝခိုင်မာဖို့ အကောင်းဆုံးပြင်ဆင်လိုသော လူငယ်များအတွက်
City & Guilds **Diploma in Engineering (UK NQF Level 3, 4, 5) သင်တန်းများ** City & Guilds
ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ....
Electronic Engineering (New)
Electrical Engineering (New)
Mechanical Engineering (New)
Manufacturing Engineering (New)
(Since 2004)
ရုံးချိန်တွင်း / ရုံးချိန်လွတ်
ထမ်းရွက်သည်
Electrical Installation
Refrigeration & Air Conditioning
Construction Engineering (Civil)
GLORY ၁၃၈/ ၁၃၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com




လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
( ၁ / ၂၀၁၇ )

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်း သုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ) / မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-079(16-17) | Spares for CNG Compressor Cooling System (7) Items | US$ |
| (၂) | DMP/L-020(16-17) | Assorted Kind of Engineering Workshop Tools (3) Groups | Ks |
| (၃) | DMP/L-021(16-17) | Brandt Shale Shaker Screen for NAT; 55 Series (3) Items | Ks |
| (၄) | DMP/L-022(16-17) | Mechanical Seal for Andritz Pump(6)Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို (၂၄-၁-၂၀၁၇ ) ရက် ( ၁၆:၃၀ ) နာရီတွင် နောက်ဆုံးထား၍၊ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း ၊ ၀၆၇ - ၄၁၁၂၀၆ / ၄၁၁၂၇၄

## အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားသည့် (Recruitment Point System) EPS-TOPIK အောင်မြင်ပြီး Skills-Test (ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း)၊ Competency Test (လုပ်ကိုင်နိုင်မှုစွမ်းရည်စစ်ဆေးခြင်း)စာမေးပွဲ အောင်မြင်သူများအတွက် အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံတွင် EPSစနစ်ဖြင့် အလုပ်လုပ်ကိုင်လိုသူများအတွက် မြန်မာနိုင်ငံတွင် ပထမအကြိမ်ဆောင်ရွက်သော အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားသည့် (Recruitment Point System)အရ ကိုရီးယားဘာသာစကား အရည်အချင်း စစ်ဆေးသည့် EPS-TOPIK အောင်မြင်သူများမှ Skills-Test(ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း)၊ Competency Test (လုပ်ကိုင်နိုင်မှုစွမ်းရည်စစ်ဆေးခြင်း)များကို ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်မှ ဒီဇင်ဘာလ ၉ရက်ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းတို့အနက် ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် (ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း) စာမေးပွဲအောင်မြင်သူများအတွက် အလုပ်လျှောက်လွှာ (Job Application Form)များအား ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်မှစ၍ ယှဉ်တွဲပါရက်များအလိုက် ဖော်ပြထားသော EPS-TOPIK စာမေးပွဲခုံနံပါတ်များအတိုင်း နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ လျှောက်လွှာများ စိစစ်ထုတ်ပေးခြင်း/လက်ခံခြင်းများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ဒဂုံမြို့သစ်မြောက်ပိုင်း)တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အပြီးသတ်စာမေးပွဲအောင်မြင်သူတို့၏ လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲ ဖော်ပြပါခုံနံပါတ်များအတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| (က) | ၁၆-၁-၂၀၁၇ရက်နေ့ | ခုံအမှတ် | ၅၀၀၀၀၁ | မှ | ၅၀၂၂၀၉ | ထိ |
| (ခ) | ၁၇-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၂၂၁၂ | မှ | ၅၀၄၅၄၄ | ထိ |
| (ဂ) | ၁၈-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၄၅၄၆ | မှ | ၅၀၇၁၄၆ | ထိ |
| (ဃ) | ၁၉-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၇၁၄၈ | မှ | ၅၀၉၆၈၂ | ထိ |
| (င) | ၂၀-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၉၆၈၃ | မှ | ၅၁၂၄၃၃ | ထိ |

၃။ ကျန်းမာရေးဆေးစစ် အောင်မြင်ပြီးသူများ၏ အလုပ်လျှောက်လွှာများ ပြန်လည်တင်သွင်းခြင်းကို အောက်ဖော်ပြပါ နေ့ရက်များ၌ ယှဉ်တွဲဖော်ပြပါ ခုံနံပါတ်များအတိုင်း လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| (က) | ၁၉-၁-၂၀၁၇ရက်နေ့ | ခုံအမှတ် | ၅၀၀၀၀၁ | မှ | ၅၀၀၉၄၁ | ထိ |
| (ခ) | ၂၀-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၀၉၄၂ | မှ | ၅၀၁၈၃၇ | ထိ |
| (ဂ) | ၂၁-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၁၈၃၈ | မှ | ၅၀၂၇၆၆ | ထိ |
| (ဃ) | ၂၃-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၂၂၇၈ | မှ | ၅၀၃၇၃၅ | ထိ |
| (င) | ၂၄-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၃၇၃၇ | မှ | ၅၀၄၇၅၁ | ထိ |
| (စ) | ၂၅-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၄၇၅၅ | မှ | ၅၀၅၈၇၁ | ထိ |
| (ဆ) | ၂၆-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၅၈၇၅ | မှ | ၅၀၆၉၀၃ | ထိ |
| (ဇ) | ၂၇-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၆၉၀၄ | မှ | ၅၀၇၉၃၃ | ထိ |
| (ဈ) | ၂၈-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၇၉၃၆ | မှ | ၅၀၉၀၄၁ | ထိ |
| (ည) | ၃၀-၁-၂၀၁၇ရက်နေ့ | ။ | ၅၀၉၀၄၂ | မှ | ၅၁၀၁၁၆ | ထိ |
| (ဋ) | ၃၁-၁-၂၀၁၇ရက်နေ့ | ။ | ၅၁၀၁၁၇ | မှ | ၅၁၁၄၀၁ | ထိ |
| (ဌ) | ၁-၂-၂၀၁၇ရက်နေ့ | ။ | ၅၁၁၄၀၃ | မှ | ၅၁၂၄၃၃ | ထိ |

**၄။ လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-**

(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့် ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။
(ခ) ဓာတ်ပုံရိုက်ခြင်းအား စာမေးပွဲစစ်ဆေးခဲ့စဉ်က တင်ပြသည့်ပုံ၊ နိုင်ငံကူးလက်မှတ်ပါပုံနှင့် ယခုတင်ပြသည့်ဓာတ်ပုံတို့ ကွဲလွဲမှုမရှိစေရန် သတိပြုရပါမည်။
(ဂ) ဆေးစစ်ခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

**၅။ အလုပ်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-**

(က) အလုပ်လျှောက်လွှာနှင့် ပတ်စ်ပို့ဓာတ်ပုံ(၆)ပုံ။
(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့်မိတ္တူ။
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ။
(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ (နိုင်ငံကူးလက်မှတ် သက်တမ်းအနည်းဆုံး တစ်နှစ်ကျန်ရှိရမည်။)
(င) ကိုယ်ပိုင်ငွေစာရင်း Bank Account ဖော်ပြရမည်ဖြစ်သဖြင့် နိုင်ငံပိုင်/ပုဂ္ဂလိက ဘဏ်တစ်ခုခုတွင် Passport ပါ အမည်အတိုင်း ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်း စာအုပ်မူရင်း/မိတ္တူပူးတွဲ တင်ပြရန်။
(စ) အိမ်ထောင်စုဝင်ဇယား မူရင်းနှင့်မိတ္တူ။
(ဆ) ပညာအရည်အချင်းအထောက်အထား မူရင်းနှင့်မိတ္တူ။
(ဇ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အထောက်အထားရှိက မူရင်းနှင့်မိတ္တူ။
(ဈ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ။

၆။ အလုပ်လျှောက်လွှာများ ထုတ်ပေးခြင်းနှင့် လက်ခံခြင်းများအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဒဂုံမြို့သစ်မြောက်ပိုင်း)မြို့နယ်၊ ၄၃ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၌ ပြုလုပ်ပါမည်။

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များ၊ တင်ပြသည့်အထောက်အထားများ မှန်ကန်စွာ ဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်။ မမှန်မကန် ဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏ တာဝန်သာဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
-အလုပ်လျှောက်လွှာနှင့်ပတ်သက်၍ သိရှိလိုသော အချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း-၀၁-၆၆၇၇၁၄၊ ၀၁-၆၅၆၈၄၁**

## ကြော်ငြာ

**AL**

## Alex Fashion Designer Group

**အခြေခံဒီဇိုင်းပညာနှင့် ပန်းထိုး၊ စက်ချုပ် ပညာဒါနသင်တန်း**

နိုင်ငံတကာအဆင့်မြင့် ဒီဇိုင်းသီအိုရီများကို ဝါရင့်ဒီဇိုင်နာများမှ ဒီဇိုင်းသီအိုရီနှင့် စက်ချုပ်၊ ပန်းထိုးဒီဇိုင်းများကို အခြေခံမှစ၍ အဆင့်မြင့်ပညာရပ်များကို စာတွေ့၊ လက်တွေ့ နားလည်တတ်ကျွမ်းသည်အထိ သင်ကြားပေးနေပါသည်။ မြန်မာအမျိုးသမီးတိုင်း တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်လုပ်ငန်း အခွင့်အလမ်းကောင်းများ ရရှိစေရန်ရည်ရွယ်၍ အခြေခံဒီဇိုင်း၊ စက်ချုပ်၊ ပန်းထိုး၊ ပညာဒါနသင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၁၃-၁-၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်း နိုင်ပါသည်။

**လူဦးရေကန့်သတ်ထားပါသည်။**

တိုက်(၁၂၀)၊ အခန်း(၂၃)၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (သုခမှတ်တိုင်အနီး)
ဖုန်း-၀၉-၅၁၉၃၀၅၆၊ ၀၉-၇၃၀၁၆၀၈၄၊ ၀၉-၂၅၃၂၃၈၃၃၄၊ ၀၉-၄၅၀၇၀၈၃၈၆

---

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

## ဆရာအာသာ SUCCESS Language Academy

**(မြို့လယ်ကျောင်း)** အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

**Basic English Speaking**
1 - 4:00 (Sat + Sun) 8,29 Jan
7:30 - 9 (Mon ~ Thurs) 9 Jan
9 - 12:00 (Sat + Sun) 21 Jan
10-11:30 (Mon ~ Thurs) 23 Jan
6 - 7:30 (Mon ~ Thurs) 30 Jan

**Basic Four Skills English**
7:30-10:30 (Sat + Sun) 14 Jan
7:30 - 9 (Mon ~ Thurs) 16 Jan
10-11:30 (Mon ~ Thurs) 16 Jan
1 - 2:30 (Mon ~ Thurs) 16 Jan
3:30 - 5 (Mon ~ Thurs) 23 Jan
1 - 4:00 (Sat + Sun) 28 Jan

**Basic Writing**
9 - 12:00 (Sat + Sun) 14 Jan

**Pre-Intermediate (4-Skill English)**
7:30 - 9 (Mon ~ Thurs) 2 Jan
1 - 2:30 (Mon ~ Thurs) 9 Jan
9:30-12:30 (Sat + Sun) 14 Jan
10-11:30 (Mon ~ Thurs) 16 Jan
6 - 7:30 (Mon ~ Thurs) 23 Jan

**Intermediate (Academic English)**
3:30 - 5 (Mon ~ Thurs) 9 Jan
7:30 - 9 (Mon ~ Thurs) 23 Jan
2 - 5:00 (Sat + Sun) 28 Jan

**Vocab Enrichment**
9 - 12:00 (Sat + Sun) 31 Dec
3:30 - 5 (Mon ~ Thurs) 2 Jan

**Basic Grammar**
1 - 2:30 (Mon ~ Thurs) 9 Jan
9 - 12:00 (Sat + Sun) 22 Jan

**လှည်းတန်းကျောင်းခွဲ**
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

**Basic English Speaking**
10-11:30 (Mon~Thurs) 16 Jan
10-11:30 (Mon~Thurs) 30 Jan
3:30 - 5 (Mon~Thurs) 30 Jan
7:30-10:30 (Sat + Sun) 5 Feb

**Basic Four Skills English**
7:30 - 9 (Mon~Thurs) 16 Jan
3:30 - 5 (Mon~Thurs) 16 Jan
1 - 2:30 (Mon~Thurs) 23 Jan
3:30 - 5 (Mon~Thurs) 30 Jan

**IELTS (Preparation)**
7:30-9:30 (Mon~Thurs) 23 Jan
1 - 3:30 (Mon~Thurs) 30 Jan

**IELTS (Speaking + Vocab)**
7:30 - 9 (Mon~Thurs) 23 Jan

**Basic Grammar**
1 - 2:30 (Mon~Thurs) 9 Jan
7:30-10:30 (Sat + Sun) 29 Jan

**Pre-Intermediate (4-Skill English)**
10-11:30 (Mon~Thurs) 9 Jan
3:30 - 5 (Mon~Thurs) 16 Jan
12 - 3:00 (Sat + Sun) 28 Jan

**Intermediate (Academic English)**
7:30 - 9 (Mon~Thurs) 16 Jan

**IELTS (Preparation)**
4:30-7:30 (Sat + Sun) 7 Jan

**IELTS (Writing+Grammar)**
12:30-3:30 (Sat + Sun) 28 Jan

**IELTS (Reading + Vocab)**
10-12:00 (Mon~Thurs) 30 Jan

**IELTS (Writing+Grammar)**
7:30 - 9 (Mon~Thurs) 23 Jan






## (၁၉)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
(ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး)
## ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်(ငြိမ်း)

တုနှိုင်းမမီသော အနန္တကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်ခဲ့တာ ယနေ့ ၉-၁-၂၀၁၇ ရက်မှာ (၁၉)နှစ်တိတိပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေရဲ့ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှမမေ့မရပါ။ ပေးဆပ်၍မကုန်နိုင်တဲ့ ဖေဖေရဲ့အေးမြလှသော မေတ္တာတရားကျေးဇူးများကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့(၁၉)နှစ်ပြည့်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ပြုလုပ်သည့် အလှူဒါန၊ ကောင်းမှုကုသိုလ်အစုစုများကို ဖေဖေ့အား အမျှပေးဝေပါသည်။

မြင့်မြတ်အေးချမ်းသောဘုံဘဝမှာ သာစုခေါ်ပါ ဖေဖေ-

ချစ်ဇနီးသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းနှင့်
ချစ်သားသမီး၊ မြေးတစ်စု

---

### " အမြန်ရောင်းမည် " (ပွဲစားမလို)

| | | | |
|---|---|---|---|
| ၁။မရက၊(၈)မိုင်လမ်းဆုံနီး | (90x90) | 1RC | 11900L |
| ၂။ဗဟန်း၊ရွှေတောင်ကြား | (2400Sqft) | 2RC | 8300L |
| ၃။သုဝဏ္ဏ၊VIP-I | (40x63) | မြေ.∠ကွက် | 4300L |
| ၄။တ/ဥ၊မေတ္တာလမ်းမ | (20x60) | 2BN | 2990L |
| ၅။မရက၊လေဆိပ်လမ်းနီး | (55x100) | မြေ | 2900L |
| ၆။ရက၊သစ္စာလမ်းအနီး | (20x80) | 2½RC | 2800L |
| ၇။မ/ဒဂုံ၊(၃၅)ရပ်ကွက် | (42x60) | မြေ | 890L |

01 510600,09 5185534, 09 5040160, 09 5173690

---

### ဝန်ထမ်းအလိုရှိသည်
ကွန်ပျူတာကျွမ်းကျင်
(ကျား/မ-၂)ဦး
၁) Graphics ကျွမ်းကျင်ရမည်။
၂) အင်္ဂလိပ်-မြန်မာ လက်ကွက် ကျွမ်းကျင်ရမည်။

အမှတ် (11/A) [illegible]

---



## Thu Maung Luxury Condominium

85% Completed
Unit A (1870)sqft
Unit B (1960)sqft

Facility
-Ground Floor Car Parking
-Elevator
-Pile Founation
-CCTV Security System
-Fire Fighting System

ရောင်းရန် (6) ခန်းသာ ကျန်တော့သည်။

လေးထောင့်ကန်လမ်းမ၊ UAB BANK အနောက်ဘက်၊ Za Wa Na Shopping Center, Orange Supermarket နှင့် သုဝဏ္ဏအားကစားကွင်းအနီး။

Contact
-Dr.D.Singh (Ph-09260747810)
-Dr.ဝသန္တ (Ph-09254271997)
- စိုးမိုးအောင် (Ph-09797628605)

---

မဟာ SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

---

GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59

---

### ဦးသိန်းဟန်၏သမီး ဒေါ်စန်းစန်းမော်[၆/မအရ(နိုင်)၁၁၃၁၈၅]နှင့် အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သူ‌ဌေးလမ်း၊ အမှတ်(၉)၊ ၅-လွှာ(ခြေရင်းခန်း)နေ ဦးပုကြည်၏သား ဦးမင်းမင်းဇော်[၆/မအရ(နိုင်)၀၀၀၅၅၂]၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

၅-၈-၂၀၁၄ ရက်တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သူဌေးလမ်း၊ အမှတ်(၉)၊ ၅-လွှာ(ခြေရင်းခန်း)နေ ဒေါ်စန်းစန်းမော်သို့ ဦးမင်းမင်းဇော်က အထွေထွေကိုယ်စားလှယ်လွှဲစာကို Notary Public ဦးလှဝင်းရွှေ့မှောက်၌ [Doc:No.098/N] ဖြင့် လွှဲအပ်ခဲ့ပါသည်။

ဦးမင်းမင်းဇော်က အထက်ပါအထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ရုပ်သိမ်းကြောင်း ဒေါ်စန်းစန်းမော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးထင်အောင်(စဉ်-၃၀၇၈)
ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)
ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)
တရားလွှတ်တော်ရှေ့နေများ

ဒေါ်ဟေမာန်ဦး(စဉ်-၃၅၆၅၆)
အထက်တန်းရှေ့နေ

အမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၆၄၀၆၊ ၀၉-၇၉၅၉၂၆၇၃၅

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကျောက်တံခါးမြို့နယ်၊ တွံ့ဖက်မြို့နယ်တရားသူကြီးရုံး
၂၀၁၆ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၈၀

| | | |
|---|---|---|
| ဒေါ်ရာဂျ်ကူမာရီ | နှင့် | ၁။ ဦးဘာနူပရာသပ် |
| | | ၂။ ဦးဟာရီကျန် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သာစုကန်အုပ်စု၊ ကီလာအနောက်ရွာနေ (၂) တရားပြိုင် ဦးဟာရီကျန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

